www.burmeseclassic.com



ခြံနံးရမ်းမိုး

မည်မျှခြင်းရဲ့တစ်ဖက်ဆီမှာ

www.burmeseclassic.com

www.burmeseclassic.com

ရွှန်းရေမိုး



မညီမျှခြင်းရဲ့တစ်ဖက်ဆီမှာ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း ... ဒုန်း"

"မိုးလေ ငါနောက်ဖေးက အသံကြားသလိုပဲ"

"အေး ... ငါလည်းကြားတယ်၊ ဒီပါ သွားကြည့်လိုက်ပါကွာ"

"မင်း သွားကြည့်ပါလား"

ကိုယ့်အခန်းမှာ တနင်္ဂနွေ ကိုယ်အလုပ်မဆင်းရတဲ့ နေ့တွေပဲ အေးအေးလူလူ နားရတာမို့ မိုးလနဲ့ ဒီပါ ဖိမ်ယူနေတုန်း နောက်ဘက်က အသံကြားရတာပါ။

"ဒုန်း"

"ဟာ ... ဒီပါ၊ သွားကွာ"

"မသွားရဲဘူးကွ၊ သရဲလား မသိဘူး"

"မင်းကြီးတော်က နေ့ခင်းကြောင်တောင် ခြောက်မလားကွ"

www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း ... ငါ့ကြီးတော်က မသေသေးဘူး၊ ဖြစ်ခြင်း ဖြစ် မင်းကြီးတော်ပဲ ဖြစ်လိမ့်မယ်၊ မင်း သွားတွေ့"

"ဒုန်း"

"ဟာကွာ"

နှစ်ယောက်သား ငြင်းခုန်နေတုန်း အသံက အဆက် မပြတ် ထွက်လာတာကို မိုးလက နောက်ဖေးကို ထပြေးတော့သည်။

"ဟာ ... ကြောက်ပြီ"

"ဘာလဲ၊ ဘာဖြစ်တာလဲ"

လှေကားက ဖျတ်ခနဲ ဆင်းသွားသော အရိပ်တစ်ခု။ အရေးပေါ်ကြောင်လိမ်လှေကားက သက်တမ်းကြာပြီမို့ သံချေး အထပ်ထပ် ဖြစ်နေပြီ။ ထိုလှေကားပေါ်ကို မကြောက်မရွံ့ တက်ရဲတာ ဘယ်သူဖြစ်ဦးမလဲ၊ အောက်ထပ်က ဂျမ်းတောပဲပေါ့။

ဟုတ်တယ်၊ ဂျမ်းတောဟု နှစ်ယောက်သား နှစ်ဦး သဘောတူ နာမည်ပေးထားသော အကြီးမ။ အကြီးမဆိုတာက အောက်ထပ်မှာ ညီမနှစ်ယောက်နဲ့ သူတို့ကြီးတော်ကြီးသာနေတာ မို့ ယောကျ်ားဘသား မရှိရှာသော မိသားစုမှာ ထိုအစ်ကြီးမဟာ သူပဲ နေရာတကာ စွာစွာတတ် ဂျမ်းတောမ လုပ်တတ်လွန်းလို့ ဂျမ်းတောလို့ နာမည်ပေးထားရတာပါ။

ခုလည်း သူတို့အပေါ်ထပ်ကို နောက်ဖေးလှေကားက နေ မကြောက်မရွံ့တတ်လာပြီး မိုးလ နှစ်သက်တဲ့ နှင်းဆီဖြူပင် အိုးကို ကိုင်ပေါက် ပေါက်ခွဲသွားတာ။ ပန်းအိုးတစ်အိုးလုံး အိုး တခြား မြေကြီးတခြား ပန်းပင်တခြား နှင်းဆီဖြူပွင့်လေးခမျာ ကြွေမွလို့။

ဒါ တမင်ပညာတက်ပြသွားတာ။ မိုးလ ပန်းပင်ရေ လောင်းရင် အောက်ထပ်ကို ရေကျလို့ ဖြစ်ရမည်။ ရက်စက်လှတဲ့ ဂျမ်းတောမ။

အခြေအနေကို ရိပ်မိလိုက်ပြီဖြစ်တဲ့ မိုးလတို့နှစ်ဦး ဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မိုးလက ဒေါသတွေ ဖြစ်လာကာ ဒီပါကတော့ ပြိုးစိစိ စပ်ဖြဲဖြဲ ဖြစ်လာခဲ့ပြီး မိုးလရဲ့ဒေါသကို ရိပ်မိကာ ရယ်လည်း မရယ်ချလိုက်ရဲတဲ့ ပါးစပ်က ဖွင့်မလို ပိတ်မလို ဟစ် ဟစ် ဖြစ်နေသည်။

"ငါ သွားပြောမယ်"

"တော်ပါကွာ၊ သူတို့အထပ်ကို ရေကျလို့ ဖြစ်ပါလိမ့်မယ်။ ပြီးတော့ သူက တခြားသူမှ မဟုတ်တာ၊ မင်း သိပ်ချစ်လှ ပါချည်ရဲ့ဆိုတဲ့ ဂျမ်းတောမလေ"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြောင့် စိတ်ကပိုတိုတာ"

"ဗုဒ္ဓါရေ ... ချစ်သူဖြစ်နေလို့ စိတ်ပိုတိုတယ်ဆိုတာ မင်း တစ်ယောက်ပဲ ရှိမယ်ထင်တယ်"

"ဟုတ်တယ်လေ၊ ဒီပန်းအိုး ဝယ်လာကတည်းက ငါ ဘယ်လောက် မျှော်လင့်ချက်ထားခဲ့သလဲ၊ မင်း အသိဆုံး။ ပြီးတော့ ဒီပန်းပွင့်ရင် သူ့ကိုပေးဖို့ ရည်ရွယ်ထားတာလည်း မင်း အသိဆုံး။ ခုတော့ သွားပြီ"

"အဲဒါ ... မင်း ဘယ်လိုသွားပြောမှာလဲ ပြော၊ ငါ မင်း ကိုပေးမယ့်ပန်းကို ဘာလို့ ချေပစ်တာလဲလို့ ပြောမလို့လား."

"ခုမှ အဲလိုပြောလို့ ရတော့မလားကွာ၊ ဘာပဲဖြစ်ဖြစ် သူ တစ်ပါးပိုက်နက်ကျူးလွန်ပြီး သူတစ်ပါးပစ္စည်းကို လာ ဖျက်ဆီးသွားတာကိုတော့ ငြိမ်ခံလို့ မရဘူး၊ သွားပြောရ မယ်"

မိုးလက ပြောပြောဆိုဆို အောက်ထပ်ကို ဆင်းသွား ပြီး တံခါးသွားခေါက်သည်။ တံခါးဖွင့်လာပြီး သူကမှ မပြောရသေး ခင် ...

"ဘာလဲ ... ဘာကိစ္စလဲ၊ ပန်းအိုးကိစ္စလား၊ ရှင့်ပန်းအိုးကို ရေလောင်းတိုင်း ဒီအောက်ကို ရေကျတာ မကျေနပ်လို့ ခွဲပစ်တာ ရှင်းလား၊ ဘယ့်နယ် သစ်ပင်စိုက်ချင်ရင် ခြံနဲ့ ဝင်းနဲ့ သွားစိုက်ပေါ့တော်၊ ခုတော့ ခြောက်လွှာပေါ် တက်နေပြီး ဝရန်တာထွက် သစ်ပင်စိုက်ရတယ်လို့ စိုက် လည်း လွတ်လွတ်လပ်လပ် သူများကို မထိခိုက်အောင် စိုက်ပေါ့၊ ခုတော့"

ပြောပြီးတာနဲ့ တံခါးကို ဂျိမ်းခနဲမြည်အောင် ပြန် ပိတ်သွားသည်။ မိုးလ ဘာမှမပြောလိုက်ရပါ။

www.burmeseclassic.com

www.burmeseclassic.com

"သက်ညှာရယ်၊ ညည်းကလေးက သိပ်ပြဿနာရှာတာပဲ၊ ကိုယ့်မှာ မိန်းကလေးတွေချည်းပဲ နေရတာ၊ ပတ်ဝန်းကျင်နဲ့တည့်အောင်ပေါင်းမှပေါ့၊ ခုတော့ ရှေ့ခန်းနဲ့ဖြစ်လိုက်၊ အောက်ထပ်နဲ့ဖြစ်လိုက်၊ အပေါ်ထပ်နဲ့ဖြစ်လိုက်နဲ့ ညည်းပြဿနာရှာပြီးတိုင်း ငါနဲ့ သတ်ပုံမှာလိုက်ပြီး ပြိုးပြရတာအမော"

"ကြီးကြီးတို့က အဲဒါခက်တာပေါ့၊ ညှာက တမင်အကြောင်းမဲ့ ပြဿနာရှာတာမှ မဟုတ်တာ ကြီးကြီးရဲ့၊ ကိုယ့်ကို ကျောတယ်ထင်လို့ အကျောမခံတာ ပတ်ဝန်းကျင်ဆိုတာက မိန်းကလေးတွေချည်းပဲဆိုပြီး အထင်တသေးနဲ့ သွေးတိုးစမ်းချင်ကြတာ"

"အေး ... အဲလို ညည်းပဲသိ ညည်းပဲတတ် လုပ်တိုင်းမပြောခဲ့တာ၊ အခုဟာက အပေါ်ထပ်နဲ့ပါ ထပ်ဖြစ်တယ်၊ ရေကျရင်လည်း အေးအေးဆေးဆေး ပြောပေါ့၊ ဘာလို့ သူများပစ္စည်းကို သွားဖျက်ဆီးရတာလဲ"

"ပြောလည်း ထပ်လုပ်မယ့်ရုပ်တွေ"

"သက်ညှာနော် ပြောလေကဲလေ မလုပ်နဲ့နော်၊ ညည်းနဲ့ကလေ တိုက်ခန်းနဲ့နေလို့ မရဘူး၊ ခြံနဲ့ဝင်းနဲ့ ရှာဝယ်မှကို ဖြစ်တော့မယ်"

"ကောင်းတယ်၊ ညှာလည်း တိုက်ခန်းနဲ့ မနေချင်ပါဘူးနော်"

ကြီးကြီးက လက်မြှောက်လိုက်ပုံဖြင့် မီးဖိုထဲ ပြန်ဝင်သွားသည်။ အေးဆေးသော သတ်ပုံကတော့ ကွန်ပျူတာရှေ့ထိုင်ပြီး Game ကစားနေသည်။ သူမတို့ ပြောနေတာတွေကို မကြားသည့်အလား။

"သတ်ပုံ ... ကျူးရှင်မသွားဘူးလား။ တစ်နေ့ တစ်နေ့ အဲဒီ Game ပဲ ကစားနေ၊ ငါ့ကွန်ပျူတာက ငါအလုပ်လုပ်ရတယ် မရှိဘူး၊ သူ Game ကစားဖို့ ဝယ်ပေးထားတာကျနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာကွာ၊ မညှာတို့အိမ်မှာနေရင် သိသာသလား မမေးနဲ့။ သူ အလုပ်သွားတာပဲ ကောင်းတယ်"

သတ်ပုံက ပွစိပွစိနဲ့ အခန်းထဲဝင်သွားပြီး ကျောပိုးအိတ်ထဲ တွေ့ကရာစာအုပ် ပစ်ထည့်ကာ အပြင်ကို ခြေလှမ်းပြင်သည်။

"ဒါက ဘယ်လဲ"

"ကျူရှင်"

"အေး ... ငါပြောမှ ကျူရှင်သွားတာလေ၊ ငါမပြောရင် တစ်နေကုန် Game လိုပြီးမှာ မဟုတ်ဘူး"

သတ်ပုံက အပြေးတစ်ပိုင်းကို အနားက ထွက်သွားသည်။

"အဲဒါပဲ၊ ပြောတော့သာ ပြောတယ်ဖြစ်တာ၊ ပြောတာသာ လူကြားတာ ပြောအောင်လုပ်တာကျတော့ လူမသိကြဘူး"

သက်ညှာ တစ်ကိုယ်တည်း ပွစိပွစိလုပ်နေသဖြင့် ကြီးကြီးကလည်း နောက်ထဲကနေ လုံးဝကို ထွက်မလာတော့ပါ။ မီးဖိုထဲမှာပဲ ဟင်းတစ်မျိုးပြီးတစ်မျိုး ထိုင်ချက်နေလိုက်သည်။

ဒီတူမလေးဟာ မိသားစုကို ဦးစီးဦးဆောင် ပြုနေတာလည်း အမှန်ပါ။ ဒါပေမဲ့ သေးသေးလွန်လွန် သူ့ပါးစပ်ကလေးနဲ့ ဗလစ် ဗလစ် လုပ်တာက တော်တော်ဆိုးရွားတာပင်။

ဒီတူမလေးနှစ်ယောက်ဟာ အကြီးမ သက်ညှာ ဆယ်တန်းအောင်သည့် နှစ်မှာပင် မိဘနှစ်ပါးစလုံး သဘော်မှောက်သည့်အထဲ ပါသွားပြီး မိဘမဲ့ ဖြစ်ရရှာသည်။

မိမိမှာက သားထောက်သမီးခံ မရှိဘဲ အပျိုကြီးဘဝဖြင့် လူဝတ်ကြောင် စွန့်ပြီးကာမှ ဒီကလေးနှစ်ယောက်အတွက် အမှုမငြိမ်းနိုင်ဘဲ ရှုပ်ထွေးပွေလီလှတဲ့ လူမှုဘဝတွေထဲ ပြန်ဝင်လာကာ ဒီကလေးတွေကို လာစောင့်ရှောက်ရတာပင်။

ခုတော့ သက်ညှာပင် ဗိသုကာပညာရှင်တစ်ယောက် ဖြစ်ခဲ့ပြီ။ သက်ညှာနှင့် အသက်ခုနစ်နှစ်ခန့်ကွာသော အငယ်လေး သတ်ပုံပင် ဆယ်တန်းအောင်ပြီးပြီ။

"ကြီးကြီး"

"ဟဲ့ ... ပလုတ်တုပ်"

"ဘာတွေ တွေးနေတာလဲ ကြီးကြီးရဲ့"

"ညည်းတို့အကြောင်းကလွဲပြီး ကျွပ်မှာ ဘာတွေးစရာရှိမှာလဲ ဒေါ်သက်ညှာရယ်"

www.burmeseclassic.com

www.burmeseclassic.com

"သမီး အပြင်သွားမလို့ ကြိုးကြိုး၊ City Mart မှာ လိုတာလေး ဈေးသွားဝယ်လိုက်ဦးမယ်၊ ကြိုးကြိုး ဘာမှာဦးမလဲ"

"စပျစ်ခြောက်ဝယ်ခဲ့ဦး၊ ကုန်နေပြီ"

"ဟုတ် ... ဒါပဲလား"

"အေး ... စောစောလည်း ပြန်ခဲ့ဦးနော်၊ ညနေကြိုးကြိုး ဘုရားသွားချင်လို့"

"ဟုတ် ... ကြိုးကြိုးနဲ့ သတ်ပုံအဆင်သင့် လုပ်ထားလေ၊ ညာ ပြန်လာရင် သွားကြမယ်"

ကားသော့ဆွဲပြီး အပြင်ကို ထွက်လာတော့ အပေါ်ထပ်က လူ့ခွစာ ကိုပန်းကြိုက်နဲ့တွေ့သည်။ အမယ်လေး ... သူမ ကိုမြင်တော့ စားမလို ဝါးမလို ဒေါသတစ်ထောင်ထွက်နေသော ရုပ်ကြီးနှင့်။ ဘယ်ရမလဲ သက်ညာကို ဒီလို လာချိုးရင် သက်ညာရဲ့မျက်စောင်းကလည်း အကြောင်းသုံးပါး မရွေးတတ်။

"ဟင်"

သက်ညာ နောက်ဖေးဝရန်တာမှာ ခုနတင် အဝတ်တွေ ထွက်လှမ်းထားခဲ့သည်။ အဝတ်တွေဆိုတာက ဂွမ်းကပ်ထူထူတွေ နေရောင်ပြရုံလှမ်းတာ ခုတော့ ခွဲခွဲနစ်နေပါပေါ့။

အပေါ်ကို မော့ကြည့်လိုက်တော့ ဘုရားပင် တ,ရ မတတ် အပေါ်ထပ် ဝရန်တာ တစ်ခုလုံးဟာ ပန်းပင်မျိုးစုံ စိမ်းလန်းစိုပြည်လို့။

ဒီတစ်ခါတော့ နောက်ဖေးလှေကားကို အသုံးမချတော့။ ရှေ့ဘက်ကနေ ပတ်ထွက်ပြီး အပေါ်ထပ်တံခါးကို ဝုန်းဒိုင်းကြဲအောင် ထုပစ်သည်။

တံခါးကို တော်တော်နှင့် လာမဖွင့်၍ သူမ ဒေါသတကြီး ထပ်အထု မိုးလကလည်း တံခါးကို အဖွင့် သက်ညာရဲ့ အင်ပြည့် အားပြည့် လက်သီးက မိုးလမျက်ခုံးရိုးနှင့် မိတ်ဆွေဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... တောက်၊ မင်းကွာ မိန်းကလေးမို့လို့"

"ရှင်က ဘာလုပ်ချင်သေးလို့လဲ၊ ဒီမှာ ရှင် လူစိတ်ရောရှိရဲ့လား၊ ရှင် အပေါ်ကနေ စိုက်ချင်ရာအပင်စိုက်ပြီး ရေလောင်းချနေသရွေ့ အောက်မှာ စိုစွဲနေရတာ အကြိမ်ကြိမ် ဖြစ်လာပြီ။ ခုလည်း ကျွန်မ ဂွမ်းကတ်တွေ ထုတ်လှမ်းထားတာ စိုကုန်ပြီ"

"ဆောရီး"

"ဆောရီးရုံနဲ့ ရမလား၊ နောက်မလုပ်ပါဘူးလို့ ရှင် တောင်းပန်စမ်း"

"ဟာ ဟ ... မင်း ငါ့ပန်းအိုးကို တက်ခွဲသွားတုန်းက ဆောရီးတောင် မပြောခဲ့ဘူးလေ အမိရဲ့၊ လောဘကြီးလှချည်လား"

"ရှင်မှားလို့ ရှင်ခံရတာလေ၊ ရှင့်ရေတွေကျလို့ လုပ်တာပဲ"

"အေးလေ ... ခုလည်းလုပ်ပေါ့၊ သွားခွဲသွား၊ ဒါပေမဲ့ သတိတော့ထားနော်၊ ငါ့ပန်းအိုးနား မသမာသူ အဖျက်သမားတွေ ကပ်မှာစိုးလို့ သံဆူးကြိုးတွေနဲ့ကို ကာထားသေးတာ၊ စူးရင် တာဝန်မယူဘူး"

ပြောပြီး တံခါးပိတ်သွားသည်။ ညှာ့မှာ ဒေါသတွေ တစ်ပုံတစ်ခေါင်းနဲ့ ထိုအခန်းရှေ့မှာ သက်ရှိကျောက်ရုပ်ကြီးပမာ။ မျက်လုံးနှစ်ဖက် ပြူးထားပြီး ပါးကြီးဖောင်းလောက်အောင် အသက်ရှူတွေ မြန်နေရသည်။

မိုးလက ချောင်းကြည့်ပေါက်ကနေကြည့်ပြီး သဘောတွေကျနေ၏။ ပြီးတော့ CD Player ရှေ့ပြေးကာ အပေါ်ထက်နဲ့ အောက်ထပ်ဇာတ်လမ်းသီချင်းကို အကျယ်ကြီး ဖွင့်ပစ်လိုက်သည်။

ညှာက တံခါးကို သဲကြီးမဲကြီး မျက်စောင်းထိုးပြီး ဆင်းသွားသည်။

ခဏနေတော့ မိုးလရဲ့အခန်း ခေါင်းလောင်းကြိုး အဆွဲခံရသည်။ အောက်မှာ ရုပ်ကွက်လူကြီးတွေ။ ဘုရား ... ဘုရား။ ဒီလိုနဲ့ မိုးလ ရက်ကွက်ရုံးရောက်ပြီး ခံဝန်ကတိ လက်မှတ်ထိုးလိုက်ရ၏။

နောင်ကို အလားတူဖြစ်ရပ်မျိုး မဖြစ်စေရပါဟုလေ။ နောက်တော့ မိုးလရဲ့ဝရန်တာက ပန်းအိုးလေးတွေ တဖြည်းဖြည်း သွေ့ခြောက်ညှိုးရော်သွားကြရာပေါ့။

"နေနှင့်ဦးပေါ့ မြဲသက်ညှာရယ်"

www.burmeseclassic.com

www.burmeseclassic.com

ဒီပါက လှောင်ပြိုးတစ်ဝက်ဖြင့် ...

"တော်ပါတော့ မိုးလရာ၊ မရွာဘဲ ခြိမ်းမနေစမ်းပါနဲ့၊ ပြိုးရင် မင်းပဲ ခံရပြန်တာပဲ"

"ငါ မလုပ်ရက်လို့ယါကွာ၊ ညစ်ချင်ရင် ညစ်စရာတွေ အပုံကြီး။ ဒါပေမဲ့ တစ်ဖက်တစ်လမ်းက ပြန်ကြည့်ရင် သူက ငါ အမြင်ကတ်ကတ်နဲ့ ချစ်ရတဲ့သူ ဖြစ်နေပြန်တယ်လေ၊ အဲဒါကြောင့် လျှော်ထားစာပါကွ"

"သိနေတယ်လေ"

"သူ့အဒေါ်ကြီးကတော့ ငါတို့ကို အားနာနေပုံပဲကွ"

"အေး ... အဲဒီအဒေါ်ကြီးက Key ပဲလေ၊ သူ့ကို ဝင်လုံးထားရမယ်၊ ပြိုးတော့ သူ့ညီမလေးရောပဲ"

"မင်းကလည်းကွာ၊ သူ့အဒေါ်ရော ညီမပါ ဒီလောက် သူ့သြဇာညောင်းတာ၊ အဓိက,က သူပဲ၊ သူကိုက ဒဲ့ဝင်လို့ရမှာ မဟုတ်ဘူး၊ ဒီတော့ ဘေးတိုက်ဖြတ်ဝင်ရမယ်၊ မိုးလပါကွာ၊ မိုးလကြောင့် ရကိုရရမယ်၊ သူ့ကို ပြဿနာများများရှာပေးရမယ်၊ ပြိုးရင် ငါတို့နှစ်ယောက်က ပြဿနာတွေနဲ့ပဲ နိုးစပ်သွားစေရမယ်၊ အဲဒီတော့ကာ ..."

"ဒီတစ်ခါ ပန်းပင်ထပ်စိုက်၊ ရေထပ်လောင်းရင်တော့ မင်း ရုပ်ကွက်ရုံး ရောက်မှာနော်၊ ငါပါရော သိကွာကျမှာတော့ မလုပ်ပါနဲ့ကွာ၊ ဒီအခန်းက ရုပ်ကွက်ရုံးကို ခဏခဏ သွားရတယ်ဆိုပြီး နာမည်ကြီးနေပါ့မယ်"

"ကျတ် ... နည်းဟောင်းကြီးတော့ သုံးပါ့မလား၊ ဒီတစ်ခါ တစ်ကွက်အသစ်ရွေ့မှာ"

မိုးလဟာ သူ ကြုံဝါးနေသလို အကွက်သစ် မရွေ့လိုက်ရသော ရာသက်ပန် ပြဿနာထုပ်နှင့် မျက်နှာချင်းဆိုင်လိုက်ရသောအခါ ...။

www.burmeseclassic.com

www.burmeseclassic.com

"အား ... အိမ်မှာ မည္ဟာရှိရင် နားကိုငြီးတာ၊ တော်ပြီ ကျူရှင်ပဲ သွားတော့မယ်"

"ခုနကတော့ စောသေးတယ်ဆို"

"အခု မည္ဟာဆူနေတာနဲ့ အချိန်ပြည့်သွားပြီ၊ သွားရတော့မယ်"

"ငါ လိုက်ပို့မယ်"

ပြောပြောဆိုဆို သက်ညာက ကားသော့ဆွဲတော့ ...

"ဟာ ... လိုက်မပို့နဲ့၊ မပို့ပါနဲ့၊ ကားပေါ်မှာ နားငြီးရမှာ ထက်စာရင် Bus တိုးစီးတာကမှ စိတ်သက်သာသေးတယ်"

ပြောပြီးတာနဲ့ သတ်ပုံက ပြေးဆင်းသွားသည်။ သက်ညာ ဘာမှပြောချိန်မရလိုက်ခင် သတ်ပုံက အောက်ထပ်ရောက်သွားပြီ။ ကြိုးကြိုးက ထမင်းစားခန်းဘက်မှ ထွက်လာပြီး ...

"သတ်ပုံရော ညာ"

"ကျူရှင်သွားပြီ ကြိုးကြိုး၊ ညာ ဆူနေလို့ ဆင်းပြေးသွားတယ်လေ၊ ဟွန်း ... ကားနဲ့လိုက်ပို့ပါမယ် ဆိုတာတောင် ကားပေါ်မှာ ဆက်ဆူမှာစိုးလို့တဲ့ ဒီတိုင်း သွားလေရဲ့"

"သတ်ပုံ ... နင်ဟာလေ၊ အမှတ်ကို မရှိဘူး၊ စနေတနင်္ဂနွေရောက်တာနဲ့ ဂိမ်းဆော့ဖို့ပဲ စဉ်းစားနေတာပဲ၊ ကျူရှင်မရှိဘူးလား"

"ကျူရှင်ချိန်က စောသေးလို့ပါ မည္ဟာရယ်၊ ခဏတဖြတ်ဆော့တာပါ"

"စောရင် စာကျက်ပါလား၊ ကျောင်းတွေဖွင့်ရင် ကျောင်းစာတွေနဲ့ နပန်းလုံးရတော့မယ်၊ အခုချိန်မှာပဲ အပြင်သင်တန်းကစာတွေ အေးအေးလူလူ ကျက်ချိန်ရှိတာ၊ သတ်ပုံနော် ငါ မပြောချင်လို့ ကြည့်နေတာနော်၊ တနလင်္ဂာကနေ စနေနေ့ဝက်အထိ ငါ ကုမ္ပဏီသွားနေတာ၊ အဲဒီအချိန်တွေဆိုလည်း သတ်ပုံတို့ လွတ်လပ်ရေးပဲ၊ တစ်ချိန်လုံး Game ဆော့နေမှာ ငါမသိဘူး ထင်နေလား"

www.burmeseclassic.com

www.burmeseclassic.com

"အင်း ... ညာ့ကို ပြောရဲ့မယ်နော်၊ ညာက သတ်ပုံလေးကို သိပ်ပြီး ပူပူဆူဆူ မလုပ်ပါနဲ့ကွယ်၊ သူ့ဘာသာ အိမ်ကပ်ပြီး ငြိမ်နေတဲ့ ဆယ်ကျော်သက်က ညာလုပ်တာနဲ့ အပြင်မှာ ပျော်သွားမှာ စိုးလို့ပါ၊ ဘာပဲဖြစ်ဖြစ် ဒီမြို့ကောင်ပေါက်အရွယ်ဆိုတာ ပိုးဖလံတွေလေ၊ မီးကို ပူတယ်ပြောလည်း ယုံမှာမဟုတ်ဘူး တိုးကြည့်ချင်တာ၊ အဲဒါကိုမှ မီးကို မတိုး,တိုးချင်အောင် မီးကို သတိမရ,ရအောင် သတိပေးမိသလို ဖြစ်နေမှာစိုးလို့ ညာရေ၊ တစ်ခါတလေ ကျတော့ ကိုယ်ချစ်တာက နှစ်သလို ဖြစ်သွားတတ်တယ် ညာ၊ သိပ်ပြီး ပူပူဆူဆူ မလုပ်ပါနဲ့ညာရယ် ... နော်၊ ညာက အသက်အရွယ်ရော အသိဉာဏ်ပါ ကြွယ်ဝပြီးသားဆိုတော့ သတ်ပုံလေးအတွက် စိတ်ပူတယ် သမီးရယ်နော်"

သက်ညာက တွေတွေဝေဝေ စဉ်းစားနေပြီးမှ ...

"ဟုတ်ကဲ့ ကြိုးကြိုး၊ ညာ သဘောပေါက်ပါတယ်"

ထို့နောက် သက်ညာက ညီမဖြစ်သူနဲ့သူမ အတူအိပ်သော အိပ်ခန်းထဲကို ဝင်လာလိုက်ပြီး သတ်ပုံရဲ့စာကြည့်စားပွဲ

မှာ ဝင်ထိုင်ကာ ဘာရယ်မဟုတ် ညီမလေးရဲ့စာအုပ်တွေကို စိစေးနေမိသည်။

စားပွဲပေါ်မှာ ညီမဖြစ်သူ မှန်သတ်ပုံကို ကြည့်လင်သောအပြုံးကလေးနှင့် တွေ့ရသည်။ ထိုပုံလေးက သတ်ပုံ ဘယ်နှစ်သမီးက ပုံလေးရယ်။ ညီမလေးအကြောင်း စဉ်းစားရင်း ဆွားလေသူ ဖေဖေနဲ့မေမေကိုပါ သတိရမိသည်။ မေမေတို့သာရှိရင် သူမ ဒီလိုတွေးပူနေစရာ လိုမည်မထင်ပါ။

"ဒေါက်"

ဟင် ... ညီမလေးရဲ့ ဖိုင်ထဲက် ထွက်ကျလာသော ကတ်ကလေးတစ်ခု။ အပြာရောင်မှာ အသည်းပုံလေးတွေ အများကြီးပါသော ကတ်ကလေး။

"ချစ်သောမှန်မှန် ထာဝရပျော်ရွှင်ပါစေ"

ဘုရားရေ ... ဘာဖြစ်တာလဲ၊ ညီမလေးမှာ စိတ်ဝင်စားရမယ့်သူ ရှိနေပြီလား။ သွေးနားထင်တို်က်ဆောင့်သည့် ခံစားချက်ကို ပထမဆုံး ခံစားဖူးလိုက်ပြီ။

"မှန်မှန်" ဆိုပါလား၊ အောက်မှာ ပုံမလာပန်းမကျ လက်မှတ်တစ်ခုနှင့် လက်ရေးခပ်စုတ်စုတ်။ အမည်နာမတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ် ... ကြီးကြီး ကောင်းသလိုသာ စီစဉ်ပါတော့ ကြီးကြီးရယ်၊ ညှာ ခေါင်းတွေတောင် ကိုက်လာပြီ။ ကောင်းစားစေချင်လို့ ရွေဘုံပေါ် တင်ပေးတာကို မြင့်တယ်ဆိုပြီး ခုနစ်ချချင်နေပြီလား မသိပါဘူး"

"တစ်ခါတလေကျတော့လည်း ရွှေငွေစိန်တွေထက် စိတ်ချမ်းသာဖို့က ပိုပြီးအရေးကြီးတာ ညှာရဲ့၊ လူတစ်ယောက်ဟာ ဘာစိတ်အနှောင့်အယှက်မှ မရှိဘူးဆိုရင် ဘယ်နေရာမဆို ပျော်မှာပဲ၊ ကန္တာရမှာစိန်တုံးကြီး ဖက်ထားရတာထက် စာရင် အိုအေစစ်မှာ စမ်းရေတစ်ပေါက် သောက်နေရတာကို ပိုပြီးလိုချင်ကြတတ်တယ် ညှာ၊ ဘယ်အရာမဆို တစ်ဖက်စွန်းမရောက်တာပဲ ကောင်းတယ်"

"ညှာ စိတ်ညစ်တာပဲ သိတော့တယ် ကြီးကြီးရယ်"

"ကဲပါအေ၊ ညည်းလေး အလုပ်လုပ်မလို့ မဟုတ်လား၊ စိတ်အေးလက်အေး သွားလုပ်၊ ကြီးကြီး သတ်ပုံကို မေးမြန်းကြည့်ပါဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကွန်ပျူတာရှေ့သာ ထိုင်နေသော်လည်း စိတ်က မကြည်လင်ဘော့ ဘာအိုင်ဒီယာမှ ထွက်မလာပါ။ သတ်ပုံရဲ့မျက်နှာ

"မှန်ချစ်သူ"တဲ့။ ဘုရားရေ ... အသက်နှစ်ဆယ့်ခြောက်နှစ်ရှိပြီဖြစ်တဲ့ သူမမှာတောင် ဒီကိစ္စတွေ စိတ်မဝင်စားနိုင်သေး။ ညီမလေးသတ်ပုံက ဒီအရာတွေနဲ့ ထိတွေ့ပတ်သက်နေပြီတဲ့လား။

အားအားရှိ အပြင်သင်တန်းတွေ တက်ခိုင်းနေမိသော ညှာ့ကိုယ်ညှာပဲ အပြစ်တင်မိသည်။ အခန်းထဲမှာ သူ့ဘာသာဂိမ်းဆော့နေတာကမှ ကောင်းဦးမည်ထင်ပါရဲ့။ ညှာက တော်စေတတ်စေချင်လို့ ပုပ်ခိုင်းကာမှ တောင်ပံတပ်ပေးသလို ဖြစ်မှာလည်း စိုးမိသည်။

"ကြီးကြီးရေ"

ကြီးကြီးပဲ ပြေးတိုင်ပင်ရသည်။

"ကဲ ... ပြောပါသော်ကော ညှာ၊ ပါးစပ်တောင် မပိတ်ရသေးဘူး ဇာတ်လမ်းက ပေါ်လာပြီ၊ ဒါပေမဲ့ အခြေအနေက သိပ်မဆိုးနိုင်သေးပါဘူး၊ ကောင်လေးဘက်က တစ်ဖက်သတ် စိတ်ဝင်စားတာမျိုးလည်း ဖြစ်နိုင်တာပဲ၊ သတ်ပုံလေးပြန်လာရင် ကြီးကြီး တီးခေါက်ကြည့်ပါဦးမယ်၊ ဒါပေမဲ့ ညှာကတော့ မသိချင်ယောင် ဆောင်နေလိုက်၊ ကြီးကြီးဘာသာ ကြည့်ကျက်မေးကြည့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

နဲနဲလေးကိုပဲ မြင်ယောင်ကာ ပူပန်ခြင်းက ကြီးစိုးနေတာမို့ ကား သော့ဆွဲပြီး သတ်ပုံရဲ့ကျူရှင်ကို သွားကြိုမိသည်။ သူမကိုယ်တိုင် သွားအပ်ပေးထားသော ကိုသင်တန်းမှာ သတ်ပုံရှိမနေခဲ့သော အခါ။

"သတ်ပုံကို မစွပ်စွဲနဲ့ မညာ၊ မဟုတ်ဘူးလို့ ပြောပြီးပြီ။ ဒီနေ့က ကျူရှင်မရှိဘူး ဟုတ်တယ်၊ ဒါပေမဲ့ အိမ်မှာနေရင် မညာဆက်ပြီး ပွားနေမှာစိုးလို့ ဂိမ်းသွားဆော့နေတာ"

"ဘုရားရေ ... နင် အဲလိုတောင် လစ်ထွက်တတ်နေပြီ ဟုတ်လား၊ သွားစရာလား၊ အဲလိုသွားရအောင် ကိုယ့်ကိုယ် ကိုယ် မိန်းကလေးဆိုတာရော သတိရဆေး၊ရဲ့လား"

"ဟင် ... အိမ်မှာ ဆော့တော့လည်း မညာ ပွားတယ်လေ၊ အဲတော့ အပြင်ပဲ သွားရတာပေါ့"

"ကဲ ... သွားဦး၊ အဲဒါ သွားဦးဟာ"

"ဘုန်း ... အုံး"

သက်ညာဟာ သူ့ကို တစ်ခွန်းမကျန် ပြန်ခံတွတ်နေတဲ့ ညီမဖြစ်သူကို ဒေါသတွေ ဖြစ်လာကာ ခေါင်းတွေခေါက်နှိပ်စပ်ရာ ဆွဲလွဲထုရိုက်ပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... ဘယ်လိုဖြစ်နေကြသလဲ၊ ညာ မလုပ်နဲ့လေ၊ ပုံပုံကလည်း မမကို ပြန်မပြောရဘူးလေ၊ ငါတော့ စိတ်ညစ်တာပဲ၊ ဒီကလေးတွေနဲ့"

ကြီးကြီးက မနေသာဘဲ ညီအစ်မနှစ်ယောက်ကို လူချင်းခွဲပစ်ရသည်။ သတ်ပုံက အံကြိတ်ပြီးခံသည်။ တစ်စက်ကလေးမှ မငိုးငြူ။

"တော်ပြီ၊ ဒီကရှေ့ ဘာသင်တန်းမှ မတက်ရတော့ဘူး၊ ဒီကရှေ့ အိမ်ထဲကအိမ်ပြင်ထွက်ဖို့ မစဉ်းစားနဲ့၊ ဒါပဲ"

သတ်ပုံက ထုံပေပေနှင့် ဘာမှမတုံ့ပြန်ပါ။ ကြီးကြီးဘက်လှည့်ကာ ...

"ကြီးကြီး ဘချက်လဲ၊ ပုံပုံ ဗိုက်ဆာတယ်"

"ဝက်စတူးလေးချက်တယ်၊ လာ ... လာ စား၊ ကြီးကြီးထည့်ပေးမယ်"

သက်ညာက ညီမဖြစ်သူရဲ့အချိုးကိုကြည့်ပြီး ဒေါသထွက်ရလွန်းသဖြင့် ဝရန်တာဘက် ထွက်ရပ်နေလိုက်သည်။

သတ်ပုံက သူမရင်ဘတ်ထဲကို မမြင်ဘူးနော်၊ ညီမလေးအတွက် မျှော်လင့်ချက်တွေ ထားလိုက်ရတာ၊ ခုတော့ ညီမဖြစ်သူက သူမ မျှော်လင့်သလို ဖြစ်မလာခဲ့။

ထမင်းစားခန်းထဲမှာလည်း သတ်ပုံကို ကြိုးကြိုးကမေးခွန်းပေါင်း မြောက်မြားစွာဖြင့် စစ်ဆေးနေသည်။

"ပုံပုံက ဘာလို့ အဲလိုသွားရတာလဲကွယ်"

"အိမ်မှာ အေးဆေးနေတော့လည်း ပွားနေတာပဲကို၊ ပုံက အဲလိုမသွားလို့ ဘယ်လိုသွားရမလဲ၊ ဒီနေ့က သင်တန်းပိတ်တယ်၊ ဆရာ ခရီးထွက်သွားလို့၊ ဒါပေမဲ့ အိမ်မှာနေရင် နားဆူလို့သွားတာ၊ လမ်းထိပ်က Game ဆိုင်ကိုပဲသွားတာ၊ တကယ် Game သွားဆော့တာ"

"ဘာပဲဖြစ်ဖြစ်လေ၊ လူကြီးတွေကို ညာတယ်ဆိုတာ မကောင်းဘူး ပုံပုံလေးရဲ့၊ နောက်ဆို အဲလိုမလုပ်နဲ့ ကြားလား"

"လုပ်စရာလည်း မလိုတော့ပါဘူး ကြိုးကြိုးရယ်၊ သင်တန်းမှ မတက်ရတော့တာ"

"ဒါက ညာ စိတ်ဆိုးတုန်း ခဏပါကွယ်၊ နောက်တော့လည်း စိတ်ပြေသွားမှာပါ၊ ကလေးကသာ မမ ကျေနပ်အောင် နေပြလိုက်၊ ဟုတ်ပြီလား"

သတ်ပုံက ဘာမှမပြော။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ အဲဒီနေ့ကစပြီး သတ်ပုံ ဘာသင်တန်းမှ မတက်ရတော့။

သတ်ပုံကတော့ အေးဆေးပင်။ စိတ်ညစ်ပုံလည်း မပြ။ သက်ညှာ သူမကို စကားမပြောတာကိုပင် နားအေးနေပုံ ရ၏။

ကဲလာတာက သတ်ပုံကို တစ်ဖက်သတ် စိတ်ဝင်စား နေသော ကောင်ကလေး။

ဖုန်းခဏခဏဆက်သည်။

"ဟဲလို ... မှန်သတ်ပုံနဲ့ ပြောချင်ပါတယ် ခင်ဗျာ"

"ဟိတ် ... ဒီအိမ်မှာ မှန်သတ်ပုံလည်း မရှိဘူး၊ မှားသတ်ပုံလည်း မရှိဘူး"

"ဝွပ်"

ထိုသို့ ဖုန်းတွေလာတိုင်း သက်ညှာ ဒေါသ တစ်က ပြန်စသည်။

"ဟင်း ... ငယ်ငယ်ရွယ်ရွယ်နဲ့ နှန့်ကြောဆွဲလို့ ခုလို ဖုန်း တတီတီ လာနေတာပေါ့"

"မညှာ မတရားမပြောနဲ့၊ သူ့ဘက်ကပဲ ဖြစ်နေတာ၊ သတ်ပုံဘက်က မပါဘူး"

"ဟဲ့ ... မပါရင် ဟိုက ဖုန်းဆက်ပါ့မလား၊ ဖုန်းနံပါတ် ပေးတဲ့အဆင့်ဆိုတာ နည်းတဲ့အဆင့်လား"

"ဖုန်းနံပါတ်ဆိုတာ စုံစမ်းရခက်တဲ့ကိစ္စ မဟုတ်ဘူး မညှာ၊ မညှာ နွပ်စွဲနေသလို မဟုတ်ဘူး၊ မယုံရင်လည်း မသိတော့ဘူး"

ဖုန်းလာတိုင်း ထိုသို့ပြဿနာတက်ရပြီး တစ်ခါမှ သတ်ပုံ ဖုန်းမကိုင်ရပါ။

ဖုန်းဆက်လို့မရတော့ ကောင်လေးက တိုက်ရှေ့မှာ သီချင်းလာဆိုတာမျိုးကို နေ့စဉ်လုပ်လာသည်။

"မှန်မှန် နားသောတဆင့်ဖို့ ရွေနားတော်သွင်းဇချင်းပါဗျို့"

"မှန်သတ်ပုံအတွက် အိပ်ရာဝင်သီချင်းများကို ကျွန်တော်များ မှန်ချစ်သူအဖွဲ့က သီဆိုမှာဖြစ်ပါတယ် ဗျို့"

စသဖြင့် ရပ်ကွက်ထဲမှာ အရုက်ကွဲရတာက ညစဉ် ရက်ဆက်။ သက်ညှာလက်ချက်ဖြင့် ထိုမှန်ချစ်သူအဖွဲ့လည်း ရပ်ကွက်ရဲ့ မကြာခဏ ရောက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုကောင်လေးဟာ ဆယ်တန်းကို သုံးနှစ်ဆက်တိုက် ကျထားသူ။ မိဘတွေမရှိတော့သဖြင့် အဒေါ်ဖြစ်သူနှင့် မှီခိုနေရသူ၊ လက်ကြောတင်းအောင် အလုပ်မလုပ်တတ်သူ၊ အပေါင်းအသင်းတွေနှင့် ဟေးလားဝါးလား ဆန်ကုန်မြေလေး ကောင်လေးတစ်ယောက်ပါ။ သူ့အဒေါ်ကလည်း စရိုက်ခပ်ကြမ်းကြမ်းရယ်ပါ။ ရပ်ကွက်ထဲမှာ အမြတ်ကြီးစား အပေါင်ခံစားသူဗီပီ အပေါ်စီးက ဆန်ကြမ်းစားသူမျိုး။

သူ့အဒေါ်ဆီ သက်ညှာက သွားတိုင်တာကို စကားလုံးကြီးကြီးတွေဖြင့် ပြန်ပစ်ပေါက်လိုက်သေးရဲ့။

"လူပျိုအုပျိုကြိုက်တာ ဘာကိုဆုံးမပေးရမှာလဲ။ အညှိရှိရင်တော့ ယင်အုံမှာပဲဟဲ့။ ကိုယ့်အညှိကို ယင်မအုံစေချင်ရင် လုံခြုံအောင်သိမ်းပေါ့၊ တို့ဘက်ကတော့ အဲဒီလောက်သေးသေးမွှားမွှား ကိစ္စတွေထဲ ဝင်ပါဖို့ အချိန်မရှိဘူး"

သက်ညှာမှာ အသားတဆတ်ဆတ်တုန်ပြီး ပြန်လာရသည်။

"အဲဒါ မညှာ မွေးတဲ့မီးပဲ၊ ဘာမှမဟုတ်ပါဘူး ဆိုတာကို မညှာက ခါချဉ်အုံကို တုတ်နဲ့လိုက်ထိုးနေတယ်။ ခုမှတော့

အကုန်ပွကုန်ပြီပေါ့။ မထူးပါဘူး အဲလိုအထင်ခံရမယ့် အတူတူ အစကတည်းက ပြန်ကြိုက်ခဲ့ရင် ကောင်းသား"

သတ်ပုံက ပေါက်ကွဲသည်။ နောက်ဆုံးတော့ သက်ညှာဟာ သတ်ပုံကို အခန်းထဲမှာ သော့ခတ်ပြီး အိမ်ပြောင်းဖို့အတွက် အိမ်ခန်းမြန်မြန်ရှာရတော့သည်။ သည်ပတ်ဝန်းကျင်ကလွတ်ရင်ပြီးရောလေ။

ကြီးကြီးကလည်း ထိန်းရင်း ပိုဆိုးလာသော အခြေအနေတွေကြောင့် အိမ်ခန်းရှာဖို့သာ စိတ်ဆောလျှက် သက်ညှာနဲ့ ကြီးကြီးတို့ဟာ အိမ်ခန်းရှာ ထွက်နေလိုက်ကြသည်။

ဖြစ်ချင်တော့ ထိုနေ့က သတ်ပုံကို အခန်းထဲမှာ သော့ခတ်ထားခဲ့ပြီး သက်ညှာတို့ တူဝရီးအပြင်ထွက်သွားလိုက်ရာ နောက်ဖေးတံခါးကို သော့မခတ်မိခဲ့။

သတ်ပုံကလည်း အိမ်ထဲမှာ သော့ခတ်ခံရခြင်းကို တော်တော်ကြီး ပေါက်ကွဲနေမိတာမို့ ရသည့်အခွင့်အရေးကို အသုံးချကာ ထိုအခန်းက လွတ်မြောက်ဖို့ ကြံစည်သည်။

နောက်ဖေးတံခါးမှထွက်ရင် အရေးပေါ်ကြောင်လိမ်သံပန်းလှေကားကို ရောက်မည်။ ထိုလှေကားဖြင့် အောက်ထိဆင်း

www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း ... ဒုန်း"

"ဟိတ်ကောင် နောက်ဖေးက အသံကြားပြန်ပြီ၊ မင်း ပန်း ပင်ရေလောင်းပြန်ပြီလား. မိုးလ"

"စွပ်စွပ်စွဲစွဲကွာ၊ လောင်းစရာတစ်ပင်မှ မရှိတာ"

"ဒီတစ်ခါ တကယ်သရဲထင်တယ်"

"ဒီပါရာ နှစ်ဆယ့်တစ် ရာစုဆိုတာ မမေ့ထားနဲ့၊ ကြောက် တတ်လိုက်တာ လွန်ရော"

"ဟိတ်ကောင် ... ဘယ်ရာစုပဲဖြစ်ဖြစ် သရဲက ရှိမှာပဲကွ"

"ကဲ ... ဒီလောက် ရှိစေချင်ရင်လည်း တံခါးဖွင့်ပြီး သွား ကြိုဆိုလိုက်ဦးမယ်"

ဒီပါ့ကိုပြောပြီး ကိုယ့်ဘာသာ ထသွားသော မိုးလ နောက်သို့ ဒီပါက ထက်ကြပ်မကွာ လိုက်လာသည်။

ဖို့တော့ မဖြစ်နိုင်။ ထိုလေကားက ဒုတိယထပ်လောက်မှာ သံချေးကိုက်ပြီး ပြတ်ကျနေ၍ အောက်ထပ်ထိမရောက်။ မျက်နှာ ချင်းဆိုင်အခန်းမှထွက်ရန် တံခါးသွားထုသော်လည်း လက်သာနာ လာသည်။ တံခါးက တုပ်တုပ်ပင်မလှုပ်။

ဝေနန်အာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ကြပါ လျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဒေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တံခါးအပြင်ဘက်မှာ ရပ်နေသူက မိုးလ ထင်သလို အကြီးမ မဟုတ်။ ဒီတစ်ခါ အငယ်မ။ ဘာဖြစ်ပြန်ပါလိမ့်။ စတန့်မင့်းသမီးတွေ သံချေးတက်လေကားကို တော်တော်ကိုးစား နေကြသည်။

"အစ်ကို ... အဟဲ၊ တံခါးလေး တစ်ချက်လောက် ဖွင့်ပေး ပါလား"

"ဘာဖြစ်လို့လဲ"

"ဟိုလေ ... မမက ကျွန်တော် အထဲမှာရှိတာ မသိဘဲ တံခါးကို သော့ခတ်သွားလို့ ကျွန်တော်ကလည်း ဒီနေ့ သင်တန်းမှာ စာမေးပွဲဖြေစရာရှိလို့၊ အဲဒါ ဒီကတက်လာ ရတာ"

"ဖြစ်ရမယ်၊ မင်းအစ်မက တော်တော်ပေါ့ဆတာပဲ၊ ကဲ ... လာ၊ လာ ... ဝင်"

သတ်ပုံက အိမ်ထဲဝင်ကာနီး ဖိနပ်ကိုချွတ်ပြီး လက် ကကိုင်ကာ လျှောက်ဝင်လာသည်။ ပြီးတော့ အမြန်ပင် အိမ်ရှေ့ ကိုထွက်ပြီး ဖိနပ်ချွတ်မှာ ဖိနပ်ကို သေချာစီးကာ ...

"သွားပြီ အစ်ကို၊ ကျေးဇူး"

"အေ ... အေး၊ ရတယ် ညီမလေး"

သတ်ပုံ ဆင်းသွားတာကိုကြည့်ပြီး ဒီပါကလောင် သည်။

"ဟား ဟ ... ညီမလေးတဲ့"

"အေးကွာ၊ ခေါ်ရတာ အရသာရှိလိုက်တာ"

သူတို့နှစ်ယောက်ဟာ မကြာမီကျရောက်လာမည့် ကံကြမ္မာကို မသိစွာနဲ့ လောင်ပြောင်ရယ်မောနေကြလေရဲ့။

ညနေဘက်မှာတော့ သူတို့တံခါးကို ရှေ့ဘက်က အခေါက်ခံရပြန်သည်။ သက်ညှာကို ပျက်ယွင်းမှု အဆတစ်ရာ မျက်နှာနှင့် တွေ့လိုက်ရသည်။ နောက်မှာ သူမကြီးတော်။

"ဒီမှာ သက်ညှာညီမလေး ဒီအခန်းကိုများ လာသလား၇င်"

သူမမျက်နှာ အနေအထားကိုကြည့်ပြီး လာတယ်လို့ မပြောရဲသော မိုးလဟာ နှစ်မိနစ်လောက် စဉ်းစားပြီးချိန်မှာတော့ လုံးဝကို ငြင်းပစ်လိုက်သည်။

"မလာပါဘူး၊ ဘာလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"မလာရင်လည်း ပြီးတာပဲ၊ ကြီးကြီးရေ ဘယ်လိုလုပ်ကြမလဲ၊ ရှေ့ခန်းလည်းမရှိ အောက်ခန်းလည်းမရှိ၊ မသိတွေဖြစ်နေကြတယ်၊ သွားပြီ ... သွားပြီနဲ့ တူပါရဲ့"

တတွတ်တွတ် ရေရွတ်မြည်တမ်းပြီး ပြေးဆင်းသွားသော သက်ညှာကိုကြည့်ကာ မိုးလရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ကြီးကြီး ... ဘာများဖြစ်လို့ပါလဲ ခင်ဗျာ"

"သြော် ... ဘာမှမဖြစ်ပါဘူးကွယ်၊ ဘာမှမဟုတ်ပါဘူး"

သူတို့ ဆင်းသွားတော့မှ ဒီပါက ...

"မိုးလရေ ... သတ်ပုံတော့ လင်နောက်လိုက်ပြီလား မသိဘူးကွ၊ သူ့ညီမကို တမင်သော့ခတ်ထားခဲ့တာဖြစ်မယ်။ ဘုန်းကြီးအမှုတော့ မွာပတ်ပြီထင်တယ်၊ မင်း မသိဘူးပြောလိုက်လို့ တော်သေးတာပေါ့"

"တကယ်သာ အဲလိုဆိုရင်တော့ ငါ စိတ်မကောင်းဘူးကွာ၊ သတ်ပုံလေးက ငယ်ငယ်လေး ရှိသေးတာ၊ ဆယ်တန်းအောင်ကာစဆိုတော့ အသက်တောင် ပြည့်ဦးမှာ မဟုတ်ဘူး၊ ငါတို့သွားဝိုင်းရှာပေးရင် ကောင်းမလား"

"သူတို့က လူမသိစေချင်လို့ ကျိတ်ရှာနေတာမျိုးဆိုရင် ငါတို့ ကူညီတာကို ကြိုက်မှာမဟုတ်ဘူးကွ"

"ဟိုလိုလို ဒီလိုလိုနဲ့ မေးကြည့်မယ်ကွာ"

"သဘောကွာ"

သူတို့နှစ်ယောက် တိုင်ပင်ပြီး အောက်ခန်းတံခါးကို သွားခေါက်တော့ ကြီးကြီးတစ်ယောက်ပဲရှိသည်။

သက်ညှာက ကားတစ်စင်းဖြင့် သတ်ပုံကို အရှာထွက်ဟန်တူသည်။ ကြီးကြီးက ဖုန်းဓာစ်လုံးဖြင့် အလုပ်ရှုပ်နေဟန်တူသည်။ သူတို့ကို တံခါးလာဖွင့်ပေးရင်း လက်ထဲမှာ Cordless ဖုန်းဖြင့် ဖုန်းပြောရင်းတန်းလန်း။

"ကြီးကြီး ... ခုနလေ ကျွန်တော်တို့အခန်းကို လာမေးတော့ ညီမလေးများ တစ်ခုခုဖြစ်လို့များလားလို့၊ ဟို ... ကျွန်တော်တို့ ဘာကူညီရမလဲ ကြီးကြီး"

"သြော် ... ရပါတယ်၊ ရတယ် သား၊ သက်ညှာလေ သူ့ညီမကိုမေ့ပြီး သော့ပိတ်ထားခဲ့မိလို့ အဲဒါပြန်လာတော့ ညီမက ရှိမနေတာနဲ့လေ စိတ်ပူပြီး လိုက်မေးနေတာ၊

www.burmeseclassic.com

www.burmeseclassic.com

ဟင်း ဟင်း ... သတ်ပုံကလေးက မျောက်မူးလဲကလေး ဆိုတော့ နောက်လှောကားက ဆင်းသွားတယ် ထင်ပါရဲ့၊ အဲဒါ သူ့အစ်မ လိုက်ရှာနေလေရဲ့ ... ဟင်း ဟင်း၊ ရတယ် သား၊ လာမေးတာ ကျေးဇူးနော်"

ဘယ်လိုပင် လှည့်ပတ်ပြောနေသော်လည်း ကြီးကြီးမျက်နှာပေါ်မှာ တစ်ခုခုကို ဖုံးဖိချင်ရိပ်တွေက အထင်းသားပင်။

ကာယကံရှင်က မကြည်ဖြူတာမို့ ကူညီချင်တာကို မျိုသိပ်ပြီး အပေါ်ပြန်တက်လာခဲ့ရသည်။

"တစ်ခုခုတော့ တစ်ခုခုပဲကွ"

"ဒါပေမဲ့ သူတို့ကမှ မကြည်ဖြူတာကွာ"

"ငါတို့ထင်သလိုသာ ဖြစ်ခဲ့တယ်ဆိုရင် ငါ တော်တော်စိတ်မကောင်း ဖြစ်မိမှာပဲ"

"သက်ညာ အချိန်မီ ပြန်တွေ့လာပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့"

မိုးလ ရင်ထဲမှာ တကယ်ပူပင်နေမိပါသည်။ သူ့ဘာသာ ဖြစ်သွားတာဆိုရင်တောင် အဲလောက် ပူပင်မိမှာမဟုတ်။

ခုဟာက သူတို့အခန်းကနေ ထွက်သွားခဲ့တာမို့ ပရောဂက ပါနေသည်။

ထိုညနေက မိုးလ တစ်ချိန်လုံး ဝရန်တာမှာ ထွက်မျှော်မိသည်။ ကိုးနာရီကျော်တော့ သက်ညာကားလေး တိုက်ရှေ့ပါ့ခ်ကင်မှာ လာရပ်သည်။ သတ်ပုံ ပါမလာခဲ့ပါလား။

www.burmeseclassic.com

www.burmeseclassic.com

လှိုက်ခနဲ ဝမ်းသာသွားပေမယ့် လောလောဆယ် သက်ညာရဲ့နို့နှစ်ရောင်စကတ်လေးမှာ ကော်ဖီတွေရယ်၊ ကိတ်မုန့်က ခရင်မ်အနှစ်တွေရယ် ရောင်စုံပန်းချီကား ဖြစ်နေပြီ။

"ညာ ... ကိုယ် ညာ့အတွက် စကတ်တစ်ထည် ပြန်ဝယ်ပေးမယ်၊ လဲလိုက်နော် ညာ၊ တော်တော် ပေနေတာ လဲမှရမှာ"

"ရှင် ရှေ့မကြည့် နောက်မကြည့် လုပ်တာကို:"

"ကြည့်ပါတယ် ညာရယ်၊ ဟိုတစ်ယောက်ကို ရှောင်နေတာနဲ့ ညာ့ကို တိုက်မိတာပါ၊ တောင်းပန်ပါတယ်ကွာ ... နော်၊ ကိုယ်ပြန်ဝယ်ပေးမယ်၊ ပလာဇာမှာခဲ့တော့ အတော်ပဲ၊ ဝယ်ရတာ အဆင်ပြေတယ်"

"တော်ပါ၊ ကျွန်မဘာသာ ဝယ်လိုက်မယ်၊ ရှင်သာ နောက်တစ်ခါ ရှုပ်ပလာမထနဲ့"

"ဟုတ်ကဲ့"

သက်ညာက ပြောပြောဆိုဆို လှည့်ထွက်ဖို့ပြင်တော့...

"ဩော် ... ညာ"

"ဘာလဲ"

"ဟာ"

"အိုး"

"ခွမ်း ... ဝုပ်"

"ဟင် ... ညာ ... သက်ညာ"

"ရှင် လူတစ်ယောက်လုံး မမြင်ဘူးလား၊ ဒီမှာ အကုန်ပေကုန်ပြီ"

ယုဇနပလာဇာက My Milk ဆိုင်မှာ သားအတွက် မုန့်ဝင်ဝယ်လာသော မိုးလက ကောင်တာဘက်မှ လှည့်ထွက်လာသော လူတစ်ယောက်ကိုအရောင် ဘေးကတစ်ယောက်ကို တိုက်မိသွားတော့သည်။

ထိုဘေးက တစ်ယောက်က တိုက်တိုက်ဆိုင်ဆိုင် သက်ညာဖြစ်နေခဲ့သတဲ့။

www.burmeseclassic.com

www.burmeseclassic.com

"ညာတို့ အခု ဘယ်မှာနေတာလဲ"

"ဘာလုပ်မလို့လဲ"

"ကိုယ်တို့ အိမ်နီးချင်းတွေ ဖြစ်ခဲ့ဖူးတာပဲ ညာရယ်၊ မိတ်ဆွေတွေပဲ လိပ်စာလေးတော့ သိထားသင့်တာပေါ့"

"ရှင်နဲ့ ကျွန်မက ဘယ်လိုအိမ်နီးချင်းတွေလဲဆိုတာ ရှင့် အသိဆုံးပဲလေ၊ အဲဒီတော့ ကျွန်မလိပ်စာပေးဖို့ မလိုဘူး ထင်တယ်"

"တစ်နေ့နေ့မှာ လိုအပ်ခဲ့ရင် မဖြစ်မနေ လိုအပ်ခဲ့ရင် ကိုယ် ဘယ်ကိုဆက်သွယ်ရမလဲ ညာ"

သက်ညာက သူမလက်ကိုင်အိတ်ထဲမှ Visiting Card တစ်ခု ထုတ်ပေးပြီး လှည့်ထွက်သွားသည်။

သူ သက်ညာရဲ့ကတ်ကလေးကိုကြည့်ပြီး ငူငေါင်၍ ကျန်ရစ်ခဲ့သည်။

ပြီးမှ သားအတွက် မုန်ဝယ်ရမှာကို သတိရပြီး ခပ်မြန်မြန် ဝယ်ရသည်။ သူ အိမ်အမြန်ပြန်ရောက်ချင်ပြီ။ ဒီပါ့ကို ညာနဲ့တွေ့ခဲ့သည့်အကြောင်း ပြန်ပြောပြရဦးမည်။

အိမ်ရောက်တော့ သားက ကျူကျူပါအောင် ငိုနေသည်။

"ဟာ ... ဘယ်လိုဖြစ်တာလဲ အမိုးရယ်၊ ကလေးက ငိုလှချည်လား"

မိုးလ မျက်နှာကြီးပျက်ပြီး နာနီကို ပြောမိသည်။ သား ငိုရင် သူ ရင်နာသည်။ သားမျက်နှာလေး ကြည်နေမှ သူ စိတ်ချမ်းသာသည်။ သား ... ဥမမည် စာမမြောက် လ,သားက လေး သား၊ ကံကြမ္မာဆိုးလှသည်။

သားမိခင်ဟာ သားကိုမွေးပြီးပြီးချင်း မီးတွင်းထဲမှာ ဆုံးသည်။ ဒီတော့ မိုးလက ကလေးတစ်ယောက်နှင့် ကသီရတော့သည်။ ဒီပါကလည်း ဘာမှအားမကိုးရ။ မွေးကာစ နီတာရဲက လေးကို ဘယ်လိုမှ မပြုစုတတ်သော မိုးလက နာနီ့ဘးရတော့သည်။ သိတယ်ဟုတ်၊ နာနီကလည်း အသက်ကြီးပြီး အတွေ့အကြုံရှိရှိမှ ရမှာလေ။

နာနီက ငယ်နေရင်လည်း သူနဲ့ဒီပါသာရှိသော ဒီအခန်းမှာ ဘယ်လိုနေရမလဲ။ ဒီတော့ သားခမျာ အမိုးနဲ့ရေစက်ဆုံရတော့သည်။

"အိုး ... အို့ သားသားရေ၊ တိတ်ပါ သားရယ်၊ ဖေကြီး မချော့တတ်ဘူးနော်၊ ဖေကြီးကိုချစ်ရင် တိတ်ပါ သားရယ်"

www.burmeseclassic.com

www.burmeseclassic.com

"မောင်မိုးလ ကလေးက လေထီးနေပုံရတယ်၊ ဆေးခန်းသွားရင် ကောင်းမယ်"

"ဟာ ... ဆေးခန်းတော့ မသွားဘူး၊ ကလေးပန်းမှာစိုးလို့၊ ကျွန်တော့်သူငယ်ချင်း ဆရာဝန်တစ်ယောက်ရှိတယ်၊ သူ့ကိုပဲ လာကြည့်ခိုင်းတော့မယ်၊ ခုပဲ ဖုန်းဆက်လိုက်ပါ့မယ်"

ညနေ ဆရာဝန်လာပြီး ဆေးတိုက်လိုက်တော့ ငြိမ်သွားသည်။

"လေနာတာကွ"

"ဟုတ်လား၊ ငါလည်း မသိပါဘူးကွာ၊ သားကတအားငိုနေတာနဲ့"

"ဒါနဲ့ မင်း ဘယ်တုန်းက အိမ်ထောင်ကျသွားတာလဲ မိုးလ၊ ငါ့လူ ငါ့ကိုတောင် မဖိတ်ဘူး"

"ဇိုန်းစားဖြစ်သွားလို့ပါကွာ၊ အကျဉ်းချုံးလိုက်တော့ ဘယ်သူမှကို မဖိတ်ဖြစ်တော့ဘူး"

"ဒါနဲ့ မိုးလ၊ မင်း အမျိုးသမီးရော"

"သားအမေက သားကိုမွေးရင်း ..."

"ဟာ ... ငါစိတ်မကောင်းပါဘူးကွာ၊ ခုတော့ မင်း ကလေးတစ်ယောက်နဲ့ ဒုက္ခများနေတာပေါ့"

"မများပါဘူးကွာ၊ ဒုက္ခလို့ ငါ မမြင်ပါဘူး၊ သားကိုချန်ထားပေးခဲ့တဲ့အတွက် ကျေးဇူးတောင် တင်နေသေးတာပါ"

"အင်းပါ၊ ဘာပဲဖြစ်ဖြစ် ကလေးက ငယ်သးတယ် ဂရုစိုက် သူငယ်ချင်း၊ ကလေးကျန်းမာရေးနဲ့ ပတ်သက်ရင်လည်း အချိန်မရွေး ဖုန်းဆက်လိုက်နော်"

"အေးပါကွာ၊ စိတ်ချ သားအတွက် မင်းကို အားကိုးရမှာ"

ဆရာဝန်ပြန်သွားတော့ ဒီပါ ရောက်လာသည်။

"ဒီပါ စောလှချည်လား"

"အေ ... သား နေမကောင်းတော့ စောပြန်လာလိုက်တာလေ"

"ခုပဲ သူငယ်ချင်း ဇော်ဝင်း လာကြည့်ပေးသွားတယ်၊ တော်သေးတယ်ကွာ၊ ခုတော့ အိပ်သွားပြီ"

"အေ ... ငါတို့နှစ်ယောက်လည်း ဒီဝိစိကွေးကို မချော့တတ်၊ တော်သေးတယ် အမိုးရှိနေလို့၊ အမိုးရော"

"အနီးတွေ လျှောနေတယ်"

www.burmeseclassic.com

www.burmeseclassic.com

သားပုခက်ဘေးမှာ နှစ်ယောက်သား တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းကိုယ်စီချရင်း သွားလေသူ သားမိခင်မျက်နှာကို မြင်ယောင်မိကြသည်။ ပြီးတော့ ပုခက်ထဲက သားမျက်နှာနုနုလေးကို ငိုင်တူအကြည့်ရောက်မိခဲ့ ...။

"ငါ ဒီနေ့ သက်ညာနဲ့ My Milk မှာ တွေ့ခဲ့သေးတယ်"

"ဟုတ်လား၊ လိပ်စာလေး ဘာလေး မတောင်းခဲ့ဘူးလား"

"တောင်းခဲ့တာပေါ့"

"သူလည်း သတ်ပုံကိစ္စဖြစ်ပြီးသွားတည်းက ငါတို့ အောက်ထပ်က ရွှေ့သွားခဲ့တာနော်"

"သတ်ပုံ အိမ်ထောင်ကျတာကို တော်တော်ရွက်သွားပုံရတယ်ကွ၊ သူတို့ပြောင်းတဲ့နေ့က ပစ္စည်းတွေတင်ရင်း ပြောသံကြားလိုက်တယ်၊ ကြီးကြီးကို ပြောနေတာလေ၊ သတ်ပုံ ခုလိုစောစောစီးစီး အိမ်ထောင်ကျသွားတာ သူ အထိန်းအသိမ်းညံ့လို့တဲ့"

"ဆိုင်တော့ မဆိုင်ပါဘူးကွာ၊ လူတစ်ယောက်ဟာ တစ်ခါတလေမှာ ရောင်လွဲလို့ မရနိုင်တဲ့ ကံကြမ္မာတွေ ရှိတတ်တယ်လေ၊ သတ်ပုံလည်း သူ့ကြမ္မာနဲ့သူ ဖန်လာလို့ပဲ

ပြောရမှာပေါ့၊ ဒါနဲ့ မင်းအခု သက်ညာကို တွေ့တော့ ဘယ်လိုနေလဲ"

"ဘယ်လိုနေရမလဲကွာ၊ ငါက ကလေးတစ်ယောက်အဖေ ဖြစ်နေပြီ၊ သူ သားကို ကြည်ဖြူပါ့မလား"

"မင်းကလည်းကွာ၊ အဲဒါတွေ မတွေးနဲ့၊ အဓိက,က မင်းဟာ လွတ်လပ်သူတစ်ယောက် ဖြစ်နေဖို့ပဲလိုတာ"

"မလွတ်လပ်ဘူးလေကွာ၊ ငါ့မှာ သားရှိသေးတယ်"

"သားကို ငါ့တာဝန်ထားလိုက်ကွာ၊ မင်းနဲ့ သက်ညာသာ အဆင်ပြေမယ်ဆိုရင် ငါ သားကို တာဝန်ယူတယ်"

"နေပါစေတော့ ဒီပါရာ၊ သူသာ သားကိုလက်မခံရင် ငါ သားကို လက်မလွတ်နိုင်ပါဘူး"

"မင်းကလည်းကွာ"

"တော်ပြီ ဒီပါ၊ ငါ သက်ညာကို ချစ်ပါတယ်၊ ဒါပေမဲ့ သက်ညာအတွက် ငါက မရှိမဖြစ် မဟုတ်ဘူး၊ တကယ်ဆို သားအတွက်က သားဘဝကို တာဝန်ယူပေးဖို့ ငါလိုအပ်တာပေါ့၊ အဲဒီအတွက် ငါ သက်ညာနဲ့သား ယှဉ်ရွေးရပြီဆို သားကိုရွေးမယ်"

www.burmeseclassic.com

www.burmeseclassic.com

"သက်ညှာက မင်းသားကိုပါ လက်ခံမယ် ဆိုရင်ရော"

"အပျိုကလေးတစ်ယောက်က သားတစ်ယောက်အဖေကို ဘယ်ကြည်ဖြူမှာလဲ"

"အချစ်ရှိရင် ကြည်ဖြူတယ်ကွ၊ မှတ်ထား၊ လောကကြီးမှာ လူတစ်ယောက်ကို ချစ်မိသွားပြီဆိုရင် သူ ဘာကြီးဖြစ်နေနေ ဘာပဲလုပ်နေနေ အရေးမကြီးတော့ဘူး၊ အချစ်ပဲလိုအပ်တော့ အဲဒီလိုအပ်မှုကို ရယူဖို့ ကျန်တာအားလုံးကို ဥပေက္ခာပြုပစ်လို့ ရတယ်"

"ဥပေက္ခာပြုလို့ရတဲ့အထဲမှာ ဂုဏ်သိက္ခာရော၊ ချစ်တဲ့သူအတွက် ထားသင့်တဲ့ ဂုဏ်သိက္ခာတွေ ကျင့်ဝတ်တွေကိုပါ ဥပေက္ခာပြုနိုင်လို့လား"

"အချစ်မှာ ဂုဏ်သိက္ခာတွေ ကျင့်ဝတ်တွေ မရှိဘူး၊ ဂုဏ်သိက္ခာတွေ ကျင့်ဝတ်တွေကို ခွဲခြမ်းစိတ်ဖြာတာက ဦးနောက်လေ၊ ဦးနောက်က သူ့အလုပ်သူ လုပ်လိမ့်မယ်၊ နှလုံးသားကလည်း သူ့ဘာသာ ချစ်နေလိမ့်မယ်၊ နှလုံးသားကတင်သွင်းတဲ့ အချစ်ကို ဦးနောက်က လက်မခံတာပဲရှိလိမ့်မယ်၊ နှလုံးသားထဲက အချစ်တွေကတော့ သေသွားမှာမဟုတ်ဘူး မိုးလ"

"ဒီပါ မင်း တော်တော်တိုးတက်လာတာပဲ"

"ရူပါက ချူချာလို့သာ ဒီဘဝမှာ ချစ်ကံဆေရပေမယ့် ငါ့မှာလည်း ချစ်တတ်တဲ့ နှလုံးသားနဲ့ပါကွာ"

ဒီပါက မှန်ရှေ့သွားရပ်ပြီး ဆွေးဆွေးမြည့်မြည့်ပြောရှာသည်။ ဒီပါခမျာ အရပ်က ခြောက်ပေကို လူက ပေါင်တစ်ရာ့နှစ်ဆယ်မပြည့်ချင်။ အဲဒီတော့ ဝါးပင်ကြီးကိုင်းနေရင် ဒီပါနဲ့နင်လား ငါလား အောက်မေ့ရသည်။

ပြီးတော့ ရူပါကသာ မလာတာ၊ ကြိုက်လိုက်သည့် ကောင်မလေးတွေက အမှန်အကန် လှတပ်တလေးတွေချည်းပဲ။ (တစ်ယောက်မှ သူ့ကို ပြန်မကြိုက်တာက လွဲရင်ပေါ့။)

ဒီပါက မှန်ကို သေသေချာချာကြည့်ပြီးမှ ...

"ရပါတယ်ကွာ၊ ငါ့ထက်စာရင် ကလေးအဖေ မင်းကမှ အလားအလာ ရှိပါသေးတယ်၊ ဒီတော့ ငါပဲ ကလေးအဖေဘွဲ့ ခံလိုက်ပါ့မယ်"

"ဟား ဟား"

မိုးလ အကျယ်ကြီး အော်ရယ်လိုက်တော့ သားက အံ့ခနဲ အသံမြည်လာသည်။ ဒီပါက မျက်နှာပျက်ကြီးနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

"ဟိတ်ကောင် ... တိုးတိုး၊ သား နိုးမယ်"

သက်ညှာရဲ့လိပ်စာကတ်ကလေးကို ထုတ်ကြည့်ရင်း...

"သူ အရင်အလုပ်မှာ မဟုတ်တော့ဘူးကွ၊ ကိုယ်ပိုင် Decoration တစ်ခု ဖြစ်သွားပြီ၊ 'မြသက်ညှာ Home Decoration'တဲ့"

"အင်း ... သူက ဗိသုကာနဲ့ ကျောင်းပြီးတာဆိုတော့ ဒါပဲ လုပ်မှာပေါ့"

"ဘယ်လိုပဲဖြစ်ဖြစ်လေ ငါ သက်ညှာကို ဖွင့်ပြောချင်တယ်၊ ပြောခွင့်လေးလောက်တော့ ရချင်ပါသေးတယ်"

"ဟဲလို ... မြသက်ညှာနဲ့ ပြောချင်လို့ပါ ခင်ဗျာ"

"မြသက်ညှာပါ"

"သက်ညှာ ... ကိုယ်ပါ မိုးလပါး"

"ဩော် ... ဘာကိစ္စလဲ"

"ကိစ္စရှိမှ ဆက်ရမှာလား ညှာ"

"ဒါပေါ့၊ ရှင် ကျွန်မဆီက လိပ်စာတောင်းကတည်းက မဖြစ်မနေ လိုအပ်လို့ ဆက်သွယ်ချင်ရင် ဆက်သွယ်ရအောင်ဆိုပြီး တောင်းထားတာလေ၊ ကျွန်မမှာ အချိန်ပိုမရှိဘူး၊ ကဲ ... ပြော၊ ဘာကိစ္စလဲ"

"ကိုယ် ညှာနဲ့တွေ့ချင်တယ်"

"ဘာကိစ္စ တွေ့ချင်တာလဲ"

"ပြောစရာရှိလို့"

www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောမှာလဲ၊ ဖုန်းနဲ့ပဲပြောလေ၊ ကျွန်မမှာ အချိန်ပိုမရှိဘူး"

"ညာနဲ့ အေးအေးဆေးဆေးတွေ့ပြီး ပြောချင်လို့ပါ ညာ"

သူ့အသံ တည်တည်တံ့တံ့ကို နားထောင်ပြီး ညာက သဘောတူလိုက်သည်။

"ကောင်းပြီလေ၊ ဒီညနေ ကျွန်မ ကမ္ဘာအေးဂမုန်းပွင့်က Always Cafe မှာ ရှိနေမယ်၊ ငါးနာရီတိတိ ရောက်အောင်လာခဲ့လေ"

"အိုခေ ... So Thanks ညာ"

"ရတယ်၊ ရှင်သာ ငါးနာရီရောက်အောင်လာ"

သူ ထိုနေ့တစ်နေ့လုံး စိတ်တွေ လှုပ်ရှားနေခဲ့သည်။ သူတို့ကုမ္ပဏီက ငါးနာရီမှ ရုံးဆင်းရတာ ဖြစ်သော်လည်း သူကတော့ ရုံးမသုံးနာရီလောက်ကတည်းက လက်မှတ်ထိုးပြီးဆင်းကာ Always Cafe ကိုရောက်တော့ လေးနာရီပဲ ရှိသေးသည်မို့ Eternal Floral Service ကို ပန်းစည်း Delivery လှမ်းမှာလိုက်သည်။

ငါးနာရီအတိမှာ ဒေါ်တိကျ မြဲသက်ညာ ရောက်လာသည်။ Eternal မှ ပန်းစည်းကလည်း ငါးနာရီအတိမှာ ရောက်လာသည်။ သက်ညာကို ပန်းစည်းကမ်းပေးတော့ မျက်ခုံးပင့်သည်။

"ဘာအတွက်လဲ"

"အိမ်နီးချင်းဖြစ်ခဲ့တုန်းက မပြေလည်ခဲ့တဲ့ ဆက်ဆံရေးတွေအတွက်"

"ကဲပါ ... ရှင် ကိစ္စရှိတယ်ဆိုတာ ပြော"

"ညြော် ... ညာကလည်း ကိစ္စက ဒါပဲလေ၊ ပြန်လည်ပြေလည်ရေး အထိမ်းအမှတ် တွေ့ဆုံပွဲလေ"

"ဟာ ... ဘာကြီးလဲ၊ ရှင် ရူးနေလား၊ ကျွန်မမှာ အချိန်ရှားပါးတယ်၊ အခုတောင် ကျွန်မ ဒီညနေ Appointment တစ်ခုကို လက်မခံဘဲ ဒီကိုလာတာ၊ ဒီလို ရူးကြောင်မူးကြောင်ကိစ္စအတွက်ဆို မလာပါဘူး။ ကဲ ... ကျွန်မပြန်မယ်"

"ညာရယ်၊ ဒီထိရောက်လာပြီးမှ ကော်ဖီတစ်ခွက်ဖြစ်ဖြစ် သောက်သွားပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်း ... ကျွန်မ တကယ်ခေါင်းကိုက်နေတာ။ ကဲပါ ... ကျွန်မ Hot Milk သောက်ချင်တယ်၊ ဒီမှာရလား"

"ရမယ်ထင်တယ်၊ ကိုယ်မှာပေးမယ်"

ထို့နောက် သူက စကားဆက်ဖို့ ကြိုးစားသည်။

"ညာ အခု Home Decoration လုပ်နေတာနော်"

"ဟုတ်တယ်။ ဘာလဲ ရှင့်အခန်းပြင်မလို့လား"

"မပြင်နိုင်သေးပါဘူး ညာရယ်၊ ကိုယ့်ဆရာတစ်ယောက်က သူ့အခန်းကို ပြင်ဆင်ချင်လို့တဲ့၊ အဲဒါ ကိုယ်က ညာ့ကို ချိတ်ကြည့်ပေးမယ်လို့ ပြောခဲ့လို့၊ အဲဒါ ညာလိုက်ကြည့်ပေးမလား"

"အင်း ... ကျွန်မ ဆန်းဒေးလောက်မှ အဆင်ပြေမယ်"

"ဟာ ... ရတယ် ... ရတယ်၊ အရင်မလိုပါဘူး ညာရဲ့"

"ဒါဆို ဆန်းဒေး ကျွန်မ ရှင့်ကို ချိတ်လိုက်မယ်"

"ကောင်းတယ် ညာ၊ ဆန်းဒေးဆိုတော့ ရုံးလည်းပိတ်တယ်၊ ဆရာလည်း အားတာပေါ့"

"မဆိုးပါဘူး၊ ရှင်နဲ့လာတွေ့ရတာ အလုပ်တစ်ခုရတယ် ဆိုတော့လည်း တန်ပါတယ်"

"ညာကတော့ လုပ်ပြီ။ ကြိုးကြိုးနဲ့ ညာ နှစ်ယောက်တည်းနဲ့ ဘာလို့ လောဘတွေ တက်နေတာလဲ"

"အဲဒါ လောဘမဟုတ်ဘူး။ ကိုယ်လုပ်နိုင်စွမ်းရှိတုန်းမှာ လုပ်နိုင်သလောက် လုပ်ထားတာ။ အလုပ်ဆိုတာ အချိန်ရှိတုန်း အခွင့်အလမ်းရတုန်း လုပ်ရတာ။ မိုးလွန်မှ ထွန်ချတော့ ဘာလုပ်လို့ ရမှာလဲ"

"ဟုတ်ပါပြီ၊ ကြော့် ... ဒါနဲ့ စကားမစပ် ညာ ကလေးချစ်တတ်လား"

"မချစ်တတ်ပါဘူး။ ရွုပ်လွန်းလို့၊ နေပါဦး ရှင်က ဘာလို့ မေးတာတုန်း"

"ကြော့် ... ဘာမှ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အို ... အေး အေး ... အို၊ သားလေးရဲ့ အိပ်ပါဆို"

သားချော့တေးကို ပေါက်ကရရွတ်ရင်း ကလေးသိပ်နေသော သူ့ကို ဒီပါက ...

"မင်းပုံစံက တကယ် ကလေးအဖေပုံစံ ပေါက်တယ် မိုးလရ"

"ကလေးအဖေပဲကွ၊ ကလေးအဖေပုံစံ ပေါက်မှာပေါ့"

ဒီပါက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"မင်း မနက်ဖြန် ညာနဲ့သွားတွေ့မှာနော်

"ဟုတ်တယ်၊ သားကိုပါ ခေါ်သွားမှာ"

"first time မှာ မခေါ်သွားသင့်သေးဘူးကွ"

"ငါက သားနဲ့ညာ့ကို တွေ့ပေးချင်နေပြီ။ သားကိုတွေ့ရင် ညာ ဘယ်လိုနေမလဲ သိချင်တယ်"

"မင်းညာက ကလေးမှ မချစ်တာ"

"ငါတို့လို ယောကျ်ားရင့်မကြီးတွေတောင် သားကိုချစ်သေးတာပဲကွာ၊ ညာက မိန်းမသားပါ။ ပြီးတော့ သားမျက်နှာက Sweet ဖြစ်တယ်ကွ။ ညာ သားကိုချစ်မှာပါ"

"ငါကတော့ ထင်ကြေးတစ်ခုနဲ့ မစွန့်စားစေချင်သေးဘူး"

သားကမအိပ်ဘဲ သူတို့စကားပြောတာကို မျက်လုံးပြူးလေးနဲ့ လိုက်ကြည့်နေသည်။ ချစ်စရာကောင်းလှတဲ့ အမိမဲ့သားလေး။

မွေးကတည်းက မိခင်ရင်ခွင်မဲ့ရရှာတဲ့ သားကို သနားစွာ အချစ်ပိုခဲ့ရသည်။ သားအတွက် လိုအပ်တာ မရှိစေရ အောင်လည်း အစစအရာရာ ဖြည့်ဆည်းပေးသည်။ သားအတွက် စရိတ်က တော်တော်ထောင်းသည်။ နာနီကြေး၊ နို့မှုန့်ဖိုးစသဖြင့် တိုလီမိုစလေးတွေ၊ အနှီးဖိုး အဝတ်အစားဖိုးကအစ တွက်ကြည့်ရင် တစ်လ တစ်လ စရိတ်မသေးလှ။

သူနဲ့ဒီပါမှာ ကလေးစရိတ်အတွက်နဲ့ ကိုယ့်ကိုယ် ကိုယ် အတွက်တောင် ဘာမှမသုံးဖြစ်ကြ။

သူတို့မှာက ကုမ္ပဏီဝန်ထမ်းဘဝလေ။ ဒါတောင် နာနီကရင်မကြီးကတော်လို့ သူတို့ အလုပ်ဖြောင့်ဖြောင့် လုပ်လို့ ရနေတာ။

www.burmeseclassic.com

www.burmeseclassic.com

"ဒီပါ ... ငါတို့ ကုမ္ပဏီအလုပ်နဲ့ပဲဆို ရေရှည်မဖြစ်ဘူး ထင်တယ်။ ပြီးတော့ ငါတို့က ညအိပ်ညနေ ခရီးလွတ်ရင်လည်း မသွားနိုင်ဆိုတော့ ရာထူးကမတက် လစာကမတိုးနဲ့ ကြာရင် မဖြစ်တော့ဘူး"

"ဟုတ်တယ်၊ ငါလည်း တွေးမိတယ်။ ငါ တစ်ခုစဉ်းစားထားတာရှိတယ် မိုးလ"

"အေး ... ပြောပါဦး"

"ငါတို့နှစ်ယောက်မှာရှိတဲ့ ဆွဲကြိုးလေးတွေ လက်ပတ်ကြိုးတွေ ထုခွဲ၊ ဘဏ်ထဲက လက်ကျန်ငွေလေးပါ ထုတ်လိုက်ရင်တော့ ကွန်ပျူတာစာစီနဲ့ မိတ္တူကူးဆိုင် ဖွင့်လို့ရတယ်ကွ၊ လောလောဆယ် နေရာရှာပြီး ဆိုင်ခန်းငှားလုပ်ရမှာပေါ့"

"အေး ... မဆိုးဘူးကွ။ စာရေးကိရိယာလေးပါ တွဲတင်နိုင်ရင် ပိုကောင်းမယ်"

"မင်းသဘောတူရင် ငါတို့ မနက်ဖြန် Resign တင်လိုက်ရအောင်၊ အလုပ်တစ်ဖက်နဲ့ လုပ်ငန်းစလို့ရမှာ မဟုတ်ဘူး"

"အေး ... ကောင်းတယ်၊ ဟာ ... သားတောင်အိပ်သွားပြီပဲ"

"ငါတို့စကားပြောတာက သားကိုချော့သိပ်သလို ဖြစ်သွားတယ် ထင်တယ်ကွ၊ ဟား ဟား ... ကောင်းတယ်၊ မင်းရဲ့ကဘောက်တိကဘောက်ချာ သားချော့တေးကို မကြားရတော့တာက ပိုကောင်းတယ်"

မိုးလက ဒီပါ့ကို အသံတိတ် ကျိန်ဆဲလိုက်သည်။

ထို့နောက် နှစ်ယောက်သား ပိုင်ဆိုင်သမျှတွေကို စုပေါင်းစာရင်းတွက်ကြသည်။

ထို့နောက် ရန်ကုန်လမ်းညွှန်ထဲမှာ လိုအပ်သည့် ပစ္စည်းဆိုင်တွေကိုရှာ။ ဖုန်းဆက်ကာ ဈေးစုံစမ်းနှင့် အလုပ်ရှုပ်နေကြသည်။

သူတို့နှစ်ယောက်ပဲရှိသည့် ဘဝတုန်းကတော့ သူတို့ရဲ့ကုမ္ပဏီဝန်ထမ်းလစာနှင့် အဆင်ပြေကြ၏။

သို့သော် သူတို့ကမ္ဘာထဲကို သား ဝင်လာချိန်မှစ၍ သူတို့ဘဝတွေ ပိုပြီးအဓိပ္ပာယ်ရှိလာသလိုပင်။

သားအပေါ် လှိုက်လှိုက်လဲ့လဲ့ ချစ်ခင်မိတာလည်း ရှေးရေစက်ဟုပင် ဆိုရမလား မသိ။

ဒီပါက အကြောဆန့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com

"First time မှာ မင်းသားကို ချပြလိုက်ရင် အင်ပရက်ရှင်ဒေါင်းသွားနိုင်တယ် မိုးလ။ သားကို ခေါ်မသွားနဲ့ဦး။ အချိန်တွေ ရှိပါသေးတယ်ကွာ"

ဒီပါ တားသဖြင့် သားကို ထားခဲ့ရသော်လည်း သားနဲ့ ညှာ့ကို ဆုံပေးချင်လှပြီ။

သူ့မှာ သားရှိနေခြင်းကို ညှာ ဘယ်လိုဆုံးဖြတ်မလဲ သိချင်စမ်းဘိ။

သူ့အဖြစ်က ရယ်စရာတော့ ကောင်းသား။ တကယ် ဆို ညှာ့ကို Propose တောင် မလုပ်ရသေး။ ညှာတို့အိမ်မပြောင်းခင်ကလည်း ညှာနဲ့သူ မတည့်။

ညှာတို့ ပြောင်းသွားတော့လည်း ဘယ်ပြောင်းသွားမှန်း မသိလိုက်။ အဆက်သွယ် တစ်နှစ်ကျော် ပြတ်သွားပြီးမှ ခုမှ ညှာနဲ့ ပြန်ဆုံရတာ။ ဆုံချိန်ကျတော့ သူ့မှာသားတစ်ယောက်နဲ့။

"အား ... ဘီယာတောင် မမြို့ရတာကြာပြီ"

"မစဉ်းစားနဲ့ ဒီပါ၊ ဘီယာသောက်မယ့်အစား ကလေးနို့မှုန့်ပဲ ဝယ်ရမယ်"

"တော်ပြီပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com

ဆရာ့အခန်းကိုရောက်တော့ ညှာက မရောက်သေး။ ဆရာက ...

"လာ ... မိုးလရေ၊ ကြည့်ပါဦးကွာ။ အိမ်ငှားတင်ထားလိုက်တာ အခန်းကို စုတ်ပြတ်သွားတာပဲ"

"ဆရာ ဒီအခန်းကို ပြန်ရောင်းဖို့ ပြင်မှာလား"

"မဟုတ်ဘူးကွ၊ သားကြီးက အိမ်ထောင်ပြုတော့မှာ၊ သားကြီးအတွက်"

"ဩော် ... ကောင်းတာပေါ့ ဆရာ"

"ဒေါက် ... ဒေါက်"

"ဟော ... ညှာတောင် လာပြီ"

မိုးလက တံခါးသွားဖွင့်ပေးလိုက်သည်။ ညှာနဲ့သူ့တပည့် ဖြစ်ပုံရသော ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ပါသည်။

"ညှာ ... ဒါ ကိုယ့်ဆရာ ဦးကိုဦးတဲ့"

"ဟုတ်ကဲ့ ... ကျွန်မ မြသက်ညှာပါ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် ဒေါ်မြသက်ညှာ။ ကျွန်တော့်အခန်းကတော့ မြင်တဲ့အတိုင်းပဲဗျာ"

"ဟုတ်ကဲ့ ဦးကိုဦး၊ ဘယ်လိုပုံစံ ပြင်ဆင်ချင်ပါသလဲ၊ ဦးကိုဦးမှာ ဒီဇိုင်းရှိလား။ ဒါမှမဟုတ် ကျွန်မတို့စိတ်ကြိုက် ပြင်ဆင်ပေးရမလား"

"ဒေါ်မြသက်ညှာတို့ကိုပဲ အကုန်အပ်ရမှာဗျ"

"ဟုတ်ကဲ့ ဒါဆိုရင်တော့ ကျွန်မတို့ဆီမှာ Design အမျိုးမျိုးရှိပါတယ်။ ဒီဇိုင်းနဲ့ သုံးစွဲမယ့်ပစ္စည်းပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိမယ် ဦးကိုဦး၊ ဒီမှာ Package လေးတွေ တွဲထားတာ ရှိပါတယ်။ ကြည့်ပါဦး၊ အဲဒီအထဲကမှ ဦးကိုဦး သုံးစွဲမယ့် ငွေပမာဏနဲ့ ကြိုက်တဲ့ဒီဇိုင်းကို ရွေးလို့ရပါတယ်"

"အဆင်ပြေတာပေါ့ဗျာ"

ဦးကိုဦးနှင့် ညှာက အခန်းပြင်ဆင်ရေးအတွက် ဆွေးနွေးနေတုန်း မိုးလက ညှာ့ကိုပဲ စိုက်ကြည့်နေမိသည်။

အားလုံး တွက်ချက်ပြီးတော့ ဦးကိုဦးက စရံငွေ ထုတ်ပေးသည်။ စာချုပ်တွင် မိုးလက သက်သေအဖြစ် လက်မှတ် ထိုးပေးရသည်။

ညှာပြန်ဖို့ပြင်တော့ ...

www.burmeseclassic.com

www.burmeseclassic.com

"ညာ ပြန်တော့မှာလား။ ကိုယ် ညာတို့ကို လက်ဖက်ရည် လိုက်တိုက်ချင်လို့"

"ကျွန်မက တိုက်ရမှာပါ။ ရှင် တစ်ခါတည်း လိုက်ခဲ့မလား၊ ကျွန်မမှာ ကားပါတယ်"

"လိုက်ခဲ့မယ်လေ၊ ဆရာ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အိုခေ မိုးလရော၊ မနက်ဖြန် ရုံးမှာတွေ့မယ်ကွာ"

"ဟုတ်ကဲ့ ဆရာ"

ညာရဲ့ဆလွန်းကားလေးပေါ် ပါလာရသည်။ ဆရာတို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာပဲ ထိုင်ဖြစ်ကြသည်။ အပေါ်ထပ်မှာ နေသွားကတည်းက ညာ လက်ဖက်ရည်ကြိုက်တတ်မှန်း သိထားသည်လေ။

"ညာ ပုံမှန် မှာလိုက်မယ်နော်"

"အင်း ... ကျွန်မ ပုံမှန်ကြိုက်မှန်း ရှင် ဘယ်လိုသိလဲ"

"ကိုယ်တို့အပေါ်ထပ်မှာ နေတုန်းက သိတာ။ ညာ့ညီမကို လက်ဖက်ရည်ဝယ်ခိုင်းတိုင်း ပုံမှန်နော် လွဲမလာနဲ့လို့ အမြဲအော်တတ်တယ်လေ"

"ဟုတ်တယ်၊ အငယ်မက သူကြိုက်တတ်တဲ့ ပေါ့ကျနဲ့ အမြဲမှားလို့"

"ပြောရင်းနဲ့ သတိရသွားပြီထင်တယ်၊ ဆောရီး"

"ဩော် ... ခုနက ကိစ္စအတွက် ရှင့်ကို ပွဲခပေးရဦးမယ်"

"ဟာ ... မဟုတ်တာ ညာရယ်။ ကိုယ်က ပွဲစားချင်လို့ မဟုတ်ဘူး။ ဆရာရော ညာပါ အဆင်ပြေစေဆိုပြီး ချိတ်ပေးတာပါ"

"ဟုတ်ပါပြီ။ ဒါပေမဲ့ ကျွန်မက လုပ်ငန်းသဘောအရ ပေးရမှာပဲလေ။ ခုနကတည်းက ပွဲခပါ ပိုတွက်ပြီး ယူလာလို့"

"ဟောဗျာ"

"ဘလိုင်းကြီးတော့ မစိုက်နိုင်ဘူးလေ ရှင်ရယ်"

"ပြတ်သားပါ့ဗျာ"

သူမတပည့်နှစ်ယောက်က ရယ်နေသည်။

"မမက အဲလိုပဲ အစ်ကိုရဲ့ လုပ်စရာရှိရင်လုပ်၊ ပေးစရာရှိရင်ပေး၊ ယူစရာရှိရင်ယူမှ ကြိုက်တာ"

"ယူဆိုတော့လည်း ယူရတာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"ဒီလက်ဖက်ရည်ဖိုးကို ရှင်ရှင်း"

"ရှင်းဆိုတော့လည်း ရှင်းယုံပေါ့ဗျာ"

"မိုးလ ... ရှင် တော်တော်လိမ္မာလာပါလား၊ ဟင်း ဟင်း ... ကဲ ... လက်ဖက်ရည်လည်း သောက်ပြီးပြီ။ ပွဲခလည်း ပေးပြီးပြီဆိုတော့ ကျွန်မတို့ ဆွားတော့မယ်"

"ညာ"

"ပြော"

"ကိုယ် ကြိုးကြိုးဆီ လာလည်လို့ ရမလား"

"မရဘူး"

ပြတ်သားပါပဲ။

ညာနဲ့ တစ်ခါပြန်ဆုံရတာကတော့ သူတို့ငှားတဲ့ အခန်းလေးကို သွားကြည့်စဉ်ကပါ။

သူတို့ငှားမယ့်အခန်းနဲ့ ကပ်ရပ်အခန်းမှာ ကော်ဖီရောပ်ဖွင့်မှာမို့ ပြင်ဆင်နေကြတာက ညာရဲ့ မြသက်ညာအလှဆင်အဖွဲ့လေ။

"ညာ"

"အိုး ... ရှင် ဘယ်လာတာလဲ"

"ဒီဘက်ခန်းကို လာကြည့်တာ။ ငှားမလို့လေ"

"ဩော် ... ဘာအတွက်လဲ"

"ကွန်ပျူတာစာစီနဲ့ မိတ္တူဆိုင်လေး ဖွင့်မလို့ပါ"

"ကောင်းသားပဲ၊ ဒီနားတစ်ဝိုက်မှာ အဲလိုဆိုင်မျိုး မတွေ့မိသေးဘူး။ ကျွန်မက ဒီဘက်ခန်းကို ပြင်နေတာလေ"

www.burmeseclassic.com

www.burmeseclassic.com

"အင်း"

"ဒီအခန်းကို ဆိုင်ဖွင့်ဖို့ဆိုရင် ဆေးပြန်လုတ်သင့်တယ်လို့ ရှင်မထင်ဘူးလား"

"ဆေးသုတ်ရမယ် ဆိုရင်တောင် ကိုယ်နဲ့ဒီပါ စုတ်တဲကိုင်ပြီး သုတ်ရမှာ ညာ၊ ဟဲ ဟဲ ... ညာတို့အဖို့ကတော့ မတက်နိုင်ဘူး"

"ဖြစ်ရမယ်၊ ဒါဆိုလည်း ကိုယ့်ဘာသာသုတ်၊ သုတ်ဖြစ်အောင် သုတ်လိုက် သိလား။ အဲဒါမှ ဒီဘက်က ကော်ဖီဆိုင်နဲ့ယှဉ်ရင် ရှင့်ဆိုင် မငုပ်မှာ"

"အကြံပေးတာ ကျေးဇူး ညာ။ သုတ်လိုက်ပါမယ်"

ထိုအခန်းကိုဌားပြီး သူနဲ့ ဒီပါ အခန်းကိုဆေးသုတ်တော့ မသုတ်တတ်သဖြင့် မညီညာ။ ဆေးတွေ ထူတဲ့နေရာကထူ၊ ပုံတဲ့နေရာကပုံဖြင့် ကြည့်မကောင်း။ ကွက်တိကွက်ကျား ဖြစ်နေသည်။

ညာက လာကြည့်ပြီး သူမအဖွဲ့က ဆေးသုတ်သမားကိုခေါ်ကာ သုတ်ပေးသွားသည်။

"ရှင်တို့ သူ့ကို သူ့နေ့တွက်ခတော့ ပေးလိုက်"

"ဟဲ ဟဲ ... ကျေးဇူးပဲ ညာ"

"လုပ်ပေးချင်လွန်းလို့တော့ မဟုတ်ဘူး။ ကြည့်မကောင်းလို့"

ခံရတဲ့သူမှာ အောင့်သက်သက်။ သို့သော် သူတို့ဆိုင်လေးကတော့ လှတပတလေး ဖြစ်သွားပြီ။

ဆိုင်ဖွင့်ဖို့ အဆင်သင့်ဖြစ်တော့ ညာက ပန်းအိုးတစ်လုံး လက်ဆောင်လာပေးသည်။

"ရော့ ... ဒါက ကျွန်မရဲ့လက်ဆောင်။ ဒီအဝင်ဝနားမှာ ဒီပန်းအိုး ချထားလိုက်"

ရွှေ၊ ငွေ၊ နီ၊ စိမ်း၊ ပြာ စသဖြင့် ရောင်စုံပန်းမွှားလုံးလေးတွေကို ရိုးရှင်းစွာ ထိုးစိုက်ထားသော ပန်းအိုးရှည်လေးဟာ ခါးစစ်ဝက်လောက်ထိ မြင့်တာမို့ ဆိုင်အဝင်ဝမှာ ပန်ရနေပါသည်။

"ကျေးဇူးပဲနော် ညာ"

ဒီတစ်ခါတော့ ညာက ခေါင်းညိတ်ပြသည်။ ဒါကတော့ သူမရဲ့စေတနာစစ်စစ် ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ဆိုင်လေးဟာ ဝင်ငွေမဆိုးပါ။ အလုပ်ဖြစ်သည်ဟု ဆိုရပါမည်။

တဖြည်းဖြည်းနဲ့ စတေရှင်နရီဆိုင်လေးပါ တွဲဖွင့်လာနိုင်သည်။

သားအတွက် နို့မှုန့်ဘူးဖိုးလည်း မပူရတော့။ ချောင်လည်စွာ သုံးနိုင်လာသည်။

"မိုးလရေ ... မိုးလ"

"ဒီပါ ဘာဖြစ်လာတာလဲ"

"ဒီဆိုင်ကို မင်းပဲ ဆက်လုပ်တော့"

"ဟမ် ... မင်းက ဘယ်သွားသေမလို့လဲ"

"ငါ ကားပွဲစား လုပ်မလို့"

"မင်း အဆက်အသွယ် ရလာလို့လား"

"အေး"

ဒီပါ အရင်လုပ်တဲ့ ကုမ္ပဏီက ကားကုမ္ပဏီမှာဆိုတော့ ဒီပါက ကားနှင့် ကားပစ္စည်းအကြောင်းတော့ ကျွမ်းကျွမ်းကျင်ကျင် သိသည်။

"ခုတောင် ပွဲတစ်ခု ချိတ်ခဲ့ပြီးပြီ။ သားအတွက် ပိုက်ဆံပိုရှာလို့ ရတာပေါ့"

"အေးလေ၊ ဖြစ်တယ်ဆိုရင်တော့ လုပ်ပေါ့။ ဆိုင်က ငါနိုင်ပါတယ်"

"မင်းတစ်ယောက်တည်းတော့ မဖြစ်ဘူး။ အကူကောင်မလေးတစ်ယောက်တော့ ခေါ်မှဖြစ်မှာ"

"နို့ နို့ ... ကောင်မလေးခေါ်လို့ မဖြစ်ဘူး။ ကောင်လေးပဲ ခေါ်မယ်။ ညှာ အထင်လွဲမှာ စိုးလို့"

"မိုးလ ... မိုးလ ... မင်းကသာ မိုးပြိုမှာ ကြောက်နေတာ။ ဟိုကတော့ မင်းကို ရှိတယ်လို့တောင် မထင်ဘူး၊ ဟားဟား"

"အော်ရယ်မနေနဲ့ သား နို့မယ် လဒရဲ့"

"သား ရောက်နေတာလား"

www.burmeseclassic.com

www.burmeseclassic.com

ဒီပါကလည်း ခုတလော ပွဲကတစ်ပွဲပြီးတစ်ပွဲ ဖြစ်တာမို့ သူတို့လက်ထဲမှာ ငွေရွှင်နေကြသည်။

ငွေရွှင်တာကြောင့် ဒီညနေ ဆိုင်ပိတ်ချိန်မှာ ဒီပါကလတ်တလော ဝယ်ရောင်းလုပ်ဖို့ သူ့ကို အပ်ထားတဲ့ကားလေးနဲ့ သူတို့သားအဖကို လာခေါ်သည်။

"ဘယ်သွားမှာလဲ ဒီပါရာ၊ ညဘက်ကြီး သားကို အပြင်မခေါ်ချင်ဘူး"

"လာပါကွ၊ သား လေကောင်းလေသန့် ရှူရအောင် ကန်တော်ကြီး သွားမလို့ပါ။ ကရဝိတ်ဥယျာဉ်ကမ္ဘာထဲက ကလေးကစားကွင်းမှာ ကလေးတော်တော်များများလည်းရှိတယ်၊ သားလည်း အသစ်အဆန်း ခံစားရတာပေါ့"

"အေး ... အိပ်နေတယ်"

မိုးလက သားကို သွားငဲ့ကြည့်ရင်း ...

"ဘာလိုလိုနဲ့ သားတောင် ခြောက်လသားလေး ဖြစ်လာပြီ။ သားကို နာမည်မပေးရသေးဘူး"

"အေးကွ ... သားက အင်္ဂါသားဆိုတော့ ဘာနာမည်ပေးရင် ကောင်းမလဲ"

"သားက အင်္ဂါ၊ ငါ့နာမည်ရဲ့အဆုံးပါအောင် ခွဲမြိမိုးဆိုရင် ကောင်းမလား ဒီပါ"

"ခွဲနဲ့ မိုးကတော့ ဟုတ်ပါပြီကွ။ မြြက ဘယ်လိုပါလာတာလဲ"

"ဟဲ ဟဲ ... ဆွဲထည့်လိုက်တာလေ၊ ဒီနေ့ကစပြီး ငါ့သား နာမည် ခွဲမြိမိုး"

"အေး ... အောင်းတယ်၊ ခွဲမြိမိုးကွ ... ခွဲမြိမိုး"

သားကအော့ အိပ်ပျော်လို့။

www.burmeseclassic.com

www.burmeseclassic.com

"ကြီးတော်ကြီးမှ မဟုတ်တာ။ သားအရွယ်က ခံစားတတ်ဦးမလားဟ"

"ပြောလို့ရမလားကွ။ ဖွင့်မပြောတတ်ပေမယ့် ခံစားချင် ခံစားတတ်မှာပေါ့"

"ကဲ ... သဘောပဲ"

သားက ကားစီးရရင် ကြိုက်သည်။ ကားပေါ်မှာ ခိုးခိုးခစ်ခစ်နဲ့ ရယ်နေတာ။

"တွေ့လား ... ဒီကောင် ကားစီးရတာ ကြိုက်တယ်"

"အေး ... ဟုတ်တယ်ကွ"

ကန်တော်ကြီးထဲရောက်တော့ ကလေးတွေ ပြေးလွှားကစားနေတာကိုကြည့်ပြီး သားက ပျော်နေတာပင်။

ဒီပါက ကလေးတွေနှင့်အပြိုင် ဒန်းပုခက်လေးကို လုကာ ...

"မိုးလ ... လာ လာ၊ သားကိုပေး၊ ဒီမှာ သားနဲ့ပုခက်စီးမလို့"

သားက ဒီပါ့ရင်ခွင်ထဲမှာ မြူးထူးနေသည်။ သားပျော်နေတာကို မြင်ရတော့ စိတ်ချမ်းသာပါသည်။

ဒီပါနှင့်အတူ ပုခက်စီးရင်း ...

"မိုးလရေ သားတော့မသိဘူး၊ ငါတော့ တော်တော်မူးလာပြီ"

"ကောင်းတာပေါ့ကွ၊ နောက်ကို မင်း မူးချင်ရင် ပုခက်လာစီး၊ ပိုက်ဆံကုန်လည်း သက်သာတယ်၊ ကျန်းမာရေးကိုလည်း မထိခိုက်တော့ဘူး"

"ကျေးဇူးရှင် ... မင်းက ပိုက်ဆံသက်သာဖို့ တစ်ခုပဲသိတာကိုးကွ"

"ဟေ့ကောင် ... သားက အိပ်နေပြီ၊ ပေး ... ပေး၊ ငါ့ကို"

ဒီပါက ပုခက်ကိုရပ်ပြီး သားကို သူ့လက်ထဲထည့်ပေးသည်။ ဒီပါ့ခမျာ မူးပြီး ခြေလှမ်းတွေတောင် ယိုင်လို့။

အိပ်ပျော်နေသော သားကို ပခုံးပေါ် မှောက်တင်ရင်း ကားဆီသို့ ပြန်အလာ ...

"ဟာ ... ညာ"

မိုးလရဲ့ လွတ်ခနဲထွက်သွားတဲ့ အာမေဋိတ်သံကြီးကြောင့် ညာ ကြားသွားသည်။

"သြော် ... ရှင်ကိုး"

www.burmeseclassic.com

www.burmeseclassic.com

"ညှာ ဘာလာလုပ်တာလဲ"

"ဒီလိုပါပဲ၊ လာအပန်းဖြေတာ။ ရှင်ရော ဘာလဲ ရှင့်သား ကို လိုက်ဖို့တာလား"

ညှာက သူ့ပခုံးပေါ်က သားကိုငဲ့ကြည့်ရင်း မေးသည်။ သူမပုံစံက ပြိုးထွေးထွေးနဲ့ လှောင်လိုက်ဟန်ပါ။

"ဟုတ်တယ် ညှာ၊ သား ကို လိုက်ပို့တာ"

"ဩော် ... ရှင် အိမ်ထောင်ကျသွားပြီလား"

"အင်း"

"ဟာ ... မဟုတ်ဘူး မြသက်ညှာ၊ မိုးလ ကျပ်နေတာ၊ ဒါ ကျွန်တော့်သား"

"ဒီပါ"

"မင်းပါးစပ် ပိတ်ထား မိုးလ"

"ရှင်တို့ဟာကလည်း ရှုပ်နေတာပဲ။ ကဲပါ ရှင်တို့ပြန်တော့ မှာမို့လား၊ သွားတော့"

"ညှာ ဒီကိုမကြာခဏ လာတတ်လား"

"ရှင်က ဘာလုပ်မလို့လဲ"

"ဟို ... အဖော်လုပ်ပေးချင်လို့"

"မလိုပါဘူး။ မြသက်ညှာအတွက် အဖော်ဆိုတာ အရှုပ်ထုပ်ပဲ။ မလိုဘူး ... မလိုဘူး"

"မလိုလည်း ပြီးတာပဲ"

မိုးလက ချွာကနဲ လှည့်ထွက်၊ ဒီပါက ဟက်ခနဲ ရယ်။ ညှာကတော့ မျက်စောင်းပျစ်ပျစ်နှစ်နှစ်ထိုးတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ ဆန်းဒေး။

ညာတစ်ယောက် ကန်တော်ကြီးထဲမှာရှိမှာ သေချာနေတာမို့ သူ သားကိုခေါ်ကာ ကန်တော်ကြီးကို ထွက်ခဲ့သည်။ အပြန်ကျရင် ဒီပါ လာကြိုလိမ့်မည်။ ဒီပါက ဒီညနေပွဲဖြစ်တာမို့ တစ်ခါတည်း မလိုက်နိုင်တာပင်။

ညာ့ကို သူမထိုင်နေကျ နေရာမှာပင် တွေ့ရသည်။

မီးရောင်အောက်က ရေပြင်မှာ ကရဝိတ်အရိပ်ထင်နေပြီး ရွှေတိဂုံစေတီတော်ကြီး ရွှေရောင်တွေ ဝင်းအိနေတာဟာ ပသာဒဖြစ်စရာ ငြိမ်းချမ်းရေးမြင်ကွင်းတစ်ခုပါ။

"Please ညာ"

"အိုး ... ရှင် ဘာလာရှုပ်ပြန်ပြီလဲ"

"အကူအညီတောင်းချင်လို့ပါ ညာရယ်၊ ကိုယ် ဒုက္ခဖြစ်နေလို့ပါ"

သူ့ပုံစံ ပြူးတူးပြဲတဲကြောင့် ညာ တစ်ချက်တော့ တွေသွားကာ ...

"ဘာဖြစ်လာတာလဲ"

"ကိုယ် သန့်စင်ခန်း သွားချင်လို့။ မအောင့်နိုင်တော့ဘူး။ သားကို ခဏခေါ်ထားပေးပါ ညာရယ်"

ညာ့ မျက်နှာက ရယ်ချင်စိတ်ရှုပ်ပုံစံ ဖြစ်သွားသည်။ သူ့အဖြစ်ကိုလည်း ရယ်ချင်၊ ကလေးခေါ်ထားပေးဖို့ကျတော့လည်း စိတ်ရှုပ်နေပုံပါ။

"တောင်းပန်တယ် ညာရယ်၊ ကူညီပါ"

"ရှင်ကလည်း ရှင်သန့်စင်ခန်းဝင်ရင် သန့်စင်ခန်းစောင့်တဲ့သူဆီ ခဏအပ်ထားလိုက်ပေါ့"

"အာ ... ကိုယ့်သားကို သူစိမ်းလက်ထဲမှာ စိတ်မချပါဘူး။ ရော့ ... ညာ ခဏလေး၊ ခဏလေး"

လက်ထဲ အတင်းထိုးထည့်လာသော ကလေးကို ယောင်ယမ်းပွေ့ယူလိုက်မိချိန်မှာ သကောင်သားက ပြေးလိုက်တာ ရိပ်ရိပ်တန်းလို့။

"တောက် ... မိုးလ အစုတ်အပြတ်"

www.burmeseclassic.com

www.burmeseclassic.com

အဖျိုကြီးမှာ မိုးလကို အပြစ်တင်ရင်း ကလေးကို မချိတတ်ချိတတ်နှင့် ချီထားရသည်။

ကလေးက သူမကိုတောင် ရယ်ပြနေသေးရဲ့။

"နင့်အဖေ ဖြူတ်စဖျင်းတောင်း လုပ်သွားတာကို နင်က သဘောကျနေတယ်ပေါ့လေ၊ ငါပစ်ချလိုက်လို့ ... ဟွန်း"

စိတ်တိုတိုနှင့် ကလေးကို ဟောက်လိုက်မိကာမှ ...

"အမယ်လေး ... ပူလိုက်တာ၊ ဘာတွေလဲ၊ ဟင် ... နင် ... နင် ရှူးရှူးတွေ ပေါက်ချတာလား၊ ကြည့်စမ်း၊ အမယ်လေး ဒုက္ခပါပဲ၊ နင်က ဖအေထက် လက်သံပြောင်နေတာပေါ့လေ၊ တွေ့မယ်"

ကလေးကို ဘေးကမြက်ခင်းပေါ် ဒီတိုင်းချထားလိုက်ကာ သူမထဘီကို တစ်ရှူးနှင့် သုတ်လိုက် ခါလိုက်လုပ်နေသည်။

ကလေးလေးက စူးစူးဝါးဝါး ထငိုသဖြင့် ရုတ်တရက် လန့်သွားသော်လည်း ...

"ငို ... ငို သေအောင် ငို၊ ဟင်း ... မှတ်ပြီလား"

ဘေးလူတွေ ဝိုင်းကြည့်နေတာကိုလည်း သူမ ဂရုမစိုက်။ နာခေါင်းရှဲ့တဲ့လူက ရှဲ့သွားသည်။

"ဒီမိန်းမနယ် အကြောင်နာမဲ့ရန်ကော"

"ဟုတ်ပါ့တော်၊ ကလေး ဒီလောက်ငိုနေတာကို"

ညာကတော့ ဘယ်သူဘာပြောပြော။ သူမထဘီလေးကိုပဲ တသုတ်သုတ်နှင့်။

မိုးလ ရောက်လာတော့ သားကိုပွေ့ချီရင်း ...

"ဟာ ... သား၊ သား ဘာဖြစ်လို့လဲ ညာ၊ သား ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမလဲ၊ ရှင့်သားက ကျွန်မပေါ် ရှူးပေါက်ချတယ်လေ၊ စည်းကမ်းကိုမရှိဘူး"

"ကလေးပဲကွ၊ စည်းကမ်းဆိုတာ နားလည်မလား။ သား ... တိတ်ပါသားရယ်"

"မောင်ရင် ကလေးကို ပုရွက်ဆိတ် ကိုက်နေတယ်ထင်တယ်၊ ဒီမြက်ခင်းမှာ ပုရွက်တွင်းရှိတယ်"

ဘေးက အဒေါ်ကြီးတစ်ယောက်က မနေနိုင်စွာ ကလေးကို ဆွဲယူပြီး ဖင်ပြန်ခေါင်းပြန် ရှာတော့မှ ပုရွက်ဆိတ်တွေ လေးကောင်တောင် သားကို ကိုက်ခဲထားလိုက်တာ။

သားရယ်။

www.burmeseclassic.com

www.burmeseclassic.com

သူ သားကို သနားလိုက်တာ။

"ညာ ... မင်း တော်တော်ရက်စက်တဲ့ မိန်းမပဲ။ မဟုတ်ဘူး။ မင်း မိန်းမ,မဟုတ်ဘူး။ မိန်းမဆိုရင် မိခင်စိတ်ရှိတယ်"

"ကျွန်မဘာသာ ဘာစိတ်ပဲရှိရှိ ရှင့်နဲ့မဆိုင်ဘူး။ ရှင့်ကလေးကို ကျွန်မ လက်ခံလို့လား။ ရှင့်ဘာသာရှင် ထိုးထည့်ပြီး ထွက်သွားတာ။ ကျွန်မ သည်းမခံနိုင်လို့ ဘေးမှာချထားလိုက်တာ ဘာဖြစ်လဲ"

"အေးလေ၊ မင်းက ဘီလူးမပဲ။ မင်းက ဘီလူးကပဲ က, တတ်မှာပေါ့။ ဒီမှာ ညာ၊ မင်း ဘီးလူးက က,ခဲ့လို့ မင်း ညီမ သေရတာကို မမေ့သေးရင် ရှေ့လျှောက်ဆင်ခြင်အသိရှိတတ်ဖို့ ကြိုးစားဦး"

"ရှင် ... ရှင် မဆိုင်တာတွေ မပြောနဲ့"

ညီမလေးနဲ့ ပတ်သက်ပြီး ပြောတာကိုကျတော့ အနာဟောင်းကို ပြန်ဆွခံရသလို နာကျင်လှပါသည်။

"အေး ... ဆိုင်တာကိုပဲ ပြောမယ်၊ မင်း ရက်စက်ခဲ့တဲ့ ဒီကလေးကို မင်း ဘယ်တော့မှ ပတ်သက်ဖို့ မကြိုးစားနဲ့"

"ဝေးသေး၊ ရှင့်ကလေးကို ကျွန်မက ဘာလုပ်ရမှာလဲ"

"ဟား ဟား ဟား ဟား ... ဒါ ငါ့ကလေးမဟုတ်ဘူး။ ငါသနားလို့ မွေးစားထားတဲ့ မုန်သတ်ပုံရဲ့ကလေး"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com

"ကြီးကြီးရယ် ... သူ ပြောတာ ဖြစ်နိုင်ရဲ့လား ကြီးကြီးရယ်၊ အဲဒီကလေးက ညီမလေးရဲ့ကလေးတဲ့"

"ဖြစ်နိုင် မဖြစ်နိုင်ဆိုတာကို သမီးလည်း စုံစမ်းနေတာပဲမို့လား ညာရယ်။ ခုပဲ မောင်မိုးလဟာ ဘယ်တုန်းကမှ အိမ်ထောင်မပြုခဲ့ဘူးဆိုတာ သမီး သိလာပြီပဲ။ ပြီးတော့ ဒီကလေးက မွေးစားထားတာလည်း သေချာသိလာပြီဆို၊ ဆက်စုံစမ်းကြည့်ပေါ့ သမီးရယ်။ ကြီးကြီးကတော့ သူ့ညာကို ညာမယ်မထင်ဘူး။ အင်း ... ပုံလေးကိုယ်စား ကျန်ခဲ့တဲ့ မြေးလေးကို မြင်ချင်စမ်းဘိကွယ်"

"အီး ဟီး ... မိသတ်ပုံ ... မိသတ်ပုံ၊ ခုထိ ဒုက္ခတွေပေးနေတုန်းပဲ"

"ညာ ... သမီး မှားနေပြီကွယ်၊ သတ်ပုံရဲ့ကိုယ်ပွားလေး ကျန်ခဲ့တာ မကောင်းဘူးလား သမီး။ မျိုးဆက်ချန်ခဲ့တာ ဒုက္ခပေးတာမှ မဟုတ်တာကွယ်။ ဒီကလေးသာ ပုံရဲ့ကလေးဆိုရင် ဒီကလေးကို ကြီးမွေ မွေးစားမယ်၊ ဒီကလေးကြောင့် သမီးကို ဘာမှမထိခိုက်စေရဘူး ညာရယ်"

ညာ ခေါင်းငိုက်စိုက်ကျသွားသည်။ ညာ တရားရဲ့လား။ လောကကြီးက ညာ့ကို ပညာပေးလှချည်လား။ ခု ညာ ဘာလုပ်ရမလဲ။ တကယ်သာ သတ်ပုံရဲ့သွေး ဆိုရင်တော့ ထိုကလေးကို ညာ ပစ်မထားရက်ပါ။

✣ ❤ ✣

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါတယ် မင်း ဖွင့်ပြောလိုက်တော့လည်း၊ တကယ်တော့ ငါတို့လို လူပျိုနှစ်ယောက်လက်ထဲမှာထက်စာရင် သူတို့တူဝရီးဆိမှာနေတာက သားအတွက် ပိုသင့်တော်ပါတယ်ကွာ"

"ဒီပါ ... မင်း"

ဒီပါ့ကို စိတ်ဆိုးလွန်လို့ ထထိုးမိတော့မလိုတောင် ဖြစ်သွားသည်။ ကလေးကို မြက်ခင်းပေါ် ပစ်ချပြီး ဘာဖြစ်ဖြစ် ကြည့်နေရက်တဲ့ မိန်းမမျိုးရဲ့လက်ထဲမှာနေတာပဲ ကောင်းသတဲ့။

"ဒီပါ ... ငါ သားကို မွေးစားခဲ့တာ စာချုပ်စာတမ်းနဲ့ တရားဝင် မွေးစားခဲ့တာကွ။ ပြန်ပေးဖို့ စိတ်ကူးမရှိဘူး။ ပြီးတော့ ဒီမိန်းမထက်စာရင် ငါက ပိုပြီး သားကိုဂရုစိုက်သေးတယ်ကွ၊ ဟွန်း ... အသည်းနှလုံးမရှိတဲ့ မိန်းမရဲ့လက်ထဲကို ဘယ်တော့မှ မပေးနိုင်ဘူး"

"မိုးလ သူ့တူမှန်း မသိခင်က ရက်စက်ခဲ့တာကိုဇွေမယူနဲ့လေကွာ"

"ဟ ... သွေးတော် သားမစပ်တော့ရော လုပ်စရာလားကွ။ ဒီမှာ ဒီပါ၊ မသိပေမယ့် သွေးကစကားပြောပါတယ်ကွာ။ ငါ အဲဒီနေ့က တမင် သူ့လက်ထဲကို ကလေးထည့်ခဲ့တာ။ ကလေးကို ချီလိုက်ရင် သူ့စိတ်တွေ နူးညံ့လာမလားလို့။ ဒီလောက်ချစ်မွေးပါတဲ့ ငါ့သားကို ရက်ရက်စက်စက်ကွာ"

ဒီပါ ဘာမှဆက်မပြောတော့။ ဒီပါ ထင်ထားတာက မိုးလဟာ ဒီကလေးကို မြဲသက်ညာရဲ့တူမို့ မွေးစားတာလို့ထင်ခဲ့တာ။ ခုတော့ မိုးလက မြဲသက်ညာထက် ကလေးကို ပိုခင်တွယ်နေရှာပြီ။

"မင်း ... ညာ့ကို မချစ်တော့ဘူးလား"

"ချစ်တယ်၊ အဲဒီအလိုက်ကမ်းဆိုးမသိတဲ့ နှလုံးသားက သူ့ကို မုက်မက်စက်စက်ကြီး ချစ်နေတုန်းပဲ။ ဒါပေမဲ့ ငါ သူ့ကို ယူရဲပါ့မလားဆိုတာတော့ မသေချာဘူး"

"Why ?"

www.burmeseclassic.com

www.burmeseclassic.com

"ငါ သူ့ကိုကြောက်သွားတာတော့ သေချာတယ်၊ သူ့စိတ်ကြီးကို မနှစ်မြို့ဘူး"

"မင်း,သားကို သူ လာတောင်းမယ် ထင်တယ်"

"ငါ မပေးနိုင်ဘူး"

"ဒီလိုလုပ်ပါလား၊ မိုးလ ကလေးကိုတော့ ပြန်မပေးနိုင်ဘူး၊ ကလေးကို လိုချင်ရင် မင်း ငါ့ကို လက်ထပ်ရမယ်လို့ ပြောလိုက်ကွာ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ"

"တော်ပါကွာ၊ အဲဒီမိန်းမနဲ့ ငါ ရန်သတ်နေရပါဦးမယ်၊ တော်ပါတော့"

"ဟား ဟား ... မိုးလ ... မိုးလ၊ မင်းအဖြစ်က ဆုပ်လည်းစူး စားလည်းရူး ဖြစ်နေပြီကွ။ ဘာတဲ့ သားနာမည်က ခွဲမြိမိုး ... ဟုတ်လား၊ ဟက် ဟက်"

"ရယ် ... ရယ် ... သေအောင်ရယ်၊ အူတက်ပြီး သေသွားဦးမယ်"

မြဲသက်ညာ ကလေးအကြောင်းတွေးမိတိုင်း စိတ်ရှုပ်ရသည်။ တကယ် ကိုယ့်သွေးသားဖြစ်နေရင်တော့ သူများလက်ထဲ မထားချင်ပါဘူး။

တစ်နေ့ အဲဒီ မိုးလ အိမ်ထောင်ပြုဦးမှာပဲ။ အဲဒီကျရင် သူ့မိန်းမက တူလေးကို နှိပ်စက်ရင် ဘယ်လိုလုပ်မလဲ။

ပြီးတော့ မိုးလကရော သူ့မှာ သားသမီးတွေရလာရင် တူလေးကို သားသမီးတွေနဲ့တန်းတူ သဘောထားနိုင်မတဲ့လား။ ကျောသား ရင်သားကတော့ ကွဲမှာပဲ။

မိသတ်ပုံ ... မိသတ်ပုံ။ မိုက်လုံးကြီးတဲ့ မိန်းကလေး။ လင်နောက်လိုက်သွားလို့ စိတ်တိုတိုနဲ့ ပစ်ထားမိပေမယ့် တစ်နှစ်လောက်နေတော့ စိတ်ပြေကာ ညီမဖြစ်သူကို စိတ်မချဖြစ်လာ၍ ပြန်ရှာခဲ့ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ...

သတ်ပုံ သေသွားပြီဆိုတဲ့ သတင်းကလွဲပြီး နောက်ဆက်တွဲ ကလေးကျန်နေခဲ့တာကို မသိခဲ့ရ။ ထင်ကို မထင်ထားတာ။

ပြီးတော့ သတ်ပုံယောကျ်ားကလည်း အခေါ်အိမ်ကပ်နေရတဲ့ ကလေကချေ ဆန်ကုန်မြေလေး ကောင်လေးပါ။

သူမ တွေ့ခဲ့တုန်းကတောင် အဲဒီကောင်လေးက အရက်ဆိုင်မှာ ခေါင်းစိုက်နေတာ။ ညီမလေး ဆုံးသွားတာကို တောင် သူ့အခေါ်ပြောလို့ သိရတာ။ သူ့အခေါ်ကလည်း ကလေးကျန်ခဲ့ကြောင်း မပြောပါဘူး။

ညာ တွေးနေရင်းနဲ့ ထိုကောင်လေး၏အခေါ်အိမ်ကို သွားဖို့ စိတ်ကူးရသွားသည်။

လမ်းခပ်ကျဉ်းကျဉ်းလေးမှာ လမ်းမပေါ်တက်ဆော့နေတဲ့ ကလေး ပုစုခရုတွေကြောင့် ကားဝင်လို့ပင်မရ။

ကလေးတွေက လမ်းတစ်ဖက်တစ်ချက်ကို ပိတ်ပြီး ဘောလုံးကွင်းလုပ်ကာ ဂိုးတိုင်ချထားသေးရဲ့။

မတော် ညာ့ကားမှန်တွေ ဘောလုံးမှန်ကုန်လို့ ဟုတ်ပေဖြစ်နေဦးမယ်။

ကားကို လမ်းထိပ်မှာရပ်ပြီး ကလေးတွေကို ရှောင်ကွင်းကာ ကောင်လေးရဲ့အခေါ်အိမ်ရှေ့ ရောက်လာ၏။

အဆင်သင့်ပဲ ကောင်လေးကို အိမ်ပေါ်မှာတွေ့ရ၏။

"ဟာ ... မညာပါလား"

ကောင်လေးက သတ်ပုံခေါ်သလိုခေါ်သည်။ ညာ မနှစ်မြို့သော်လည်း ...

သူ့အခေါ်ကလည်း အဆင်သင့် ရှိနေသည်။

"လာပါ မညာ၊ ထိုင်ပါဦး"

ညာ သူတို့အိမ်ရှေ့ခန်းလေးက ကွပ်ပျစ်မှာ ဝင်ထိုင်ရင်း ...

"မင်းနာမည် ဘယ်သူ"

"ဧော်ဝင်းပါ၊ ဒါနဲ့ ဘာကိစ္စများရှိလို့လဲ မညာ။ ဟို ... သတ်ပုံအတွက် အမွေတွေ ဘာတွေများ ..."

ဧော်ဝင်း ထိုစကားပြောတော့ သူ့အခေါ် မျက်လုံးတွေက အရောင်လက်လာကာ ...

"တူမကြီး ကော်ဖီသောက်မလား"

"တော်ပါပြီ။ ကျွန်မ မေးစရာရှိလို့ လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာမေးမှာလဲ မညာ"

"သတ်ပုံ ဘာလို့သေတာလဲ"

"အိုတော် ... တရားခံမေး လာမမေးနဲ့။ ညည်းညီမက သူ့ဟာသူ ကလေးမမွေးနိုင်စဲ သေတာ"

သူ့အဒေါ်က ခါးသီးစွာ ပြန်ဖြေသည်။

"ဟုတ်လား ဇော်ဝင်း"

"အစ်မ မယုံရင် ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ သွားမေးကြည့်လိုက်"

"ဟုတ်ပြီ၊ ဒါဆိုရင် ကလေးကရော"

"သေပြီပေါ့"

သူ့အဒေါ်က ဝင်ဖြေသည်။

"ဇော်ဝင်း ကလေးရော။ တို့ ဗဟိုအမျိုးသမီးဆေးရုံကိုလည်း သွားမေးမှာပါ"

"မညာ ဘာလို့ ဒါတွေ ခုမှ လာမေးနေတာလဲ"

"သိချင်လို့"

"သိချင်ရင် တန်ရာတန်ကြေး ပေးရမယ်"

"ဘာ"

"ကျွန်တော် ပိုက်ဆံလိုနေတယ် မညာ"

"ဇော်ဝင်း ... နင် ငါ့ကို တစ်ဝက်ပေးရမယ်နော်။ တစ်နေ့ တစ်နေ့ နင် မျိုဆို့နေတာတွေက အလကားရတာ မဟုတ်ဘူး"

ညာ တော်တော်စိတ်ပျက်သွားသည်။ ဒီအိမ်မှာ တစ်နှစ်ကြာအောင် သတ်ပုံ ဘယ်လိုနေထိုင်ခဲ့ပါလိမ့်နော်။

"ဘယ်လိုလဲ မညာ"

"ကလေးက သေပြီဆို"

"ကျွန်တော့်ကို ပိုက်ဆံငါးသိန်းပေးမှ ပြောနိုင်မယ်၊ ဒါက သတ်ပုံရမယ့် အမွေတွေထက်စာရင် ပါးပါးလေးပါ"

"ဒီမှာ အမွေခံ သတ်ပုံက သေပြီလေ။ မင်း ဘာတွေလာ ပြောနေတာလဲ"

"သတ်ပုံ သေပေမယ့် သတ်ပုံသား ကျန်နေခဲ့သေးတယ်။ ဟုတ်တယ်၊ ကျွန်တော် ကလေးကို သွားပြန်ခေါ်မယ်။ ကလေးပိုက်ပြီး သတ်ပုံရသင့်တဲ့အမွေကို လာတောင်းမယ်"

"ကောင်းပြီ၊ ပထမတော့ မင်းကို ငါးသိန်းပေးမလို့ပဲ၊ ခုတော့ မလိုတော့ဘူး၊ ငါ ပြန်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"မည်မှာ ကလေးကို မတွေ့ချင်ဘူးလား"

ညာ ဘာမှပြန်မပြောတော့ဘဲ ဗိုအိမ်က ထွက်လာခဲ့သည်။ မိုးလဆီက ကလေးဟာ သူ့တူဆိုတာ သေချာသွားပြီ။

ကားလေးက မိုးလရဲ့ဆိုင်သို့ ဦးတည်လျက်။

သေချာတာကတော့ မိုးလနဲ့ သူမ စကားတွေအများကြီး ပြောရလိမ့်ဦးမယ်။

"အဲဒါပဲ မိုးလ၊ တော်ကြာ ဇော်ဝင်း ရှင့်ဆီရောက်ချင် ရောက်လာလိမ့်မယ်"

"လာတော့ရော ဘာဂရိုက်စရာလိုလဲ။ ကိုယ် ဒီကလေးကို စာချုပ်စာတမ်းနဲ့ အမွေစားအမွေခံသားအဖြစ် အပြီးအပိုင် မွေးစားခဲ့တာ။ သူ့ဆီက ဒီကလေးကို မွေးစားခွင့်ရဖို့ ပိုက်ဆံပေးဝယ်ယူခဲ့ရတာပါ"

"ဘာ ... ရှင် သူ့ကို ပိုက်ဆံပေးရသေးတယ်"

"သေချာတာပေါ့၊ ကိုယ် ဒီမွေးစကလေးလေးကို မွေးခွင့်ရဖို့ ပိုက်ဆံငါးသိန်း ပေးခဲ့ရတာ"

"တောက် ... မိုက်ရိုင်းလိုက်တဲ့ကောင်"

"မတတ်နိုင်ဘူးလေ၊ ကလေးကို သူနဲ့ထားရင် ဒီကလေး ဘဝ စုတ်ပြတ်သတ်သွားနိုင်လို့ ကိုယ် ခေါ်လာခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး၊ ဘယ်လိုဖြစ်ပြီး ရှင် သူတို့နဲ့ အဆက်အသွယ် ရသွားတာလဲ"

"အကြောင်းတိုက်ဆိုင်လို့ပဲ မှတ်လိုက်ပါ"

"ဒီကလေး ကျန်ခဲ့တာကို ရှင် ဘာလို့ ကျွန်မကို အကြောင်း မကြားတာလဲ"

"ဟ ... မင်းက မင်းညီမကိုတောင် စွန့်ပစ်ထားတာလေ၊ မင်းညီမက ကျန်ခဲ့တဲ့ ဒီကလေးကို မင်း ဘယ်လိုသဘော ထားမယ်မှန်းမှ မသိနိုင်တာ။ ပြီးတော့ အဲဒီတုန်းက မင်း အိမ်ခြောင်းသွားတာ ဘယ်မှာနေမှန်းမှ မသိတာ"

"ကဲပါ ... ဘာပဲဖြစ်ဖြစ် ကျွန်မ ရှင့်ကို ကျေးဇူးတင်တယ်၊ ဇော်ဝင်းကို ရှင်ပေးခဲ့ရတဲ့ ငါးသိန်းရော။ ကလေး ရှင့်လက်ထဲရောက်တဲ့ အချိန်ကစပြီး ရှင် ကုန်ခဲ့ရတာတွေအတွက်ရော အကုန် ဘယ်လောက်ကျလဲ၊ စာရင်းကွက်ထားလိုက်လေ။ ကျွန်မ အဲဒီနှစ်ဆပေးပါ့မယ်။ ဩော် ... ငွေနဲ့ကန်ဖို့ဖြတ်တာ မဟုတ်ဘူးနော် မိုးလ၊ ကျွန်မ ရှင့်ကို ကျေးဇူးတင်လို့ ကျေးဇူးပြန်ဆပ်တဲ့သဘောပါ"

"မြဲသက်ညာ မြဲသက်ညာ၊ မင်း တော်တော်ဆိုးတဲ့ မိန်းမပါလား။ ဟမ် ... အရာရာကို ငွေနဲ့ဝယ်လို့ရတယ်လို့ မင်း ထင်နေလား"

"ရှင် ဘာကိုဆိုလိုတာလဲ"

"ငါ့သားကို ငါမွေးစားခဲ့တာ တရားဝင် မွေးစားခဲ့တာကွ။ သူများလက်ထဲ လွှဲပေးဖို့ စိတ်ကူးမရှိဘူး"

"အို ... ဒါက ကျွန်မတူပဲ"

"အေး ... ကလေးရဲ့အမေ မင်းညီမကိုတောင် အမွေပြတ် စွန့်လွှတ်ထားတာပဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်မက အဒေါ်ရင်းလေ၊ ရှင် ကလေးကို ပြန်ပေးရမယ်၊ နေဦး မိုးလ၊ ရှင် ကျွန်မကို ငွေညှစ်နေတာတော့ မဟုတ်ပါဘူးနော်"

"သွားသေလိုက်စမ်း မြဲသက်ညာ၊ အဲဒီငွေဆိုတာကို ဖက်တွယ်ပြီး ရူးနေတာ မင်းတစ်ယောက်ပဲ ရှိလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

သိမ်စိတ်ပျက်ဖို့ကောင်းတာပဲ။ ဇော်ဝင်း ဆိုတဲ့ကောင်က ကလေးလာပြန်တောင်းနေသည်။ စာချုပ်စာတမ်းတွေ ထုတ်ပြပြီး မနည်းရှင်းထုတ်ရသည်။

ဒီပါက ...

"မိုးလရာ ... ငါ စိတ်ရှုပ်လာပြီ၊ သားလေးကိုတော့ ချစ်ပါရဲ့၊ ပြဿနာတွေကိုတော့ စိတ်ကုန်တယ်ကွာ၊ ကလေးကို ညာတို့တူဝရီးဆီ ပြန်ပေးလိုက်ပါလား"

"ငါ့သားကို မပေးနိုင်ပါဘူးကွာ"

"မိုးလ ... မင်းရဲ့ဒူးမနာသားကို သံယောဇဉ်ရှိတာလား။ မြဿက်ညာနဲ့ အဆက်သွယ် ပြတ်မှာစိုးလို့ ဒီကလေးကို ပြန်မပေးနိုင်တာလား။ သေချာစဉ်းစားနော်"

"ဒီပါ ... မင်း တော်တော့ကွာ"

ဒီပါနှင့် စကားမများစဖူး များကြရသည်။ သားကတော့ အမိုးရဲ့လက်ထဲမှာ နို့ဘူးကို တပြွတ်ပြွတ်စို့လို့။

မိသားစုပမာ ဖြစ်နေသော အမိုးကလည်း ...

"မောင်ဒီပါရယ် ... မောင်မိုးလက ကလေးကို တကယ် သံယောဇဉ် ရှိရှာတာပါ။ အမိဝမ်းက ကျွတ်ကတည်းက ကောက်မွေးလာတာကွယ်။ အင်း ... တစ်ဖက်ကကြည့်တော့လည်း သားရင်းသွေးရင်း အဒေါ်ကလည်း ဒီကလေးကို ပြန်လိုချင်ရှာမပေါ့ မောင်မိုးလရယ်၊ အမိုးက မျှမျှတတ ပြောတာနော်။ စဉ်းစားကြပေါ့"

"ဆောရီး မိုးလရာ၊ ငါက ဟိုကောင်ဇော်ဝင်းပါ လာရှုပ်နေလို့ စိတ်ရှုပ်တာနဲ့ ပြောမိတာ"

"ရပါတယ်ကွာ"

ဒီပါက ကလေးကို သွားမြူနေပြန်သည်။ သားလေးကတော့ ဘာမှမသိစွာ ခိုးခိုးခစ်ခစ်ရယ်လို့။

သားရယ်သံက သူတို့ကမ္ဘာရဲ့ ဆည်းလည်းလေးပါ။ ဒီသားလေးရဲ့ကရိကထ ဒုက္ခပိစိလေးတွေကို ခံရင်းကပင် ဒီသားကို သံယောဇဉ်တွေ ဖြစ်ရတာ။

www.burmeseclassic.com

www.burmeseclassic.com

မြသက်ညာရဲ့ကြီးတော် ရောက်လာပြန်သည်။

ကလေးလာတောင်းတာပဲပေါ့။

"မောင်မိုးလရယ် ... ကြီးကြီးတူမက စကားပြောမတတ်ပါဘူးကွယ်။ ခုလည်း သူ့တူကို ရလိုဇောနဲ့ မောင်မိုးလကို ပြောမိဆိုမိတာရှိရင် ခွင့်လွှတ်ပါကွယ်"

"ရပါတယ် ကြီးကြီး"

"ကြီးကြီးတို့အနေနဲ့တော့ကွယ်၊ ပုံပုံလေး ကျန်ရစ်ခဲ့တဲ့ ဒီမြေးလေးကို ပြန်လိုချင်တာပေါ့။ ကိုယ့်သွေးသားအရင်းကိုကွယ်။ ပြီးတော့ မောင်မိုးလ ဆိုတာကလည်း အရွယ်ကောင်းလေးကွယ်။ ကလေးတစ်ဖက်နဲ့ ဗျာများပါတယ်။ ပြီးတော့ မောင်မိုးလ တစ်နေ့ အိမ်ထောင်ပြုခဲ့ရင်လည်း ဓနိမယား သမီးသား ဆိုတာတွေက ဝေဆာလာဦးမှာလေ။

သတ်ပုံဆုံးသွားရတာကို သူ့ပဟောဂမကင်းသလို ခံစားနေရတဲ့ မိုးလဟာ သတ်ပုံရဲ့သားလေးကို အစွမ်းကုန်ပြုစုစောင့်ရှောက်မည်ဟု ဆုံးဖြတ်ခဲ့တာပါ။

ခုဆို သားလေးတောင် ရှစ်လရှိပြီ။ မွေးကတည်းက နို့ဘူးနဲ့ နှစ်ပါးသွားခဲ့ရတဲ့ သားလေးဟာ ဝဝကစ်ကစ်လေးနဲ့ ကျန်းမာရေးလည်း ကောင်းရှာပါသည်။

သူများကလေးတွေလို ဂျီမပူ ဥဉ်မဆိုးတဲ့ သားလေးကို သူ ချစ်တာတုန်လို့။

သားလေးရှေ့ရေးအတွက် အလုပ်တွေ ကြိုးစားလိုက်ရတာလည်း အမောပါ။

ဘယ်လောက် ပင်ပန်းပါစေ၊ သားလေးက အမောပြေစေခဲ့တာပင်။

သူ သားကိုချစ်တာဟာ မြသက်ညာနဲ့ တစ္ဆေနှင်းတစ်မှ မဆိုင်ပါ။

ညာနဲ့သားကို ယုဉ်ကျွေးခိုင်းရင်တောင် သူ ကွေးမှာက သားလေး ဖွဲ့မြိုးကိုပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆိုလိုတာကတော့ကွယ် မောင်မိုးလ အနေနဲ့ ကျောသားရင်သားဆိုတာတွေ ရှိလာဦးမှာလေ"

"ခဏလေး ကြီးကြီး နေပါဦး။ ဒီကလေးကို ကျွန်တော် တရားဝင် အပြီးတိုင် မွေးစားခဲ့တာပါ။ ကျွန်တော် အိမ်ထောင်ပြုခဲ့ ကလေးမွေးခဲ့ရင်တောင် သားက ကျွန်တော့်ရဲ့ သားကြီးပါပဲ၊ ဒါဆို ရပြီလား"

"ခက်တယ်ကွယ်၊ ကြီးကြီးတို့ဘက်ကလည်း သွေးသားဆိုတော့ လိုချင်တယ်။ မောင်မိုးလတောင် သူစိမ်းဖြစ်ပြီး မွေးစားသားကို ဒီလောက်ချစ်နေရင် ကြီးကြီးတို့ ဘယ်လောက်များ ပူလောင်ရမလဲ ဆိုတာ မောင်မိုးလ ကိုယ် ချင်းစာကြည့်ပါကွယ်"

ကြီးကြီးက အမိုးလက်ထဲက သားလေးကို လက်ပြောင်းပွေ့ချီရင်း တရှဲ့ရှဲ့နမ်းနေသည်။ သားက ခိုးခိုးခစ်ခစ်ရယ်လို့။

"ကြည့်စမ်း ... ငါ့မြေးက သဘောကျတယ်ဟော့၊ ရုပ်ကလေးက ပုံပုံနဲ့ ချွတ်စွပ်ပဲ၊ ပုံပုံ အငယ်စားလေးပါလား၊ ပုံပုံငယ်ငယ်တုန်းက ဒီရုပ်ပဲ ဓာတ်ပုံတွေတောင် ရှိသေးတယ်"

ကလေးကိုမြှူရင်း ကြီးကြီး မျက်ရည်ဝဲနေသည်။

"အင်း ... ဒါတွေဟာ ညာလေး အပြောအဆိုမတတ်ရာက စတဲ့ ဇာတ်လမ်းပဲ"

"ကြီးကြီးတို့ ညာတို့ သားကိုတွေ့ချင်ရင် အိမ်ကို အချိန်မရွေး ဝင်ထွက်ပြီး တွေ့လို့ရပါတယ် ကြီးကြီး၊ ကျွန်တော့် သားကိုတော့ ပြန်မပေးနိုင်တာ ခွင့်လွှတ်ပါ၊ ကဲ ... အမိုးရေ၊ ကျွန်တော် ဆိုင်သွားလိုက်ဦးမယ်၊ သားကို ဂရုစိုက်နော်"

"အေးအေး မောင်မိုးလ၊ နင့်သားကို စိတ်ချ၊ နို့မှုန့်ဝယ်ခဲ့ဦးနော် ကုန်တော့မယ်"

"ဟုတ်ကဲ့ ဝယ်ခဲ့မယ်၊ သွားပြီနော် ကြီးကြီး၊ ခွင့်ပြုပါဦး ခင်ဗျာ"

"အေးပါကွယ်"

မိုးလ ထွက်သွားတော့ ကြီးကြီးနဲ့ အမိုး ဇာတ်ကြောင်းလှန်ကြပြန်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကလေးကို ပြန်ရဖို့ မလွယ်ကြောင်း သဘောပေါက်လိုက်ရသည်။

✣ ❤ ✣

www.burmeseclassic.com

www.burmeseclassic.com

သားက ဖေဖေလို့ စခေါ်တဲ့နေ့မှာ မိုးလ ခုနစ်ပေါက်ပြီးတော့ကို ပျော်နေရှာသည်။

"ဟား ဟား ... ငါ့သားက ဖေဖေတဲ့ကွ"

အမြင်ကတ်သော ဒီပါက ...

"ဖေဖေ မဟုတ်ပါဘူးကွာ၊ ငါကြားတာတော့ ပေပေဆိုလား အပေအတေဆိုလား"

"မနာလိုမရှိနဲ့ မောင်ဒီပါ။ ပြီးတော့ မပြစ်မှားနဲ့၊ ငါ့သားက Lucky Boy လေးနော်၊ ငါ့သား ရောက်လာမှ မင်းအလုပ်တွေဖြစ်ပြီး ခုဆို လပိုင်းလေးနဲ့ ကားတစ်စီးတောင် ဝယ်စီးနိုင်ပြီ ... ဟင်း"

"ငါက သားကို ဘာပြောလို့လဲ၊ မင်းကိုပဲ ပြောတာ၊ အမြင်ကတ်လို့ဟေ့"

"ဟား ... မနာလိုမရှိနဲ့ သိလား။ ငါ့သားက ငါ့ကိုဖေဖေခေါ်တာ မနာလိုမဖြစ်နဲ့"

"ငါ့ကိုလည်း ဦးဦးလို့ ခေါ်တတ်အောင်သင်မှ ဖြစ်မယ်၊ ငါလည်း အခေါ်ခံချင်တာပေါ့ကွ ... ဟီး"

မိုးလနဲ့ ဒီပါ ကလေးနားမှာ ဝိုင်းနေသည်။ အမိုးကတော့ ပြုံးပြုံးကြီးကြည့်လို့။

ထိုစဉ်မှာပဲ မြသက်ညှာက ကလေးကစားစရာတွေ တစ်ပွေ့တစ်ပိုက်နှင့် ရောက်လာပါသည်။

"ရှင်တို့ချည်းပဲ ကလေးနား ကပ်ချင်လို့ ရမလား"

မိုးလက ကော်လာထောင်ကာ မိန့်မိန့်ကြီးပြုံးရင်း ...

"ညာ"

"ဘာလဲ"

"သားက ကိုယ့်ကို ဖေဖေလို့ခေါ်တယ်"

"မဖြစ်နိုင်တာ၊ ကလေးကဖြင့် စကားတောင် မပြောတတ်သေးဘူး"

"တကယ်ပါဆို၊ ကိုယ်ခေါ်ပြမယ် ... သားရေ။ သားသား လေးရေ"

"ပေပေရေ"

"သားသားရေ"

www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေရေ"

"ဟာ ... တွေ့လား၊ သား ကိုယ့်ကို ဖေဖေလို့ခေါ်တယ်"

ညာ့မျက်နှာက စူပုပ်နေသည်။ ဟုတ်တယ်။ ကိုယ်က အခေါ်ရင်းလေ။ ခုတော့ ဘာမှသွေးမစပ်တဲ့သူ့ကို ကိုယ့်တူလေးက ဖေဖေခေါ်နေတာကိုး။ ကိုယ်မှာ အောင့်သက်သက်။ မိုးလနှင့် သားလေးကတော့ သားရေ ဖေဖေရေနှင့် ညံနေသည်။

"နေပါဦး ရှင်ကလည်း၊ ကလေးကို ချီပါရစေဦး။ ဒီမှာ ကလေးအတွက် ဝယ်လာတဲ့ ကစားစရာတွေကိုတောင် မပေးရသေးဘူး"

ညာက ကလေးကို အတင်းလုချီနေသည်။

"မနာလိုမဖြစ်ပါနဲ့ ညာရဲ့ ... ဟဲ ဟဲ"

ညာ့ မျက်စောင်းက ပိသာလေးနှင့် ဘေးပစ်လိုက်သလိုပင်။

ခဆို သားတောင် စကားတီတီတာတာ ပြောတတ်ပြီ။ ဒီပါ့ကိုဆို ဦးဦးဒီပါ ဦးဦးဒီပါနှင့် ညာခိုင်းတတ်နေပြီ။

"ဦးဦးဒီပါ သားသားကို ချစ်လား"

"ချစ်တာပေါ့ကွ"

"ချစ်ရင် သားသားကို ဆင်ကြိုးလုပ်ပေ။ သားသား ဆင်ကြိုးစီးချင်လို့"

ဒီပါ့ခမျာ ဘာမှမတတ်နိုင်ရှာဘဲ ဆင်ပမာလေးဖက် ကုန်းပေးလိုက်ရသည်။

"လူလည်လေး၊ သူ့အဖေကိုတော့ တစ်ခါမှ ဆင်မလုပ်နိုင်းဘူး"

ညာနဲ့ ကြိုးကြိုး လာသည့်အခါတွေဆိုလည်း ကပ်ချိပူဆာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မောင်မိုးလနဲ့ မောင်ဒီပါ၊ အမိုး ခွင့်တောင်းစရာရှိလို့"

မိုးလက သားအတွက် ကြက်သားပေါင်းဖို့ လုပ်နေသည်။ ဒီပါက သားကိုတိုက်ဖို့ နွားနို့နဲ့ထမင်းကို သမအောင်ခေါက်နေသည်။

"ပြောလေ အမိုးရဲ့"

"မနေ့က အမိုးအိမ်က ဖုန်းလာတယ်ကွယ်။ ရွာကအမိုးရဲ့ ဖထီး အတော်မမာ ဖြစ်နေတယ်တဲ့၊ အဲဒါ အမိုးပြန်ချင်တယ်။ ပြီးတော့ ဖထီးမရှိရင် ကျန်ခဲ့တဲ့ လက်ဖက်ခင်းတွေနဲ့ တောင်ယာကိစ္စတွေက ရှိသေးတော့ ..."

"နေဦး အမိုး၊ အမိုး ခွင့်ယူမှာမို့လား၊ ယူလေ အမိုးရဲ့၊ ဘယ်နှရက်လောက် ယူမလဲ"

"သားလေး ဇွဲမြဲမိုးကိုလည်း တကယ် သဲယောဇဉ် ဖြစ်ပါတယ်ကွယ်။ မဖြစ်သာလို့ ပြန်ရတာပါ"

"တီတီနဲ့ ဘွားဘွားက သားဆီ ဘာလို့လာတာရဲ့"

"သားသားလေးကို ချစ်လို့ပေါ့တော်"

"အဲဒါဆို သားသားကို ပါဝါရိန်းကျား အပြာကောင်ဝယ်ပေးပါ"

"အမယ်လေး ... တတ်လိုက်တာ၊ ငါ့တူလေးကို ဝယ်ပေးဦးမှာ"

သားလေး ဇွဲမြဲမိုးဟာ သူ့ပတ်ဝန်းကျင်ကို ရောက်လာသမျှ နှလုံးသားတိုင်းကို လှိုက်စားတတ်လေ၏။

မိုးလက ပိုဆိုးသည်။ သားလေးစကားတွေတတ်ပြီး တွတ်တီးတွတ်တာ ချွဲနွဲ့တတ်လာတော့ ပိုပြီး အသည်းတုန်အောင် ချစ်လာပြီ။ အဲဒီအချိန်မှာပဲ ...။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီ အမိုးရဲ့။ အမိုး ခွင့်ဘယ်နှရက် ယူမှာလဲ ယူပါ"

"အမိုး ပြန်လာနိုင်မှာ မဟုတ်ဘူး။ ဖထီးကျန်းမာရေး ကောင်းလာရင်တောင် အနားယူခိုင်းမှ ဖြစ်တော့မှာလေ၊ အမိုး အလုပ်ထွက်ခွင့် တောင်းတာပါ"

"ဟာဗျာ ... အမိုးရာ"

"မဖြစ်လို့ပါ လူလေးတို့ရယ်၊ ပြီးတော့ အမိုးမပြန်ခင် နာနီကောင်းကောင်းတစ်ယောက် လိုချင်ရင်လည်း ချိတ်ပေးခဲ့မယ်လေ။ တကယ်ဆိုရင်တော့ ကလေးက နာနီ မလိုတော့ပါဘူး၊ မောင်မိုးလတို့ ဆိုင်ထိုင်ရင်း ကြည့်လို့တော့ဖြစ်ပါတယ်။ ကလေးထိန်းရှိရင်တောင် ရတယ်၊ အမိုးအကြံပေးတာပါ။ ကလေးထိန်း ထမင်းချက် ယောကျ်ားတစ်ယောက် ငှားလိုက်ရင်တောင် အဆင်ပြေတယ်"

"ဟား ... ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး အမိုးရယ်"

သားလေးရဲ့ကရိကထလေးတွေက လွယ်သယောင်နှင့် ခက်ရပါသည်။ သူတို့က ယောကျ်ားသားတွေမို့လား။ ဒီ

ကလေးလေးကို အမိုးလိုတော့ ဘယ်ပြုစုတတ်ပါ့မလဲ။ အမိမဲ့သားလေး ခုလို လူလူသူသူလေး ဖြစ်လာတာ အမိုးကျေးဇူးကြောင့်ပါ။ ခုတော့ အမိုးက ခွဲသွားတော့မယ်။ မိသားစု မဟုတ်တော့လည်း တစ်သက်လုံး ဘယ်အတူနေနိုင်မှာလဲလေ။

ခုချိန်မှာ ကလေးထိန်း ထမင်းချက် ယောကျ်ားကို ငှားလို့ရော ယုံရမတဲ့လား။ သူတို့ အပြင်သွားတုန်း ရှိသမျှအကုန်မ၊သွားလို့ ဟုတ်နေဦးမယ်။

ခေါင်းတော့ တော်တော်စားရပါသည်။ အမိုးကိုလည်း မတားရက်၊ ကိုယ်တောင် အမိုးကို အလိုရှိသေးတာလေ။ သူ့မိသားစုက ပိုပြီးလိုအပ်ရှာမပေါ့။

"ရပါတယ် အမိုးရယ်၊ ဒီလိုပဲ ဖြစ်အောင်လုပ်ရမှာပေါ့၊ ဒါနဲ့ အမိုး ဘယ်တော့လောက် သွားမလဲ"

"လကုန်လောက်တော့ ပြန်ချင်တယ်"

ခေါင်းညိတ်ပြလိုက်ရသည်။ လကုန်ဖို့က တစ်ပတ်လိုတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

မပြောတော့လည်း မပြောပါ။ ပြောလိုက်တော့လည်း ကည့်တည့်ပဲ။ မိုးလ ဟိုက်နဲ့ ဖြစ်သွားသည်။

"မိန်းမယူမယ်၊ နေပါဦး မင်းဆီက မိန်းမကိစ္စနဲ့ ပတ်သက်လို့တောင် ဘာမှမကြားဖူးပါလား။ ဒီပါ ... မင်း ငါ့ကို မစားပါနဲ့ကွာ၊ ဒီမှာ ဒုစ်ရတဲ့ကြားထဲ။ လာနောက်မနေနဲ့"

"ငါ အတည်ပြောတာ မိုးလ"

"မင်း ဘယ်တုန်းက ရည်းစားထားလိုက်တာသဲ"

"ငါ့ရည်းစား မဟုတ်ဘူး။ ဒီလိုကွာ ငါနဲ့တွဲလုပ်နေတဲ့ ပွဲစားဒိုက်ကြီး သိတယ်မို့လား အဲဒီဒိုက်ကြီးရဲ့ညီမပဲ။ ငါက သဘောကျတာ ဒိုက်ကြီးကို ပွင့်ပွင့်လင်းလင်း ပြောပိုက်တာ။ ဒိုက်ကြီးတို့မိဘကစက ပွင့်လင်းတယ်ကွ။ သူ့အမေကတစ်ဆ သူညီမရဲ့နားချလိုက်တော့ ကောင်မလေးက ခေါင်းငုံ့တဲ့ကယ်ပေါ့ကွာ"

"ကောင်းပါ့ကွာ၊ မင်း ငါ့ကိုအရင် ဘာမှ မတိုင်ပင်ဘူး"

"အမ် ... ငါ ပြောနေတာပဲ့။ ကောင်မလေးကိုတောင် ဒါကိုပဲပွင့်ပြောရဲတာ မဟုတ်ဘူး။ ခု ကောင်မလေးဘက်က အိမ်ကမှ မင်းကိုပြောရဲတာ"

"မိုးလ ... ငါလည်း မင်းကို ပြောစရာရှိတယ်"

လာပြန်ပြီတစ်ယောက်။ အမိုးက ပြောစရာရှိတယ် အစချီပြီးရုံရှိသေး။ အမိုးအိမ်ရှေ့ဝရန်တာမှာ ကလေးအကျီတွေ သွားလှန်းနေတုန်း ဒီပါက စကားစလာသည်။

"ညစ်စရာတော့ မပြောနဲ့နော်၊ ဒီမှာ အညစ်အခဲရှိပြီးသား"

"ဒါဆိုလည်း နောက်မှပြောတော့မယ်ကွာ"

အဲလိုကျတော့လည်း မနေနိုင်ပြန်။ သိချင်ပြန်၏။

"ကဲ ... ပြောကွာ၊ ပြော"

"ရပါတယ်ကွာ၊ ငါ့ကိစ္စက အရေးမကြီးသေးပါဘူး။ အမိုးသွားရင် သားကိစ္စ ငါတို့ဘယ်လိုဖြေရှင်းကြမလဲ"

"ငါ ဆိုင်ကိုခေါ်သွားရမှာပေါ့။ အဲဒါ ထားပါဦး။ မင်းကိစ္စကို ပြောပါ"

"ငါ မိန်းမယူတော့မလို့"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်း ... အခု ဖွင့်ပြောတာက ..."

"အခု ငါ့အသက်ကလည်း မငယ်တော့ဘူးလေကွာ၊ ငါတို့ ဒီလထဲ စေ့စပ်ကြမလို့၊ ပြီးတော့ ခုတလော ငါ့လက်ထဲ ပွဲဖြစ်ထားတာလေးလည်း မြိုးမြိုးမြက်မြက်ရှိနေတော့ နောက်လလောက်ဖြစ်ဖြစ် ညည့်ခံပွဲလေး လုပ်လိုက်မလားလို့"

ဒီပါက အားလုံးစီစဉ်ပြီးပြီပဲ။ သူ ဘာတတ်နိုင်မှာလဲ။ ဒီတိုင်းဆို သူနဲ့သား နှစ်ယောက်ပဲ ကျန်မယ်ထင်တယ်။

"မင်းတို့ နေထိုင်ဖို့ကရော"

"အဲဒါက ငါက ကောင်မလေးဆီမှာ လိုက်နေရမှာ။ ဗိုက်ကြီးက သူ့ဘာသာ အိမ်ခွဲနေတာ။ ကောင်မလေးနဲ့ သူ့မားသားကြီးပဲ ရှိတော့တာကွာ။ အဲဒီတော့ သူ့မားသားကြီးတစ်ယောက်တည်း ထားခဲ့ဖို့ မဖြစ်နိုင်ဘူးလေ"

"အေးပါကွာ၊ ငါ နားလည်ပါတယ်၊ မင်း အဆင်ပြေရင် ပြီးတာပဲကွာ။ ငါ ဘာလုပ်ပေးရဦးမလဲ"

"ရတယ် သက်ရင်း၊ ငါက တစ်ယောက်တည်းသမားမှန်းသိတော့ သူတို့ဘက်က နားလည်မှုရှိတယ်၊ ဘာဘာညာညာလည်း မတောင်းဆိုရှာပါဘူး။ တချို့ သူတို့စီစဉ်လို့ရတဲ့ ကိစ္စတွေဆို သူတို့ဘာသာ စီစဉ်ပေးတယ်"

"အေးကွာ ဒီပါရာ၊ မင်းအတွက် ငါ ဝမ်းသာပါတယ်"

"ဟို ... ငါက စီစဉ်ပြီးကာမှ အမိုးက အလုပ်ထွက်တော့ မင်းနဲ့ သား ..."

"ရပါတယ်ကွာ ကိစ္စမရှိဘူး၊ ဒီလိုပဲ ဖြစ်သွားလိမ့်မယ် မပူနဲ့"

"ဩော် ... မိုးလ၊ မင်း ဘယ်လိုမှ မအောက်မေ့နဲ့နော်၊ ငါ သားအတွက် Account တစ်ခု ဖွင့်ပေးချင်လို့"

"မလိုပါဘူးကွာ၊ ခုဆို ဆိုင်ကလည်း ပုံမှန်ဝင်ငွေရှိနေပြီပဲ"

"အဲဒါတော့ မငြင်းနဲ့ကွာ၊ မှန်သတ်ပုံကို တံခါးဖွင့်ပေးလိုက်တာဟာ မင်းတစ်ယောက်တည်းမှ မဟုတ်တာ။ သားရဲ့တာဝန်ကို ငါတို့နှစ်ယောက်လုံး ယူသင့်တာပေါ့။ ဒီတစ်ခုတော့ မငြင်းနဲ့ကွာ။ အရေးအကြောင်း ရှိလာရင် သုံးလို့ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ပြုံပြုံလန်အောင် ငိုနေသော သားကို ဂူဂူကြီးထိုင်ကြည့်နေမိသည်။

သူ ဘယ်လောက် စိတ်ညစ်နေသလဲဆိုရင် သားအငိုတိတ်အောင် ချော့ဖို့တောင် မေ့နေသည်။

အမိုးက အလုပ်ထွက်သွားပြီး ဒီပါကလည်း မိန်းမယူသွားပြီ။

ခုလည်း သားက ကိုယ်ပူနေပြန်သည်။ ညနေကတော့ တအီအီညည်းကာ ...

"ဖေဖေ ... မိုးမိုးတို့ ထော်ပေး မိုးမိုးတို့ ထော်ပေး"

အမိုးကိုပဲ တ,နေသည်။ တ,ရှာမှာပေါ့။ အမိုးသည်သာ မိခင်ရင်ခွင်ပမာ ဖြစ်ခဲ့ရတာကိုး။

"အေး ... အေး ... ခေါ်ပေ မယ်ကွာ၊ သားလေ အိပ်လိုက်ဦးနော်"

သူ ဆိုတာကလည်း ကလေးအဖေ အစစ်မှမဟုတ်တာ။ ကလေးအတွေ့အကြုံကလည်း မရှိ၊ သူကိုယ်တိုင်က တစ်ဦးတည်းသောသား ဆိုတော့ ညီ,ညီမတောင် မထိန်းခဲ့ရ။

"ခုထော်ပေး ... ခုထော်ပေး"

သားက တအီအီ ညည်းရာကနေ အာခေါင်ခြစ်၍ အော်တော့သည်။ သူလည်း ဆက်မချော့တတ်တော့ဘဲ ဒီတိုင်းထိုင်ကြည့်နေမိသည်။

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြားတော့ စောတော်ဝမ်းသာသွားသည်။ လွတ်မြောက်ရာကြီးလိုလို။ ကယ်တင်ရှင်ပဲ ရောက်လာသလိုလို။

တံခါးဖွင့်လိုက်တော့ ဘေးအခန်းက မမကြည်။

"မောင်မိုးလ ကလေးဘာဖြစ်တာလဲ၊ ငိုလှချည်လား"

"ဟုတ်တယ် မမကြည်။ သားက နေမကောင်းဘဲ ဂျိုက္ခနေတာ"

"ဖြစ်ရမယ်၊ ဇွဲဇွဲရေ လာပါဦး၊ ကြီးကြီးဆီ လာပါဦး၊ အိုးဇွဲဇွဲလေးက ငိုလိုက်စာ၊ သားလေး ဘာလို့ ငိုတာလဲ

www.burmeseclassic.com

www.burmeseclassic.com

သားလေးရယ်။ အေး ... အေး ... ကျွတ် ... ကျွတ် လူက လေးရယ်၊ တိတ်ပါကွယ်၊ ဟော သီချင်းဆိုတယ်တော့"

စသဖြင့် မမကြည်ရဲ့ ဗလွတ်ရွတ်တ သားချော်တေးသံမှာ သားလေး မျက်လုံးကလယ်ကလယ်နှင့် တိတ်သွားသည်။

မမကြည်မှာ ကလေးနှစ်ယောက်ရှိနေပြီး အငယ်လေးတောင် ဒုတိယတန်း တက်နေပြီမို့ သူ့ကလေးတွေက လက်လွတ်လို့ရသည်။

ကလေးအမေဆိုတော့ ကလေးအထာသိသည်။ သားလေးက မမကြည် လက်ထဲမှာ အိပ်ပျော်သွားသည်။

"အင်း ... ဇွဲဇွဲလေးက သနားပါတယ်၊ အမိုးမရှိတော့ ဒုက္ခပိုရောက်တာပေါ့၊ နာနီဖြစ်ဖြစ် ကလေးထိန်းဖြစ်ဖြစ် ငှားလိုက်ပါလား မောင်မိုးလ"

"ကျန်တဲ့အချိန်တော့ ကျန်တော့်ဘာသာ ထိန်းလို့ရပါတယ်၊ နေမကောင်းတဲ့ တစ်ချိန်ပဲ"

"မထင်နဲ့နော် မောင်မိုးလ၊ ကလေးတစ်ယောက်ကို ပြုစုတဲ့နေရာမှာ ယောကျ်ားနဲ့မိန်းမ ကွာကိုကွာတယ်။ ငါ မေးစမ်းပါရစေဦးဟယ်၊ မင်း ဒီမွေးကာစကလေးကို ဘာလို့

မွေးစားရတာတုန်း။ သိပ်မွေးစားချင်လည်း သုံးနှစ်သားလောက်ဖြစ်ဖြစ် မွေးစားရောပေါ့ဟယ်။ ခုတော့ နှင့်မှာ နှစ်နှစ်လုံးလုံး အမိုးကို ငှားထားရသေး။ ဟော ... အခု အမိုး အလုပ်ထွက်တော့ မင်း ဒုက္ခရောက်ပြန်ပြီ"

"ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပေါ့ မမကြည်ရယ်"

"အင်း ... ဘာပဲဖြစ်ဖြစ် အကူအညီလိုရင်ပြော၊ ငါ အားရင်တော့ နင့်သားကို ဝိုင်းကြည့်ပေးမယ်။ ငါ့သားနဲ့သမီး ကလည်း ဇွဲဇွဲလေးကို ချစ်ကြတယ်ဟဲ့"

"ဟုတ်ကဲ့ မမကြည်"

"ကဲ ... ငါ ကလေးသိပ်ပေးခဲ့ဦးနော်၊ ပြန်ဦးမယ်၊ တော်ကြာ သားနဲ့သမီး ကျောင်းက ပြန်လာတော့မှာ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ မမကြည်ရယ်"

"မလိုပါဘူးဟယ်၊ အိမ်နီးချင်းတွေပဲ"

သားကတော့ မမကြည်ကောင်းမှုဖြင့် အိပ်ပျော်နေပြီ။ နိုးလာရင် ဂျီကျဦးမလား ဆိုတာကတော့ ...။

www.burmeseclassic.com

www.burmeseclassic.com

သားနို့လာတာနဲ့ သားကိုမျက်နှာသစ် ခြေလက်သန့်စင်ပေးရ၊ အဝတ်လဲ သနပ်ခါးလူးပေးရ။ ပြီးရင် သားကို မနက်စာကျွေး။

သား အဆင်သင့်ဖြစ်ရင် ခဏချထားပြီး သူ ဆိုင်သွားဖို့ ပြင်ရပြန်သည်။ ပြီးရင် သားကိုခေါ်ပြီး ဆိုင်သွား။

ဆိုင်ရောက်တော့ ဝန်ထမ်းကောင်လေးနှစ်ယောက် ရှိသဖြင့် အလုပ်ပါးရင် သားကို ဝိုင်းထိန်းပေးကြသည်။

နေ့လယ်စာဆိုတာ အပြင်မှာပဲ စားရတာများသည်။ သားရဲ့နေ့လယ်စာကတော့ အိမ်က တစ်ခါတည်း ပြင်ဆင်ယူလာပြီးသား။

နေ့လယ်နေ့ခင်း ဆိုင်မှာ သားကို တစ်ရေးသိပ်ရသေးသည်။ ပြီးရင် ညနေ ဆိုင်ကပြန်တာနဲ့ ဈေးဝင်ဝယ်။ ညစာကိုတော့ ကိုယ်တိုင်ချက်စားဖြစ်၏။

ထွေလီကာလီတော့ မဟုတ်။ ထမင်းတစ်အိုးတည်ပြီး ကြက်ဥကြော်စားလိုက်။ လက်ဖက်သုပ်စားလိုက်ပေါ့။

သားရဲ့ညနေစာကိုတော့ ထမင်းနဲ့ ကြက်သားပြုတ်ကြော်လေးဖြစ်ဖြစ်၊ တစ်ခါတလေ ပဲနီလေးကို ပျစ်ပျစ်လေးချက်

သက်ပြင်းဆိုတာ စိတ်ညစ်လို့ ချတာလား ?၊ စိတ်ဆင်းရဲလို့ ချတာလား ?၊ စိတ်ညစ်တာနဲ့ စိတ်ဆင်းရဲတာက တူသလား ?။

ဘာမှန်းမသိပေမယ့် သားကြောင့် သက်ပြင်းချရပေါင်းများပြီ။

အရင်က အမိုးက သားရဲ့ကရိကထမှန်သမျှ အကုန်လုပ်ပေးတာဆိုတော့ သူ တော်တော်သက်သာခဲ့၏။

အခုတော့ မချောင်တော့။ မနက်မိုးလင်း အိပ်ရာထကတည်းက သားမနိုးခင် အဝတ်လျှော် အိမ်ရှင်းတာတွေ လုပ်ရသည်။

သားနိုးရင်ကျွေးဖို့ တစ်ခုခု စီစဉ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကြီးကြီး ဘယ်က ပြန်လာတာလဲ၊ ပြော"

"ညည်း သိရက်နဲ့ ဘာလို့မေးနေတာတုန်း ညာရယ်"

"အဲဒီအိမ်ကို မသွားပါနဲ့ဦးလို့ ပြောထားရက်နဲ့ ကြီးကြီးရာ"

"ဟဲ့ ... မသွားတာ နှစ်ပတ်ရှိပြီ၊ ဒီနေ့တော့ မနေနိုင်တော့လို့ကို သွားလိုက်တာအော၊ ငါ့မြေးလေး ပိန်တောင်ပိန်သွားတယ်၊ မောင်မိုးလ ခမျာလည်း မျက်တွင်းလက်တစ်ဖိုက်ဖြစ်နေပြီ"

"ဖြစ်ပါစေ၊ သူ ဒဏ်မခံနိုင်မှ ကလေးကို ညာတို့ရမှာ။ ကြီးကြီးက သွားသွားနေရင် သူက ကမ်းတက်နေဦးမှာပဲ။ မသွားဘဲ ပစ်ထားလိုက်ပါဆို"

ပြီး ထမင်းနဲ့နယ်ကျွေး။ တစ်ခါတစ်ခါ နွားနို့ပျစ်နှစ်နေအောင် ကျိုပြီး ထမင်းနဲ့ခေါက်ကျွေး။ ကြက်ဥပြုတ်တစ်လုံးကတော့ သားညတိုင်းစားရသည်။ သားကိုတော့ တကူးတက ကရိကထခံကာ လုပ်ကျွေးသည်။ မိမိသာဖြစ်သလို စားလိုက်တာ။

တစ်ခါတစ်ရံ ကြက်သားဆန်ပြုတ်၊ ငါးဆန်ပြုတ်တွေချက်ကာ သူပါ သားနဲ့ရောစားပစ်လိုက်သည်။

ညဘက် သားကို သိပ်လို့ တော်တော်နှင့်မရ။ သား မအိပ်မချင်း သားနဲ့ဆော့ရသည်။ သားကြိုက်တဲ့ ပါဝါရိမ်းဂျားခွေကို သားနဲ့အတူကြည့်ရသည်။

သားအိပ်ရင်တော့ ညဘက်တွေ ထရတာရှိသေးသည်။ သားက အိပ်ရာထဲ ရှူးပေါက်ချတတ်ပြီး ပေါက်ပြီးတာနဲ့ နိုးကာအော်တတ်သည်။ ဒီကြားထဲက သားဂျီကျတဲ့နေ့မျိုး၊ နေမကောင်းတဲ့ အခါမျိုးဆိုရင်တော့လား ...။

www.burmeseclassic.com

www.burmeseclassic.com

အမိုး အလုပ်ထွက်ပြီး ဒီပါလည်း မိန်းမ၂တော့ သားနဲ့ မိုးလ လုံးချာလည်မှာ သေချာသည်။ ထို့ကြောင့် ညာက သူမရော ကြီးကြီးပါ သားဆီမသွားဖို့ ဆုံးဖြတ်သည်။

သူမတို့ သွားကြည့်ပေးနေရင် မိုးလ သက် ဟရာ ရနေမည်သာ။ မသွားဘဲ ပစ်ထားလိုက်တော့ မိုးလ သား၊ ၁စွဝိစ္ဆ တွေ မလုပ်နိုင်တဲ့အဆုံး ကလေးကို သူတို့ဆီ လာထိုးအပ်မှာ သေချာသည်။

သူမတွက်ရေးနဲ့သူမ စိစဉ်ထားပေမယ့် ကြီ ကြီးက သူမ မသိအောင် သွားခိုးတွေ့နေသည်။

ဒီနေ့ သူမ အိမ်ကို စောစောပြန်လာလို့သာ ကြီး သွားတာ သိရတာ။

"ကြီးကြီး ... ကြေးအိုးစားချင်တယ်ဆို။ သွားစားရအောင်"

"အေး ... ကောင်းတယ်၊ ညနေစာလည်း မချက်ရသေးဘူး"

"ထင်ပါတယ် ... ထင်ပါတယ်။ မြေးကို သွားမ,ေနတာကို"

"မ,ရတယ်ဟေ့ မျိုးဆက်ကလေးရယ်မှ ဒီတစ်ယောက်ရှိတာ။ မ,မစေချင်ရင် ညည်း ယောကျ်ားယူပြီး ကလေးမွေးလိုက်"

"တကယ်လား။ တစ်ဒါဇင်လောက် မွေးပစ်လို့ ကြီးကြီး ခါးထဘီမမြဲဘဲ ရှောပင်ဝတ်ထားရမယ်နော်"

"ကြည့်စမ်း ... ဒါအပျိုလေးပြောရမယ့်စကားလား၊ မိညာနော်"

"စတာပါ ကြီးကြီးရယ်၊ ညာ့မှာလေ တစ်နေ့ တစ်နေ့ ကိုယ့်တူလေးကို ပြန်ရချင်တာပဲ သိတယ်။ အငယ်မပေါ်မှာ ညာ တာဝန်မကျေသမျှ ဒီကလေးကို စုပုံချစ်ပစ်လိုက်ချင်တာ၊ ဒီမိုးလဆိုတဲ့လူက ဘာစိတ်ကူးနဲ့များ ကလေးကို ... ဟွန်း စိတ်တိုတယ်"

"မောင်မိုးလက မြေးလေးကို ချစ်သမှ တုန်နေတာပဲ၊ ရေစက်ပဲပေါ့လေ"

"တော်ပြီ၊ သူ့အကြောင်းပြောရင် စိတ်တိုရတယ်၊ ကဲ ... ကြီးကြီး၊ ဗိုက်ဆာပြီ ကြေးအိုးသွားစားကြစို့"

www.burmeseclassic.com

www.burmeseclassic.com

အိမ်နဲ့နီးတဲ့ ဝိုင်ကေကေအိုမှာပဲ စားဖြစ်ကြသည်။ ကြေးအိုးစားတော့ လည်း ပုံပုံကို သတိက ရပြန်သည်။ ပုံပုံတစ်ယောက်က ကြေးအိုးကို ဝက်ကလီစာစုံနှင့် စားရလျှင် ခေါင်းကို မဖော်တော့။ ပုံပုံ ... ပုံပုံ ဘယ်ဘဝရောက်နေပါလိမ့်။

"ကြီးကြီး ညီမလေးကို ရည်စူးပြီး ဆွမ်းကပ် အမျှဝေရင် မကောင်းဘူးလား"

"ကောင်းတာပေါ့တော်"

"ဘယ်သူမှ မဖိတ်တော့ဘူး။ ရုံးကလူတွေနဲ့ပဲ ဆွမ်းကပ်ရအောင်"

"ကောင်းတယ်၊ ကောင်းတယ်"

"ဘာတွေ ကောင်းနေတာလဲ ကြီးကြီးရဲ့"

"ဟော ... မောင်ဒီပါတို့ လင်မယားပါလား။ လာ ... လာ ဝင်ထိုင်လိုက်"

"ဟိုမှာ တခြားသူတွေ ပါသေးတယ် ကြီးကြီးရဲ့။ မထိုင်တော့ဘူး။ ကြီးကြီးတို့ကိုတွေ့လို့ လာနှုတ်ဆက်တာ။ မတွေ့ရတာတောင် ကြာပြီနော် ညီမ။ အလုပ်အကိုင်အဆင်ပြေလား"

"အင်း ... မဆိုးပါဘူး ဒီပါရယ်။ ဒီပါကို တို့ အကူအညီတောင်းစရာရှိတယ်။ ဒီပါ ဘယ်အချိန်လောက်"

"ဒါဆို ခဏ မိတ်ဆွေတွေကို သွားပြောလိုက်မယ်"

"နောက်မှဆိုလည်း ရပါတယ် ဒီပါ"

"ရတယ် ... ရတယ်၊ သူတို့နဲ့က တခြားကိစ္စ အထွေအထူး မရှိဘူး။ ပြောလို့ဖြစ်တယ်"

ဒီပါက အတူလာသော သူ့မိတ်ဆွေတွေကို အကျိုးအကြောင်း သွားပြောပြီး သူတို့ဆီမှာ လာထိုင်သည်။

ဒီပါ့အမျိုးသမီးက ညှိုစိမ့်စိမ့်လေးနှင့် ကြည့်ကောင်းပါ၏။

"ပြောပါ ညာ၊ ဘာကိစ္စလဲ"

"ပြောစရာဆိုလို့ သားကိစ္စပဲ ရှိတာပေါ့ ဒီပါရယ်၊ ခုဆို အမိုးလည်း မရှိတော့ဘူး။ ဒီပါကလည်း အရင်လို မကူနိုင်တော့ဘူးလေ။ ဒီလောက မိုးလနဲ့ သား အဆင်ပြေပါ့မလားလို့ တို့ စိုးရိမ်နေကြတာ"

"ဟုတ်တယ် မောင်ဒီပါရယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ။ ကလေးတစ်ယောက်ကို ပြုစုစောင့်ရှောက်ရတာက လွယ်တာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး။ မောင်မိုးလ ခမျာ အလုပ်ကတစ်ဖက်နဲ့လေ။ ဖြစ်နိုင်ရင်ကွယ် ကြီးကြီးတို့ ကလေးကို ခေါ်ထားချင်တယ်"

"ကျွန်တော်လည်း ပြောပါတယ်၊ ဒါပေမဲ့ သူက သားကို တော်တော်သဲယောင်ခဲဖြစ်သွားတာဆိုတော့လည်း ပြောရခက်နေတာပေါ့"

"ညာတို့ကတော့ ကိုယ့်သွေးသားကို ကိုယ်ကိုယ်တိုင်ပဲ နွေးထွေးချင်တော့တယ်"

"ဟုတ်ပါတယ်၊ ညာတို့ကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မိုးလရဲ့လှို့ဝှက်ချက်တစ်ခုကို ပြောချင်ပါတယ် ညာ"

ညာက စူးစမ်းကြည့်နှင့် ကြည့်လျှင် ...

"အဲဒီလှို့ဝှက်ချက်က ညာနဲ့ ဆိုင်နေလို့ပါ"

"ညာနဲ့"

"ဒီလို ညာရဲ့၊ အရင် ညာတို့ ကျွန်တော်တို့အပေါ်ထပ်မှာ နေတည်းက မိုးလက ညာ့ကို သဘောကျနေတာပါ"

"အိုး ... မဖြစ်နိုင်တာ။ မဖြစ်နိုင်ပါဘူး"

ညာက မျက်နှာကြီး နီရဲပြီး ခါးခါးသီးသီး ငြင်းသည်။ ကြီးကြီးကတော့ ပါးစပ်အဟောင်းသားဖြင့် ...

"တကယ် ညာရဲ့၊ ညာနဲ့ ရန်တွေဖြစ်၊ ညာ စိတ်မဆိုး၊ ဆိုးအောင်စပြီး သူ ညာ့ကို ပိုပိုသဘောကျလာတာ"

"အဲဒါ ကျွန်မကို ဘာလို့လာပြောနေတာလဲ"

"ညောင် ... ကျွန်တော် ဆိုလိုချင်တာက သူက ညာ့ကို မပြောရဲဘူးလေ။ အဲဒီအချိန်မှာ မှန်သတ်ပုံကိစ္စနဲ့ ညာတို့ ပြောင်းသွားတယ်။ ဘယ်ပြောင်းသွားမှန်း မသိဘူး။ အဲဒီအချိန်မှာ မှန်သတ်ပုံရဲ့သတင်းရတယ်၊ မှန်သတ်ပုံက ကိုယ်ဝန်အရင့်အမာနဲ့ ဖြစ်နေပြီ။ ကျန်းမာရေးကလည်း မကောင်းဘူးပေါ့။ သူ့ယောကျ်ားဆိုတာလည်း ညာတို့သိတဲ့အတိုင်းပဲ။ တိုတိုပြောရရင် ကလေးမွေးဖို့ ဆေးရုံကို တောင် ကိုယ်နဲ့မိုးလပဲ လိုက်ပို့ပေးခဲ့တာ။ မွေးပြီးမှ ဇော်ဝင်း ရောက်လာတယ်။ ကျန်ခဲ့တဲ့ ကလေးကို ဇော်ဝင်းက တာဝန်မယူချင်တာနဲ့ ကိုယ်တို့ခေါ်ခဲ့ရတာပဲ။ ဒါပေမဲ့ ဇော်ဝင်းရဲ့ကာရိုက်တာကို မကြိုက်လို့ ကလေးကို မိုးလက

www.burmeseclassic.com

www.burmeseclassic.com

စာချုပ်စာတမ်းနဲ့ တရားဝင်မွေးစားခဲ့တယ်။ ဒါတွေအားလုံးရဲ့အရင်းအမြစ်ဟာ ညှာကိုချစ်လို့ရယ် လူသားချင်းစာနာထောက်ထားတဲ့စိတ်နဲ့ လုပ်ခဲ့တာပဲ။ ဒါပေမဲ့ ခုတော့ မိုးလက သားလေးကို တကယ် သည်းသည်းလှုပ်ချစ်သွားတာ"

"ဒါဆို သူ သားကိုမွေးစားခဲ့တာက ကျွန်မကို ချဉ်းကပ်ချင်လို့ပေါ့"

"ညှာကို ချစ်တာလည်းပါတယ်။ သားက ညှာ့သွေးသားကိုး။ ဒါပေမဲ့ မွေးစားရတဲ့ အဓိကအကြောင်းရင်းကတော့ ဇော်ဝင်းက ဒီကလေးကို တာဝန်မယူချင်တာကြောင့်ပဲ။ သူ့အဖေ မပေးရင်တော့ ဘယ်မွေးလို့ရမလဲဗျာ"

"ဟုတ်ပါပြီ၊ ဘာကြောင့်ပဲ မွေးရ မွေးရပေါ့၊ အခု ညှာတို့ ပြန်တောင်းတာကို ဘာလို့ မပေးတာလဲ။ ဘာလဲ ကလေးကို အကြောင်းပြပြီး ကျွန်မကို ..."

"မဟုတ်ပါဘူး၊ သူ့သားကို သူ တကယ်သံယောဇဉ်ရှိသွားတာပါဗျာ"

ငြိမ်သက်စွာ နားထောင်နေသော ကြီးကြီးက ...

"ပုံလေးအတွက် သားတို့ကို ကျေးဇူးတင်ပါတယ်ကွယ်။ ပုံလေးအကြောင်း ကြားရတာ စိတ်မကောင်းဘူး။ ပုံလေးကိုယ်စား မြေးလေးကို အတိုးချ ချစ်ချင်တယ်ကွယ်။ ဘာပဲဖြစ်ဖြစ် မောင်ဒီပါ နားချပေးပါဦးကွယ်"

"ဟုတ်ကဲ့ ကြီးကြီး"

www.burmeseclassic.com

www.burmeseclassic.com

"ကြီးကြီးကလည်း"

"ဘကြီးကြီးလဲ၊ မောင်မိုးလို မေတ္တာမျိုးက ရှားတယ်နော်။ လူပျိုလူလွတ်တန်မဲ့နဲ့ ညည်းကို မေတ္တာရှိရဲ့နဲ့ ကလေးကို မွေးစားတာ နည်းတဲ့မေတ္တာလား။ ပြီးတော့ ကလေးချစ်တဲ့စိတ်ကိုလည်း သဘောကျတယ်၊ သူ့သား သမီးရင်းဆိုရင် ဘယ်လောက်များ ချစ်လိုက်မလဲ"

"အဲဒါနဲ့ပဲ ညာက ယူရတော့မှာလား"

"မတိုက်တွန်းပါဘူးအေ ညည်းသဘောပါ။ ညည်းလိုစိတ်မျိုးနဲ့က တော်ရုံယောကျ်ားနဲ့တော့ ဖြစ်မှာမဟုတ်ဘူး"

"ဘယ်ယောကျ်ားမှ စိတ်မဝင်စားဘူး"

"အဲဒါဆိုရင်တော့ အဲဒီကလေးအတွက် တို့က ဘယ်တော့မှ အရင်းဖြစ်မှာ မဟုတ်ဘူး၊ အမြဲအဖျားပဲ ဖြစ်နေတော့မှာ"

"ဟွန်း ... အဲဒီမိုးလက အကျင့်ကိုယုတ်တာ"

တစ်ဖက်က မိုးလမှာလည်း ...

"ဟာ ... ဒီပါရာ၊ မင်း အဲလိုပြောခဲ့တော့ ငါ့ကို ဒီယုန်မြင်လို့ ဒီချုထွင်တယ် ပြောတော့မှာပေါ့ကွ"

"မင်းက ဖွင့်မပြောဘဲ ဘာလုပ်မှာလဲ"

"သားနဲ့ပဲ နေမှာပေါ့ကွ"

"ငပေါ ... မင်း တော်တော်ရူးနေပြီ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

သားက ကိုယ်တွေအရမ်းပူနေသည်။ ဝမ်းသွားလိုက် အန်လိုက်နဲ့။ အရောင်ကလည်း ကော်ဖီရောင်လို ညိုတိုတိုတွေ။ သား ခံစားနေရတာကိုကြည့်ပြီး သူ စိတ်မကောင်း။ ညကမှဖြစ်တာ။ အခု ဆရာဝန်ခေါ်ထားပြီ။

သူငယ်ချင်း ဆရာဝန် ရောက်လာတော့ ...

"ဟာ ... မိုးလရာ၊ ကလေးက အနီစက်တွေတောင်ထွက်နေပြီ။ ဒါက သွေးလွန်တုပ်ကွေး ဖြစ်နေတာကွ၊ ဆေးရုံတင်ရမယ်"

"ဘာ ... ဟာ ... အိမ်မှာပဲထားလို့ မရဘူးလားကွာ"

"အိမ်မှာထားရင် ပိုဆိုးသွားမှာပေါ့။ ဆေးရုံမတင်လို့မရဘူး။ ကဲ ... ငါ့မှာ ကားပါတယ်၊ ငါပဲ လိုက်ပို့တော့မယ်။ မင်းမှာလည်း ဒီကလေးနဲ့ ဒုက္ခပဲ"

အဲလိုနဲ့ ကလေးဆေးရုံကို ရောက်သွားရတော့သည်။ ဒီပါကိုပါ ဖုန်းဆက်ခေါ်ရင်း ညာတို့ကိုလည်း အကြောင်းကြားရတော့သည်။ ညာဆိုတာ သားရဲ့အရင်းနှီးဆုံးသွေးလေ။

ဒီပါမရောက်ခင် ညာနဲ့ ကြိုးကြိုး အရင်ရောက်လာသည်။

"မိုးလ ... ရှင် တော်တော် အသုံးမကျပါလား။ ဟမ်း ... ရှင် ဂရုမစိုက်နိုင်ဘဲ ကျွန်မတူလေးကို ခေါ်မထားနဲ့။ ကလေး တစ်ခုခုဖြစ်လို့ကတော့ ရှင်နဲ့ ကျွန်မ အတွေ့ပဲ"

သူ ညာ့ကို ဘာမှပြန်မပြောနိုင်ပါ။ ညာပြောသမျှ ခေါင်းငုံ့ခံနေရသည်။

ဖြစ်ချင်တော့ သူ့လက်ထဲမှာ ပိုက်ဆံက နည်းနေသဖြင့် ဒီပါ့ကို အကူအညီလှမ်းတောင်းထားရာ ဒီပါက ရောက်မလာသေး။

"ကလေးအတွက် ဆေးဝယ်ရမယ်နော်၊ ရော့ ... ဒီဆေးတွေ ဝယ်ပေးပါဦး"

သူနာပြုဆရာမ လာပေးသွားတဲ့ ဆေးစာရွက်ကို ကိုင်ပြီး ဒီပါ လာရာလမ်းကို မျှော်ငေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

"မိုးလ ... ရှင် ဆေးသွားမဝယ်ဘဲ ဘာငိုနေတာလဲ။ ဘာလဲ ... ရှင့်မှာ ပိုက်ဆံမရှိဘူးလား၊ ဒါဆိုပေး၊ ကျွန်မ သွားဝယ်မယ်"

သူ ညှာ့ကို ရှဲ့ပြီးရင်း ရှဲ့ပါသည်။ သူ့လက်ထဲက ဆေးစာရွက် ညှာ့ဆီ ပါသွားပြီ။ ပြီးတော့ သူ့လက်တွေကို ကျစ် ကျစ်ပါအောင် ဆုပ်ထားမိပြီ။

ကြီးကြီးက ုးလကို အားနာကြည့်ဖြင့် လှမ်းကြည့် ရှာပါသည်။

ဒီပါရောက်လာတော့ ဆေးကဝယ်ပြီးပြီ။ ဒီပါက မေးနေသည်။ ဒါပေမဲ့ သူ့မှာ အကျိုးအကြောင်း ပြောပြနိုင်တဲ့ ခွန်အား မရှိတော့။

ဆေးရုံမှာ ဆက်နေနိုင်တဲ့ ခွန်အားကို မရှိတော့။ သားကို တစ်ချက်ငဲ့ကြည့်ကာ ...။

BURMESE CLASSIC .com

ဒီနေ့ဆို သား ဆေးရုံတက်ရတာ နှစ်ရက်ရှိပြီ။ သူ မနေ့ကတည်းက ပြန်လာခဲ့တာ။ ဒီနေ့လည်း သွားဖို့မစဉ်းစား ထား။

သူ သားကို စွန့်လွှတ်လိုက်ဖို့ စဉ်းစားထားပြီးပြီ။

သူ့ဆီမှာ ဆက်ထားတာထက်စာရင် ညှာ့ဆီမှာက သားဘဝ ပိုပြီးအခြေတင်နိုင်သည်လေ။

ညှာက သူ့ထက်ပို၍ ငွေရှိသည်။ သူ့မှာသာ မဖြစ် ညှစ်ကျယ်နဲ့ သားကို ပြုစုရတာ။ သူ သားကို နှစ်နှစ်တိတိ ကျွေး မွေးပြုစောင့်ရှောက်ခဲ့ပြီးပြီ။ မှန်သတ်ပုံပေါ် တင်နေတဲ့ အကြွေး မကျေနိုင်မှန်း သိပေမယ့် တမလွန်က မှန်သတ်ပုံဟာ သားကို သူ့ဆီမှာထက် သူ့အစ်မဆီမှာသာ ရှိစေချင်မှာပါ။ ပြီးတော့ သူ လိုယောကျ်ားသားက သားဘဝကို လှပအောင်လည်း မပြုစုတတ် ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com

သူ့လက်ထဲမှာသာ သားတစ်ယောက် ကတိမ်းကပါး ဖြစ်သွားရင် သူ့တစ်သက်လုံး ဖြေလို့ရမှာ မဟုတ်။ ညှာကိုလည်း ရှင်းပြရန် ခက်လိမ့်မည်။

သူ အတွေးနယ်ချဲ့နေတုန်း ညှာဆီက ဖုန်းဝင်လာသည်။

"မိုးလ ... ရှင် ဘာလုပ်နေတာလဲ"

"ကိုယ် ဘာလုပ်လို့လဲ ညှာ"

"သား ဆေးရုံတက်နေတာလေ၊ ရှင်က သားနားလာဖော် မရဘဲ ဘယ်သွား အလေလိုက်နေတာလဲ"

ညှာဆိုတဲ့ မိန်းမဟာ တော်တော်ပါးစပ်ကြမ်းတဲ့ မိန်းမပဲ။

"မိုးလ ... ရှင် အခု ဆေးရုံကိုလာခဲ့၊ သားက ရှင့်ကို တမေးတည်း မေးနေတာ။ ချော့လို့ကို မရဘူး၊ ကလေးနေ မကောင်းဖြစ်နေတဲ့ အချိန်မှာ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့"

"ကောင်းပြီ ညှာ၊ ကိုယ် လာခဲ့မယ်"

ညှာ ဖုန်းချသွားတာနဲ့ ဆေးရုံကို ထွက်ခဲ့ရသည်။ ညှာက သူ့ကိုမြင်တာနဲ့ မျက်စောင်းထိုးသည်။

"မောင်မိုးလ ... လာ ... လာ၊ ဒီမှာကွယ် မြေးလေးက မင်းကိုပဲ တနေတာ။ မြေးလေးရေ ... ဖေဖေကြီးလာပြီ ဟေ့"

"ဖေဖေ ... ဖေဖေ ... သားသား နာနာ"

"အေးပါ သားလေးရယ်။ နာနာတွေပျောက်အောင် ဆေးသောက်ရမယ်။ ဆေးသောက်ပြီး နာနာတွေပျောက်မှ သားနဲ့ဖေကြီး ကစားလို့ရမှာကွ"

"ပါဝါရိမ်းဂျားအပြာကောင် ကြည့်မှာ"

"အေး ... ကြည့်မှာပေါ့ သားရဲ့"

"ဖေဖေ သားသားနားမှာပဲနေနော်၊ ဖေဖေ့ကို သားသား လွမ်းလွမ်း"

"အေးပါ သားလေးရယ်၊ သားနားမှာပဲ နေမယ်နော်"

သားက သူနဲ့စကားတွေ ပြောနေရင်း သား အိပ်ပျော်သွားပြန်သည်။

"မိုးလ ... ရှင်နဲ့ ကျွန်မ စကားပြောရအောင်"

ဆေးရုံအပြင်ဘက် ကော်ရစ်ဒါကို ထွက်သွားသော ညှာ့နောက် လိုက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတယ်။ အဲဒါက သဘာဝမကျဘူးလေ။ ဒီတော့ သားနေကောင်းလို့ ဆေးရုံက ဆင်းတာနဲ့ ရှင် သားကို တွေ့ဖို့ မကြိုးစားပါနဲ့"

"ညာ"

"သားကို အကြောင်းပြုပြီး ကျွန်မနဲ့ ပတ်သက်ဖို့ မကြိုးစားနဲ့နော် မိုးလ။ ရှင် သားကို လာတွေ့ခွင့် မရှိဘူး"

"ညာ မစော်ကားနဲ့နော်။ ကိုယ် သားကိုမွေးစားခဲ့တာမှာ ညာဆိုတဲ့အကန့် မပါဘူး။ ဒါပေမဲ့ တစ်ခုတော့ ပြောမယ် ညာ။ ညာ ကိုယ့်ဆီက သားကိုခေါ်သွားရင် သားက ဒီနေ့လိုပဲ ကိုယ့်ကို တမ်းတနေရင်ရော"

"အဟင်း ... ကလေး မှတ်ဉာဏ်ပါရှင်၊ ကြာတော့လည်း မေ့သွားမှာပါ၊ အဖေရင်းမှ မဟုတ်တာ"

"ပြီးရော၊ ဒါဆို ကိုယ်ပြန်ပြီ"

"နေဦး၊ သား နေကောင်းတဲ့အထိ ရှင်လာပေးရမယ်၊ သား နေမကောင်းတဲ့ အချိန်မှာတော့ စိတ်မဆင်းရဲစေချင်ဘူး"

"ဒါပဲလား မင်း ဘာတောင်းဆိုဦးမလဲ"

"မိုးလ ... ရှင် သားကို ကျေးမွေးပြုစုခဲ့တာ ကျေးဇူးတကယ်တင်တယ်။ ဒါပေမဲ့ ဆေးရုံက ဆင်းရင်တော့ ကလေးကို ကျွန်မ ခေါ်သွားရလိမ့်မယ်။ ရှင်နဲ့ဆက်ထားဖို့ မဖြစ်နိုင်ဘူး မိုးလ"

"ညာ့သဘောပါ။ ကိုယ့်ဆီမှာထက်စာရင် ညာ ခေါ်သွားတာက သားအတွက် ပိုသင့်တော်မှာပါ"

ညာက ကြောင်အမ်းသွားရသည်။ သူမက သူ့ကို တော်တော် အတိုက်အခံပြောရမယ် ထင်ထားတာ။

"ကိုယ်က သားဘဝကို ညာ့လောက် မမြှင့်တင်ပေးနိုင်ဘူးလေ။ ကိုယ်ကဆင်းရဲဖါတယ် ညာ။ ကိုယ့်ဆီမှာ ချမ်းသာတာဆိုလို့ သားအပေါ်ထားတဲ့ မေတ္တာတရားပဲ ရှိတာလေ။ ကိုယ့်ဆီမှာထက်စာရင် ညာ့ဆီမှာထားတာက သားဘဝ ပိုတောက်ပမှာလေ။ ကိုယ်ပေးလိုက်တာဟာ သားရှေ့ရေးအတွက်ပါ၊ တကယ်တော့ ကိုယ်ရင်ကွဲနေပါတယ် ညာ"

မိုးလက ခေါင်းငိုက်စိုက်ချလျက် ...

"ကောင်းပြီ မိုးလ၊ တစ်ခုတော့ ရှိတယ်၊ ခုချိန်မှာ သားက ရှင့်ကို ကျွန်မတို့သွေးသားရင်းတွေထက် ပိုပြီးသံယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... မင်းကို သားနဲ့တွေ့ခွင့်မပေးတာကတော့ ညာလွန်တယ်ကွာ"

"အဲဒီမိန်းမရဲ့စိတ်ဓာတ်က တော်တော်ကြောက်ဖို့ကောင်းတယ်။ ဒါပေမဲ့ ဒီပါ ငါလေ သူ့အကြောင်း သိသိကြီးနဲ့ကို သူ့ကို အရမ်းချစ်နေမိတုန်းပဲ"

"လဲသာသေလိုက်တော့ မိုးလရေ။ ဟိုက မင်းကို တော်တော်ညာတယ်ဆိုတော့"

မိုးလခမျာ ခုလည်း သားကိုလွမ်းပြီး ယောင်ချာချာဖြစ်နေပါသည်။ အရင်တုန်းက သားရဲ့ဝေယျာဝစ္စတွေနဲ့ မအားလပ်လွန်းလို့ သက်ပြင်းအခါခါ ချရတဲ့သူ့မှာ ခုဆို ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိ။

"သားကို စာချုပ်စာတမ်းနဲ့ ရှင်မွေးစားခဲ့တာမို့လား၊ အခုလည်း ကျွန်မကို တရားဝင်စာချုပ်စာတမ်းနဲ့ ပြန်လွှဲပေးရမယ်"

"ဒါပဲလား"

ညှာက ကျေနပ်စွာခေါင်းညိတ်သည်။ သူကတော့...။



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေရေ ... ဖေဖေရေ ... ဖေဖေ့ဆီသွားမယ်"

"ဟာ ... ဒီကလေးကလည်း မိုးလင်းတာနဲ့ ပထွေးကိုပဲ တ,နေတယ်"

"အို ... ညာ၊ ဘယ်လိုပြောလိုက်တာလဲအေ။ ငါ့တူမရယ်။ ပါးစပ်ကြမ်းလှချည်လားအေ၊ ဒီမှာ ညာ။ အပျိုလေးတန်မဲ့ စကားကို ယဉ်ယဉ်ကျေးကျေး သိမ်မွေ့စွာ ပြောစမ်းပါအေ"

"စိတ်မရှည်တော့ဘူး ကြီးကြီးရဲ့၊ ကလေးက ဘာမှသွေးမတော် သားမစပ်စဲ့ သူကိုပဲ တ,နေတာကိုး"

"သြော် ... ဒါကတော့အေ။ သူ့လက်ပေါ် ကြီးလာတာကိုး။ ဟင်း ... မိညာ၊ ညည်း ကလေးနဲ့ မောင်မိုးလကို ပေးမတွေ့တာလည်း သိပ်မှားတယ်။ သူ မွေးစားခဲ့လို့ ဒီကလေးကို တို့ ပြန်ရတာလေ။ သူနဲ့ ပေးမတွေ့တာဟာ ကျေးဇူး

ညာဘက်တွေ တစ်ရေးနိုးရင်တောင် ယောင်ပြီး ဘေးကိုစမ်းကြည့်နေမိသည်။

မနက်နိုးရင် မေ့ပြီး ပဲထမင်းကျိုနေမိသည်။ သားရဲ့ မနက်စာ ပဲထမင်းကို ကျိုမိတာ သုံးခါရှိပြီ။

ဆိုင်သွားရင် သားအိမ်မှာပဲ ကျန်ခဲ့သလိုလို နောက်ကြောင်းမဖြောင့် ဖြစ်နေတတ်သည်။

သို့သော် သူ ဘယ်လိုပဲ သားကိုလွမ်းရပါစေ။ သူ သားဆီ ဘယ်တော့မှ ခြေဦးမလှည့်။ ညာ့ဆန္ဒကို ဆန့်ကျင်ဖို့ စိတ်ကို မကူးမိ။ သူ မလာလို့ ညာ စိတ်ချမ်းသာမယ်ဆိုရင် သားကိုလွမ်းရလို့ သူ ဘယ်လောက် စိတ်ဆင်းရဲပါစေ ခံလိုက်မယ်။

www.burmeseclassic.com

www.burmeseclassic.com

ကန်းတာပဲ။ ပြီးတော့ မြေးလေးက သူ့မွေးစားဖအေကို သိပ်တမ်းတနေရှာတယ်"

"ကလေးကသာ တ,တာ။ မိုးလက အကျိုးလိုလို့ ညောင်ရေလောင်းခဲ့တာလေ။ ဒီပါ ပြောတာ ကြီးကြီးလည်း ကြားပါတယ်။ သူ ညှာကို သဘောကျပြီး ကလေးကိုမွေးစားခဲ့တယ်ဆိုတာ"

"ဒါလည်း မေတ္တာအရင်းခံပြီး ဖြစ်တာပဲအေ။ ညည်းကို မေတ္တာရှိလို့ ကလေးကိုပါ မေတ္တာထားတယ် ဆိုတာကလည်း မကောင်းတဲ့ကိစ္စမှ မဟုတ်တာ"

"မသိဘူး ကြီးကြီးရာ၊ ညှာကတော့ ညှာလုပ်တာ မှန်တယ်ထင်တယ်"

"အင်း ... ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်လို့တော့ သဘောမထားမိပါစေနဲ့"

ညှာက ဘာမှပြန်မပြောဘဲ ကလေးကို ကလေးကြိုက်တဲ့ ပါဝါရိမ်းဂျားဇာတ်ကား ပြနေမိသည်။

ကလေးစိတ်ကို မိုးလဆီ မရောက်နိုင်အောင် အမျိုးမျိုး အစားထိုးဖြည့်ဆည်းပေးခဲ့သည်။

ဒါပေမဲ့ သားလေးက မိုးလကိုတော့ နေ့တိုင်းပုံမှန်သတိရနေမြဲပင်။

တစ်ရက်မှာတော့ ကလေးလေးက ညှာ့အသည်းကို အညှာခြွေသွားသည်။

"ညှာညှာ"

ဘယ်သူမှ မသင်ပေးရပါဘဲ ကလေးက ညှာ့ကို ပြောင်းခေါ်သော နာမ်စားပါ။ သူမပါးကို သူ့နှာခေါင်းချွန်သေးသေးလေးနဲ့ ဖိကပ်နမ်းရှိက်ပြီး ...

"ညှာညှာကိုချစ်လို့ သားက အာဝါးပေးတာ"

"ဟောတော့၊ စကားတတ်လိုက်တဲ့ သားလေးပါလား။ ညှာညှာကလည်း သားသားကို ချစ်ပါသတဲ့"

"ဖေဖေကလည်း သားသားကို ချစ်တယ်တဲ့။ ပြီးတော့ ဖေဖေက ညှာညှာ့ကိုလည်း ချစ်တယ်တဲ့"

အဲ ... ကလေးစကားကို ညှာ ဘယ်လိုတုံ့ပြန်ရမှန်းပင် မသိတော့။ အဲဒီ မိုးလဟာ ကလေးကို ဘာတွေပြောထားလဲ မသိ။

"ညှာညှာ"

www.burmeseclassic.com

www.burmeseclassic.com

"ပြောလေ သားလေးရဲ့"

"သားကို ချစ်ရင် ဖေဖေ့ဆီ ပို့ပေးပါလား"

"ဟင်"

သားလေးရယ်။ သားကို ရင်ခွင်ထဲ ပွေ့ထားရင်း စိတ်မကောင်း ဖြစ်သွားရသည်။

"နော် ... ညွှာညွှာ"

သားက အရင်ရက်တွေက မိုးလဆီပို့ဖို့ ငိုယိုကျိကျသည်။ သူမကလည်း လုံးဝမပို့။

ဒီတော့ သားက သူမကို ပြန်ချော့ကာ ပို့ခိုင်းခြင်းပင်။ သူမရင်ထဲ မကောင်းပါ။

"ညွှာနော်... တော်ကြာ ကလေးက ညွှာကို အမြင်စောင်းသွားမယ်။ မောင်မိုးလနဲ့ ကလေးကို ပေးတွေ့လိုက်ပါတော့အေ"

"ပေးတွေ့နေသရွေ့ သားက သူ့ကို သံယောဇဉ်ပိုနေမှာပေါ့ ကြိုးကြိုးရယ်"

"အဲဒီသံယောဇဉ်ကို ညည်း မဖြတ်တောက်ပါနဲ့တော့ ညွှာ၊ ငရဲကြိုးပါ့မယ်အေ"

"ညွှာညွှာ သားသားကို ပို့ပေးပါနော်"

"အင်းပါ သားရယ်၊ ညွှာညွှာ ပို့ပေးပါ့မယ်"

"ဒါဆို ခုသွားမယ် ညွှာညွှာ၊ သားသား ဖေဖေ့ကို တွေ့ချင်နေပြီဟာ"

www.burmeseclassic.com

www.burmeseclassic.com

ညှာနဲ့သား သူ့ဆိုင်ကို ရောက်လာတော့ သူ တော်တော် အံ့သြဝမ်းသာသွားသည်။

"ဖေဖေ ... ဖေဖေကြီး"

"ဟာ ... သားသားလေး၊ သားသား ဖေဖေ့ဆီလာတယ် နော်၊ အား ... ငါ့သားကြီး ဝ,လာတယ်ကွာ၊ မှန်းစမ်း။ ရွတ် ... ဟား ... သနပ်ခါးတွေ မွှေးနေတာပဲကွာ"

"အဲဒါ သားသား ခါးခါးတွေစားလို့ မွှေးတာ"

"ဟေ ... ဟုတ်လား၊ အဲဒါဆို နမ်းဦးမယ် လာထား"

သူနဲ့ကလေး လုံးထွေးပြီး တကယ်သားအဖပမာ သားကလည်း သူ့ရင်ခွင်မှာ ပြိုးပျော်လို့။ သူ့နားနားကပ်ပြီး တိုးတိုး တိုးတိုးနဲ့ သူမ မကြားအောင် ကပ်ပြောနေသေးသည်။

"သား ဘာပြောတာလဲ"

ညှာက ဘာပြောတာလဲ သိချင်သည်။ သားက လူလည်။

"ညှာညှာက သားသားကို ချစ်တယ်လို့ ပြောတာပါ ညှာညှာရဲ့"

မိုးလက တဟားဟား အော်ရယ်သည်။ မိုးလ ရယ်ပုံကိုကြည့်ပြီး သား သူမကို ဖြီးလိုက်တာ သိလိုက်ရသည်။ သား ကလူလည်။

ထိုအခိုက် ဆိုင်နောက်ဘက်က ကောင်မလေးတစ်ယောက် ထွက်လာကာ ...

"ဟယ် ... ဖွဖွလေး ရောက်နေတာပဲ။ မမဆီ လာပါဦး ဖွဖွလေးရဲ့"

ကလေးကိုနမ်းရင်း လက်ပြောင်းချီကာ ...

"မိုမို့ကော်ဖီရပြီ၊ ဆေးသောက်တော့"

"အေး ... အေး"

သူတို့နှစ်ယောက်ပုံစံက ဘာလဲ။ ကောင်မလေး စကားပြောပုံက ပိုင်စိုးပိုင်နင်း ဆန်လှသည်။ မိုးလမှာ ညီမရှိတယ်လို့ တစ်ခါမှတော့ မကြားဘူး။

www.burmeseclassic.com

www.burmeseclassic.com

"ရှင် နေမကောင်းဘူးလား မိုးလ"

"ဟုတ်တယ် ညာ၊ မနေ့က မိုးမိသွားလို့"

"ဖြစ်ရမယ်"

"ညာ သားကို ကိုယ့်ဆီ ခေါ်လာပေးတဲ့အတွက် So Thanks ! "

"မလိုပါဘူး၊ သား ဂျီကျနေလို့ မဖြစ်မနေ ခေါ်လာရတာ ရှင် ကျေးဇူးမတင်နဲ့"

မိုးလ တင်းသွားသည်။

ဒီမိန်းမ စကားကို ပြေရာပြေကြောင်း မပြောတတ်တော့ဘူး ထင်တယ်။

"မိုးလ ခုန သား ရှင့်ကို ဘာပြောတာလဲ"

"ဟွန်း ... မင်းကို သားက ချော့ခေါ်လာတာတဲ့၊ ကဲ ... သိပြီလား။ မင်း အူပုပ်တာ ကလေးတောင်သိတယ်"

သူမ သားစကားကို သဘောကျလွန်းသဖြင့် ဟက်ဟက်ပက်ပက် ရယ်မိသည်။ မိုးလက သူမ ဒီလိုနှုးနှုးညံ့ညံ့ရယ်နေတာကို တစ်ခါမှ မတွေ့ဖူးသဖြင့် ငေးနေကာ ...

"မင်းကလေ ရုပ်ကလေး ချစ်စရာကောင်းသလောက် စိတ်ပုပ်တာ။ မင်းစိတ်ကို ဖြူဖြူထားနိုင်ရင် တော်တော် ပြည့်စုံသွားမှာ"

"ကျွန်မဘာသာ ဖြူဖြူညစ်ညစ် ရှင့်အပူမပါဘူး။ စိတ်ချဒီကရှေ့ ရှင်နဲ့ပတ်သက်ရင် ကျွန်မစိတ်ကပိုတောင်ပုပ်ဦးမှာ"

"ယုံပါတယ်၊ မျက်နှာဖုံးလှလှလေးအောက်မှာ စိတ်ပုပ်တွေ ရှိနေမှန်း သိတယ်"

"သားရေ ... လာ ညာ့ညာတို့ ပြန်ရအောင်"

"စိတ်ပုပ်ခြင်း အဆင့်တစ် စလာပြီ"

"သေချာတာပေါ့၊ ဒါတောင် တစ်ပဲရှိသေးတာ။ ပြီးရင် နှစ်တွေ သုံးတွေ လာဦးမှာ"

မိုးလက ညာ့ကို ဘာမှပြောမနေတော့ဘဲ ကောင်မလေးဆီက သားကို လက်လွှဲချိန်ကာ ...

"သား ဖေဖေနဲ့ ညာ ဘယ်သူ့ကို ပိုချစ်လဲ"

သား ဘယ်လိုဖြေလိုက်မလဲလို့ သူ ရင်တွေတုန်ခုန်နှင့်။ သားက ပရိသတ်သိတဲ့အတိုင်း လူလည်လေးလေ။ ညာနဲ့ သူ့ကို တစ်လှည့်စီကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းမှာ ညှာသဘောထားတွေ ပျောပျောင်းလာပါသည်။

သူနဲ့သားရဲ့ ဆက်ဆံရေးကိုလည်း ဘာမှမကန့်သတ်တော့သဖြင့် သူ သားကို အချိန်မရွေး သွားတွေ့ခွင့်ရသည်။

"မောင်မိုးလရေ ... ဒီနေ့ ညနေစာ စားသွား။ အုန်းထမင်းချက်လို့"

"အား ... စားမယ် ကြီးကြီး၊ ကျွန်တော် အုန်းထမင်းကြိုက်တယ်"

ညှာက နှာခေါင်းရှုံ့ကာ ...

"ဟန်ဆောင်ပန်ဆောင်ငြင်းလည်း ကြီးကြီးက ထပ်ပြီးခေါ်ဦးမှာပါ မိုးလရယ်"

"တူတူချစ်တယ်၊ ဖေဖေ့ကိုလည်းချစ်၊ ညှာညှာ့ကိုလည်းချစ်၊ ဖေဖေနဲ့ ညှာညှာပါ တူတူချစ်လိုက်ပေါ့"

"ဟေ ... ဟား ဟား ဟား"

သူ သဘောကျသွားတာကို ညှာက မျက်စောင်းထိုးလို့ ...။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... ညှာ၊ ဒီကောင်မလေး ဘယ်လိုပြောလိုက်တာလဲ၊ အဲဒါသာကြည့် မောင်မိုးလ၊ သူ့အလုပ်ထဲတော့ ဘယ်လို နေလဲ မသိဘူး၊ လူရင်းတွေနဲ့ဆို ရိုက်ပေါက်ပဲ"

မိုးလမှာ မချိသွားဖြဲ့ လုပ်နေရသည်။ ဒီကလေးမ စိတ်ထဲရှိသလို အားမနာတမ်း ပြောတတ်တာကလွဲရင် သဘောထားတော့ အတော်အသင့် ပျော့ပြောင်းလာပါပြီ။

သူနဲ့သား ကစားနေရာကို လာထိုင်ကြည့်ကာ ...

"မိုးလ ... ရှင် အိမ်ထောင်ပြုတော့မယ် ထင်တယ်နော်"

အစပ်အဆက်မရှိသော စကားမို့ သူ ကြောင်အမ်းအမ်း ဖြစ်သွားကာ ...

"ဘာဖြစ်လို့လဲ၊ မပြုပါဘူး၊ ပြုစရာလူမှ မရှိတာ၊ ဩော် ... ဘာလဲ၊ ညှာ ကိုယ့်ကို Propose လုပ်မလို့လား၊ လုပ်လေ ရတယ်"

"ကြည့်စမ်း ... မိုးလနော်၊ ရှင် သေမယ်နော်၊ ရှင့်ကို ကျွန်မက ဘာလို့ ဟွန့် ... ဝေးသေး၊ စိတ်ကူးယဉ်မနေနဲ့"

"ဒါဆို ဘာလို့ မဆီမဆိုင်တွေ လာမေးနေလဲ"

"ဩော် ... ရှင့်ကို ရှင့်ဆိုင်က ကောင်မလေးနဲ့ တွဲတာတွေ့လို့ မေးမိတာပေါ့"

"ဘာလဲ ... ညှာ သဝန်တိုနေတာလား။ ညှာမကြိုက်ရင် မတွဲတော့ပါဘူး ညှာရယ်"

"ရှင် ပြောလေ ကဲလေပါလား။ ရှင့်ဘာသာ ဘယ်သူနဲ့ တွဲတွဲ ကျွန်မနဲ့ မဆိုင်ဘူး"

"ဒါဆို ကိုယ် သူ့ကို ဒီအိမ်ခေါ်လာလို့ ရမလား"

"အမယ်လေးတော် ... ရှင် ပလူးချင် အပြင်မှာပဲ ပလူးပါ။ ကျုပ်အိမ်မှာ ရုပ်ရှင်လာမရိုက်နဲ့"

"ရော့် ... ခက်ပြီ၊ သဲလေးက သားကိုချစ်တယ်၊ သားကို လိုက်တွေ့ချင်တယ် ပူဆာနေလို့ပါကွာ၊ မင်း မကြိုက်ရင် မခေါ်ပါဘူး"

"ဟွန်း ... သဲလေးတဲ့ နေလိုက်တာ"

ညှာက မဲ့ကာရွဲ့ကာပြောရင် သူ သဘောအကျကြီး ကျကာ ...

www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား ... သူ့နာမည်ကကို သဲသဲလေးပါ ညာရာ။ ကိုယ်နဲ့ ဘာမှမဆိုင်ပါဘူး။ သဲလေးက ကိုယ့်ဆိုင်က စာစီစာရိုက်လုပ်တဲ့ ဖိုးဇော်ရဲ့မိန်းမ ခင်ဗျာ့"

ညာ ရုက်လိုက်တာ ပြောမနေနဲ့တော့။ ညာ့ရဲ့ရမ်းသမ်းမှန်းသမ်း ရိုက်ချက်က သူ့ကိုမှ မထိတာ။ ကိုယ့်ရှူးကိုယ် ပြန်ပတ်တာလေ။

ဘာရယ်တော့မဟုတ်။ သူ့ကို ထိုကောင်မလေးနဲ့ တရင်းတနှီးနေတာတွေ့လို့ အစ်အောက်ကြည့်မိတာ။

ညာက အဲဒီဘက်တွေမှာ သိပ်မကျွမ်းကျင်လို့ပဲလား မသိ။ ကိုယ်ပဲ ပြန်အရှုက်ကွဲရသည်။

ညာ ကိုယ့်ကိုယ်ကိုယ် အရဲစွန့်ကာ မညာမတာ ပြန်မေးမိသည်။

သူပြောသလို သူ့ကို ညာ သဝန်တိုနေတာများ လား ? ။

www.burmeseclassic.com

www.burmeseclassic.com

အို ... အဲလိုမေးမိတော့ ကြက်သီးတွေ ဖြန်းခနဲထသွားလိုက်တာ။ ရင်လည်း တုန်သွားသလိုပဲ။ ဘုရားရေ ... သူနဲ့ ပတ်သက်ပြီး ညာ လူပ်ခတ်တတ်နေပြီလားပဲ။

"မမ ညည့်သည်ရောက်နေတယ်"

ဟင်း ... သူမ အလုပ်စားပွဲမှာ ငူမိပြန်သည်။

"ဟေ ... အေး ... အေး၊ လာပြီ"

ဘယ်သူလို့ ပြန်မေးဖို့ကို မေ့လျော့နေပြန်သည်။ ကောင်မလေးက သူမနဲ့ချိန်းထားသည့် ညည့်သည်ထင်ကာ ဘယ်သူ ဘယ်ဝါရယ်လို့ Report မတက်တော့ဘဲ ပြန်ထွက်သွားသည်။

ရုံးညည့်ခန်းရယ်လို့ သတ်သတ်မရှိတဲ့ ရုံးခန်းကျဉ်းလေးမှာ လာသမျှညည့်သည်က Reception ရှေ့ကခုံမှာပဲ တန်းစီထိုင်ရတာပါ။

"ဟင်"

မိုးလရဲ့ ပြိုးအီချိုမြ မျက်နှာကြီးကို စိတ်ညစ်ဖွယ်တွေ့ရသည်။ စိတ်ညစ်ဖွယ် ဆိုတာက ဒီလိုလေ။ ဟိုနေ့ကကိစ္စနဲ့ သူမ ရှက်နေတာကြောင့်လေ။

"ဘာလာလုပ်တာတုန်း"

သူ့ကိုမြင်ရင် ပါးစပ်က ဘယ်တော့မှ အဆင်ပြေပြေစကားမျိုး မထွက်။

လုပ်ငန်းတစ်ခု၏ ဦးစီးဦးဆောင်ဖြစ်သော သူမဟာ တခြားသူတွေအားလုံးနှင့် ပေါင်းသင်းဆက်ဆံရေး အဆင်ပြေပါရက်နှင့် သူ့ကိုဆို ဘယ်လိုဖြစ်ပြီး ဘုဘောက်ကျမိမှန်းမသိ။

"အဟဲ ... ညာ ခဏလောက်၊ အားလား"

"အလုပ်ချိန်ကို အားလား လာမေးတာ တော်တော်အလိုက်ကမ်းဆိုး မသိတာပဲ။ ပြော ... ဘာကိစ္စလဲ"

"သွားရင်းလာရင်း ပိုက်ဆံပြတ်လာလို့၊ အဲဒါ"

"ရှင်ဟာလေ၊ ရုံးကိုများ ပိုက်ဆံလာချေးရသေး၊ ဟွန်း ... ဘယ်လောက်ချေးရမလဲ"

"အာ ... မဟုတ်ပါဘူး ညာရဲ့။ ပိုက်ဆံလာချေးတာ မဟုတ်ဘူး။ အခု ကိုယ် ကော်ဖီအရမ်းသောက်ချင်နေတယ်။ ပိုက်ဆံကလည်း ကားခပဲ ရှိတော့လို့။ ကော်ဖီကလည်း ခသောက်ရမှဖြစ်မှာ ညာ။ အဲဒါ ကိုယ့်ကို ကော်ဖီလိုက်တိုက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com

ဟင်း ... သင်းအကြံကို ခုမှသိတော့တယ်။ တွေ့
မယ်။

"သြော် ... ကော်ဖီသောက်ချင်တာလား၊ စောစောကပြော
ရောပေါ့ရှင်။ ကော်ဖီတစ်ခွက်အတွက်တော့ ပိုက်ဆံမရှိ
ကြောင်း အလီဘိုင်တက်စရာ မလိုပါဘူး။ ခိုင်ရေ ... စူပါ
တစ်ခွက် ဖျော်ပေးပါဟယ်"

"စူပါ ... စူပါကော်ဖီမစ်လား"

"ဟုတ်တယ်"

"ကိုယ်က ဘရာဇီးကော်ဖီ သောက်ချင်တာ"

"ဘုရားရေ ... ကျုပ်ရုံးမှာတော့ ဘရာဇီးကော်ဖီ မရှိပါဘူး
တော်။ ဖျော်ပေးတာသောက်။ မသောက်နိုင်ရင်ကြွ"

"ဟာ ... ဒီရှေ့ကဆိုင်မှာ လိုက်တိုက်ပါ ညွှာရယ်၊ လုပ်ပါ"

သူလုပ်တာနဲ့ ညွှာဝန်ထမ်းတွေတောင် ပြုံးစိစိဖြစ်
ကုန်ပြီ။

"မတိုက်နိုင်ဘူး"

"ကော်ကျလှချည်လား ညွှာ။ ပိုက်ဆံပြတ်သွားလို့ ဝင်ပြော
မိတာပါ ညွှာရယ်။ ခုတော့ ကိုယ့်မှာ လမ်းဘေးအလှူခံ

သူလို အပြောခံရတယ်။ စိတ်မကောင်းဘူး ဘရာဇီးကော်ဖီ
မှ တောင့်တတဲ့ ချွဉ်ခြင်းကိုပဲ စိတ်တိုတယ်။ ကိုယ်ပြန်
လိုက်ဦးမယ်"

"နေဦး မိုးလ"

သူ့ခြေလှမ်းတွေ လေထဲတင် တန့်သွားသည်။
သူမရဲ့နှုတ်မိန့်တစ်ခွေက သူ့ကို အဲလိုဖမ်းစားသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

ညာတို့ရုံးရှေ့က ကော်ဖီဘားလေးမှာ သီးသန့်ဆိတ်ငြိမ်လှပါသည်။ ဆိုင်အဝင်ဝမှာပဲ ကောင်တာလေးရှိနေပြီး ကိုယ်သောက်ချင်တာမှာကာ တစ်ခါတည်း ငွေရှင်းရသည်။ ပြီးမှ ဝိတ်တာက လာပို့ပေးမှာဖြစ်သည်။

ညာက Non coffee ဖြစ်သော Mocha တစ်ခွက်မှာကာ သူ့အတွက်တော့ ဘရာဇီးကော်ဖီ။

ညာက မော်ဒန်ပန်းချီကားတစ်ချပ်ကို မျက်နှာမူထားသော စားပွဲမှာ ဝင်ထိုင်သည်။

"ညာ ပန်းချီကား.တွေကို ကြိုက်လား"

"အင်း ... ကြိုက်တယ်၊ အထူးသဖြင့် မော်ဒန်ပန်းချီကို ပိုကြိုက်တယ်"

"မဆိုးပါဘူး၊ အနုပညာကို ခံစားတတ်တယ်ဆိုတော့"

"ဒီမှာ ... အခု ရှင် ကျွန်မတိုက်တဲ့ ကော်ဖီကိုသောက် ဒနတာနော် ... ဟွန့်"

ရှားရှားပါးပါး သူမထိုးတဲ့ မျက်စောင်းက လှပနေ၏။ ညာက မိန်းမတန်မဲ့ မျက်နှာက လေးထောင့်ဆန်ချင်ချင်ပါ။ တိကျသော မေးရိုးက နူးညံ့မှုကင်းမဲ့ကာ တိကျနေပြန်သည်။ ခြိုင်ကြည့်ရင် ညာ့မျက်နှာက မိန်းမမဆန်ပါ။ ဒါပေမဲ့ ဆွဲဆောင်မှုတော့အပြည့်။

"ဘာကြည့်နေတာလဲ"

"လှလို့"

"သူများတိုက်တဲ့ ကော်ဖီကိုသောက်ပြီး ရိုသဲ့သဲ့လုပ်မယ် ဆိုရင်တော့ သိပ်ရုပ်ဆိုးတယ်နော်"

"ရိုသဲ့သဲ့လို့ နာမည်မတပ်ပါနဲ့ ညာ့ရယ်။ နူးညံ့တဲ့အချစ်ကို ရိုသဲ့သဲ့လို့ နာမည်တပ်တာက ပိုရုပ်ဆိုးပါတယ်။ ကိုယ် ညာ့ကို ဘယ်တုန်းက ရိုသဲ့သဲ့ လုပ်ဖူးလို့လဲ"

"ပိုဆိုးလာပြီ၊ ရှင် ကျွန်မကို ရည်းစားစကားပြောနေတာလား"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်စမ်း ... ရှင် ... ရှင် ... တော်ပြီ ကျွန်မ ပြန်မယ်"

"ဟာ ... ညာကလည်း နေပါဦး၊ ကော်ဖီတောင်မလာသေးဘူး"

"မသောက်တော့ဘူး၊ ရှင်ပဲ နှစ်ခွက်လုံးသောက်"

"ဘာလဲ ညာက နားမထောင်ရဲလို့လား။ နားထောင်မိရင် ကိုယ့်ကို တစ်ထိုင်တည်း အဖြေပြန်ပေးမိမှာစိုးရင်တော့ သွားလေ ညာ"

"ရှင် ... ရှင်"

မိုးလက သူမကို မခံချင်အောင် ပြောခြင်းဖြင့် ဆွဲဆောင်ဖို့ စဉ်းစားလိုက်သည်။ သူမလို ဂျစ်တူးမက လမ်းအိုလိုက်လို့ ရမှာမဟုတ်။

"ကဲ ... ပြောစမ်း မိုးလ။ ဒီမှာ ရှင့်ကို ဘာလို့ တစ်ထိုင်တည်း အဖြေမပေးရဲရမှာလဲ၊ သိပ်ပေးရဲတယ်"

"အဟား ... ညာပေးမယ့် အဖြေက No မဟုတ်လား။ သေချာတာကတော့ ညာ Yes လို့ လုံးဝမဖြေရဲဘူး"

"ဘာလို့ Yes ရမှာလဲ၊ ဘာအကြောင်းနဲ့မှ Yes စရာ အကြောင်းမရှိဘူး"

"ညာ ... မင်း အဲလို ကက်ကက်လန် ရန်တွေ့တာလေးကို ကိုယ် အရမ်းချစ်တာ"

ညာက သူ့ကို မျက်လုံးပြူးဖြင့်ကြည့်ကာ ပြန်ပြောဖို့ စကားလုံးရှာနေတာလား။ ရုက်သွားတာလား၊ သူလည်း မခွဲခြားတတ်။ သူမ ပါးအိုးလေးတွေ နီစပ်စပ်တော့ ဖြစ်နေလေရဲ့။

"ညာ ဒေါသတွေ မောဟတွေ ခဏဘေးဖယ်ပြီး အေးအေးဆေးဆေး စဉ်းစားပေးပါလား ညာ။ အတိတ်က ကိုယ်နဲ့ ညာရဲ့ ဆက်ဆံရေးကို ပြန်မတွေးဘဲနဲ့ပေါ့။ ပြီးတော့ ကိုယ့်သားကို မွေးစားခဲ့တဲ့ ကဏ္ဍကိုလည်း ဖျောက်လိုက်။ မိုးလ ဆိုတဲ့ လူတစ်ယောက်ကို ဘာအကြောင်းမှ မပါဘဲ လွတ်လွတ်လပ်လပ် စဉ်းစားပေးပါလား။ ကိုယ် တစ်ခုတော့ သေချာပြောနိုင်တယ် ညာ။ ညာ့ကို ကိုယ့်အသက်ထက်တောင် ပိုချစ်တယ်"

"မယုံပါဘူး"

ညာ့ပုံစံက နည်းနည်း နွဲ့တဲ့တဲ့ ဖြစ်သွားသလိုလို။ ညာ ဒီလို တည့်တည့်ကြီး ရည်းစားစကား ပြောတာကို တစ်ခါမှ မခံရဘူး။ ညာ့ပုံစံ တည်တင်းတင်းကြောင့် ပြောချင်ရင်တောင်

www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်း မငြင်းသွားတာဟာ သူ့အတွက် အပေါင်းလက္ခဏာ မဟုတ်ပါလား။ သူ မျှော်လင့်ထားတာထက် ပိုပြီး ကောင်းနေတဲ့ အခြေအနေအတွက် သူ တော်တော်ပျော်နေမိသည်။

သူ မျှော်လင့်ထားတာက ရည်စားစကားတောင် ဆုံးအောင်ပြောခွင့်ရပါ့မလားလို့လေ။

ညဘက်ကျတော့ သူမဆီ ဖုန်းခေါ်လိုက်သည်။

"ညာ"

"ညာမနေနဲ့ ဒီမှာ ကလေးသိပ်နေတယ်"

ပြောပြီးတာနဲ့ ဖုန်းချသွားသည်။ အင်း ... အရင်က သူ ယူခဲ့ရတဲ့ သားတာဝန်တွေကို ညာ လက်လွှဲယူသွားပြီကိုး။

သား ဘယ်အချိန် ပုံမှန်အိပ်သလဲ သိထားတဲ့သူက သားအိပ်ပြီထင်တဲ့အချိန်ကိုမှန်းကာ ပြန်ခေါ်လိုက်သည်။

ရှိန်သွားတတ်ကြတာလေ။ ခုတော သူက ပြောနေပြီ။ ညာ့အရွယ်က ပိုးစိုးပက်စက် ရင်ခုန်တတ်တဲ့အရွယ်တော့ မဟုတ်။ ဒါပေမဲ့ ရင်ထဲမှာ တငြိမ့်ငြိမ့်နှင့် အငြိမ်ဇယား ရင်ခုန်သံဖွဖွတော့ တဖွဖွ ရွာနေလေရဲ့။

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပို့ပါက္ခင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"မိုးလ ... ရှင် ဘယ်လိုဖြစ်နေလဲ၊ ကျွန်မ အိပ်ချင်နေပြီ"

"ညှာအသံလေး ကြားချင်နေလို့ပါကွာ၊ လွမ်းနေလို့ပါ"

"တော် ... တိတ်၊ မပြောနဲ့တော့"

"ညာ ... ကိုယ့်ကို မချစ်နိုင်ဘူးလားဟင်"

"ဟယ် ... မသိဘူးဟယ်"

"ချစ်ပါ ညာရယ်"

"မိုးလ"

"ပြောလေ ညာ"

"ရှင် သားကို ဘာလို့မွေးစားခဲ့တာလဲ။ ရှင်က လူပျိုလူလွတ်တန်မဲ့နဲ့လေ။ အဲဒီကိစ္စကို ကျွန်မ နားမလည်နိုင်ဘူး။ အဲဒီကိစ္စကို ကျွန်မ ကျေနပ်လောက်အောင် ရှင်းပြနိုင်ရင် ကျွန်မ ရှင့်ကို Plus ထွက်အောင် စဉ်းစားပေးမယ်"

မိုးလ ငြိမ်သွားသည်။ တကယ်ကိုသာ ဒီအရင်းအမြစ်မှန်ကို သူမ သိရင် သူ့ကို ကြည်နိုင်ပါ့မလား။

သူ့ညီမလေးကို သူတို့အခန်းက တံခါးဖွင့်ပေးလိုက်တာဟာ တကယ် ရိုးရိုးသားသားပါဆိုတာ သူမ လက်ခံပါ့မလား။

အဓိကပြဿနာက သူ ဖွင့်ပေးလိုက်လို့ ပုံပုံ လင်နောက်လိုက်သွားခြင်းလေ။ ဒီအကြောင်းတရားနဲ့ ဆက်နွယ်ပြီး သားကို မွေးစားခြင်းဆိုတဲ့ အကျိုးတရားပေါ်လာတာ မဟုတ်လား။

"မိုးလ"

"ဟင်"

"အမယ်လေး ... ရှင် အိပ်ငိုက်နေတာလား၊ တော်ပြီ နောက်နေ့မှ ဆက်တော့။ ကျွန်မလည်း အိပ်ချင်နေပြီ ဒါပဲ၊ ဩော် ... ရှင် အဲဒီကိစ္စပြောပြီးမှပဲ ကျွန်မ စဉ်းစားမှာနော်"

ပြောပြီး ဖုန်းကျသွား၍ တော်ပါသေးရဲ့။ သူ့မှာ လတ်တလော ဖြေဖို့ခက်သည်။ ဖြေရင် ကဘောက်တိကဘောက် ချာတွေ ဖြစ်ကုန်မှာ။ ဒါဆိုရင် Minus နဲ့ ညားဦးမယ်။ တဲ့ကြီး ပြောလိုက်လို့ သူမ လက်ခံမှာမဟုတ်။

ဖုန်းချသွားလို့ ကျေးဇူးတင်တယ် ညာ။

ညှာဘက်က တွေးရင်တော့ သူ သားကိုမွေးစားခဲ့တာဟာ အကြောင်းမဲ့သက်သက် ဖြစ်နေနိုင်သည်။ သူမကို

www.burmeseclassic.com

www.burmeseclassic.com

သဘောကျလို့ပဲ သားကိုမွေးစားခဲ့တယ် ထင်မည်မလွဲ။ သို့သော် ညာမသိသေးတဲ့ မှန်သတ်ပုံရဲ့ အဖြစ်မှန်ကို သူ ပြောပြချင်သည်။

ညာ နားလည်ကောင်းပါရဲ့လေ။ သူလည်း သိသိကြီးနဲ့ဖွင့်ပေးလိုက်တာမှ မဟုတ်တာ။

ညာ လက်ခံတာ လက်မခံတာကတော့ ညာ့သဘောပေါ့။ တကယ့်အမှန်တရားဆိုတာ ဖုံးထားကောင်းပဲ့အရာမှ မဟုတ်တာလေ။

အမှန်တရားဟာ သူ့ကို ကယ်တင်ကောင်းပါရဲ့။ သူက အမှန်တရားကို သစ္စာဆိုပြီး ဖွင့်ပြောရတော့မှာပေါ့။ ပုံပုံကို တံခါးဖွင့်ပေးလိုက်တာဟာ တကယ် ရိုးသားပါသည်။

တကယ်လို့ လင်နောက်လိုက်ဖို့ဆိုရင် သူကရော ဖွင့်ပေးမတဲ့လား။

သို့သော် ...

သူ ဖွင့်ပေးလိုက်လို့ ပုံပုံဘဝမှာ ဒီလိုဖြစ်ရတဲ့အတွက် သူ့မှာ စိတ်မကောင်း ဖြစ်ရသည်။ ထို့ကြောင့်ပဲ သားလေးကို သူ မွေးစားခဲ့ခြင်းပါ။

ဒါကို ညာ လက်ခံနိုင်ပါစေလို့ပဲ။ သူ့ဘဝမှာ သူ တစ်ဖက်သား ဒုက္ခရောက်အောင် တမင်ပြုခဲ့တာ တစ်ခါမှမရှိဘူးပါ။ ဒီသစ္စာစကားမှန်ရင် ...

www.burmeseclassic.com

www.burmeseclassic.com

စိတ်တိုတိုနှင့် ဇော်ဝင်းကို ရဲစခန်းပို့ပစ်လိုက်သည်။ ဇော်ဝင်းရဲ့အန္တရာယ်ဟာ ဒီမျှနှင့် ပြီးပါ့မလား။ သားနှင့်ပတ်သက်ပြီး သူ အမြဲလာနောင့်ယှက်နေရင်တော့ ဒုက္ခပါပဲ။

ဒီကိစ္စကို မိုးလနှင့် တိုင်ပင်ဦးမှပါ။ မိုးလလို့ တွေးမိရင် ရင်ထဲမှာ နွေးနွေးလာသည်။ ခုတလော မိုးလက သူမရင်ထဲမှာ တစ်စထက်တစ်စ နေရာယူလာသလိုပါပဲ။ ဘာပဲဖြစ်ဖြစ် သူမကိုချစ်လို့ သားကို မွေးစားခဲ့တယ်ဆိုရင်တောင် ဒါဟာ သူမ အပေါ် မိုးလရဲ့ကြီးမားတဲ့ မေတ္တာပမာဏကို ပြတာပဲလေ။

✣ ❤ ✣

ထိုရက်ပိုင်းအတွင်းမှာ ဇော်ဝင်းက ညှာ့ကိုခြေရာခံမိသွားသည်။ အရက်တွေမူးကာ ညှာ့ရုံးကို ရောက်လာခဲ့သည်၊

"ဒေါ်မြသက်ညှာ ... ခင်ဗျား တော်တော်လူလည်ကျပါလား။ မိပုံရဲ့အမွေတွေကို ခွဲပေးရမှာစိုးလို့ ကျူပ်သားကို တစ်ဖက်လှည့်နဲ့ ခေါ်သွားတယ်ပေါ့။ ကျူပ်သား ပြန်ပေး ဒေါ်မြသက်ညှာ၊ ပြီးတော့ မိပုံရဲ့အမွေကိုလည်း ခင်ဗျားကြီးဘုန်းထားဖို့ စိတ်မကူးနဲ့ ကျူပ်သား ရသင့်ရထိုက်တယ်"

လူက ယိမ်းယိုင်နေပြီး အရက်နဲ့ ချဉ်စုပ်စုပ်ကလည်း မသတီစရာပင်။ ညှာ့ကို ပြောနေတာတောင် လူက ယိုင်နဲ့နဲ့။

"ကျော်ဇောရေ 119 ကိုသာ ဖုန်းဆက်လိုက်"

www.burmeseclassic.com

www.burmeseclassic.com

ထိုအတောအတွင်းမှာ နယ်က မိုးလရဲ့အဘွား ရောက်လာသည်။ မိုးလမှာ ငယ်စဉ်ကတည်းက မိခင်ဆုံးပါးသွား သဖြင့် ဖခင်လက်ပေါ်မှာ ကြီးပြင်းရသူပါ။ မိုးလ ဆယ်တန်း အောင်သည့်နှစ်မှာ ဖခင်ပါဆုံးသည်။ မိခင်ဆုံးကတည်းက နယ်မှာရှိတဲ့ မိခင်ဘက်က ဆွေမျိုးတွေနဲ့ အဆက်အသွယ် ကျဲပါးခဲ့တာ။

အခုမှ မိခင်ရဲ့မိခင်၊ သူ့ရဲ့အဘွား ရောက်လာခြင်းပါ။

သို့သော် ...

အဘွားရောက်လာခြင်းက အလည်သက်သက်တော့ မဟုတ်။ အဘွားနဲ့အတူ ဆယ်တန်းအောင်ပြီးစ ကောင်မလေး တစ်ယောက်ပါ ပါလာသည်။

"ငါမြေး ... ဒါ ဘွားရဲ့မွေးစားသမီးလေးပဲ။ ဆယ်တန်းကို ဂုဏ်ထူးငါးခုနဲ့အောင်တာ။ ရန်ကုန်မှာ ဆေးတက္ကသိုလ် ဆက်တက်ဖို့ ရောက်လာတာ။ ဒါပေမဲ့ ကလေးမက ရန်ကုန် ဆိုတာ TV ထဲမှာပဲ မြင်ဖူးတာဆိုတော့ လောလောဆယ် မြေးဆီ ခေါ်ခဲ့ရတာပဲ"

"အဲ ... အဲတော့"

"မြေးကလည်း တစ်ယောက်တည်းသမားမို့လား၊ ဒီတော့ မြေးအခန်းမှာပဲ မအိမ်ဝေးကို ထားရမှာပဲ။ အဲဒါဆို မြေးလည်း စားရေးသောက်ရေး အဆင်ပြေ။ မအိမ်ဝေးအတွက်လည်း နေရေးထိုင်ရေးရော နေရာဒေသအခက်အခဲပါ အဆင်ပြေတာပေါ့။ အစဝိုင်း သူ မသွားတတ် မလာတတ်ခင်တော့ ကူညီပေးလိုက်ဦးနော် မြေး"

"ကူညီတာက ကူညီလို့ရပါတယ် အဘွားရယ်။ ဒါပေမဲ့ သား၊အခန်းမှာ ထားဖို့တော့ အဆင်မပြေဘူး။ ဒီလိုလုပ်လေ ဘွားရဲ့၊ သား သူ့အတွက် မိန်းကလေးဆောင် သန့်တာ ရှာပေးလိုက်မယ်။ ကျန်တာ သား အားလုံးကူညီမယ် စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com

"မင်းအခန်းမှာက ဘာလို့ အဆင်မပြေသတုန်း"

"ဟာ ... ဘွားကလည်း၊ သူနဲ့သားက သူစိမ်းတွေလေ၊ ဘယ်လိုလုပ် သင့်တော်မှာလဲ"

ထိုစကားကို မအိမ်ဝေး ရှေ့မှာ ပြောလိုက်ရတာ အားနာသော်လည်း မပြောလို့မှ မဖြစ်တာ။ မျက်နှာပူပူနှင့် မအိမ်ဝေးကို ကြည့်လိုက်တော့ ငတိမလေးက ဘယ်လိုမှမနေပါ။ မျက်လွှာချကာ ထိုင်မြဲအတိုင်းပင်။

နယ်က တက်လာသူ ဖြစ်လာသော်လည်း မအိမ်ဝေး ပုံစံက ခပ်တုံးတုံးတော့ မဟုတ်ပါ။ မ,ဝတ် Pim စပို့ရုပ်ဝေဖာသားအိအိ နဲ့သာရောင်လေးကို အနက်ရောင်ဒူးအတိစကတ်အကျပ်လေးနဲ့ ဝတ်ထားသည်။

ထူးခြားတာက မအိမ်ဝေးရဲ့ ဆံပင်တွေ။ ဆံပင်တွေက နဖူးကနေ ခါးအတိ တိုရှည်မရှိ ညီတိတိဖြောင့်အိအိလေး။ ထူအိပြောင်လက်နေတဲ့ ဆံပင်တွေက ပျော့အိအိလေးပါ။ အလယ်ခွဲ ဆံပင်တွေက ခါးအထိ တပြေးညီဖြောင့်စင်းနေကာ သူမနဖူးလှလှလေးကို ပေါ်လွင်စေသည်။ မျက်ခုံးတွေက ထူတန်းနက်မှောင်ပြီး မျက်တောင်သန်သန်တွေကလည်း မည်းနက်ကော့ပျံ့နေသည်။

သေချာတာက ထိုမျက်ခုံးနဲ့ ထိုမျက်တောင်တွေဟာ သူမရဲ့သဘာဝအလှတွေပါ။ နှုတ်ခမ်းမွေးစိမ်းလေးတွေတောင် ခပ်သဲ့သဲ့ပေါက်နေတဲ့ သူမနှာတံစင်းစင်းဟာ အဖျားက ချွန်လုံးလုံးလေး။ ခြိုင်ကြည့်ရင် သူမရုပ်က ကလားဆင်မလေးပါ။

သို့သော် အသားက တော်တော်ဖြူသဖြင့် မွန်ဂို ကလားမလေးနဲ့တူသည်။ ဗမာဆန်ဆန်နာမည် မအိမ်ဝေး ဟူသောနာမနှင့် သူမရုပ်ရည် မလိုက်ဖက်။

"ဟဲ့ ... မြေး၊ ကြည့်လှချည်လား။ ဘွားပြောတာ ကြားလား"

"ဗျာ .. ဘွား ဘာပြောလိုက်တာလဲ"

"မြေးနဲ့ မအိမ်ဝေးကို ဘွားက သဘောတူထားတာလို့"

"ဗျာ"

သူ မအိမ်ဝေးကို ပြန်ကြည့်လိုက်မိပြန်သည်။ မထူးပါ။ တုတ်တုတ်မှမလှုပ်ပုံထောက်ရင်တော့ သူမ သိပြီးပုံပင်။

"အဲဒါကြောင့် မသင့်တော်မှာ မပူနဲ့ ငါ့မြေး။ ဘွား စီစဉ်ထားတဲ့အတိုင်းသာ လက်ခံလိုက်တော့"

"မဖြစ်နိုင်ဘူး ဘွားရာ၊ လုံးဝမဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့ မဖြစ်နိုင်ရမှာတုန်း၊ မအိမ်ဝေးက ငယ်လည်းငယ်လှလည်းလှ၊ ပြီးတော့ ဆရာဝန်လောင်း။ ဟွန်း ... တို့မြို့မှာ မအိမ်ဝေးကို စည်းစိမ်ပုံပြီး လာတင်တောင်းတဲ့သူတွေ ပုံလို့။ ဟွန်း ... ဘွားကခေါင်းခါပြီး မအိမ်ဝေးကို ငါ့မြေးနဲ့ ပေးစားမှာလို့ ကြေညာခဲ့တာ"

"ဘွားက လုပ်ချလိုက်ပြီ၊ သားကို နည်းနည်းပါးပါးပြောဆိုပြီးမှ ..."

"ပြောစရာကို မလိုဘူး။ ဒီလောက် လျော်ကန်သင့်မြတ်တဲ့ အခြေအနေကို ငြင်းစရာမှ မရှိတာ။ မအိမ်ဝေး ခမျာ မင်းကို မမြင်ဘူးဘဲနဲ့ကို လက်ခံတာ။ သိပ်လိမ္မာတာပဲ။ မြေးမင်းမိုက်ဖို့ မကြိုးစားနဲ့"

"မဟုတ်သေးပါဘူး ဘွားရာ"

"ဟုတ်တယ် ငါ့မြေး။ မအိမ်ဝေး ပုံစံကိုကြည့်စမ်း။ တောသူမပုံစံလည်း မပေါက်ပါဘူး မြေးရဲ့။ ပြီးတော့ အိမ်မှုကိစ္စလည်း သိပ်နိုင်နင်းတာ၊ မင်းအတွက် သွက်လက်ထက်မြက် ပညာတတ်တဲ့ အိမ်ရှင်မမျိုးပါ ငါ့မြေးရယ်"

"ဟူး ... ဘွားရယ်၊ ကျွန်တော် ငြင်းနေတာက မအိမ်ဝေး

ကို နှစ်သက်တာ မနှစ်သက်တာတွေကြောင့် မဟုတ်ပါဘူး။ ကျွန်တော့်မှာ ရည်ရွယ်ထားတဲ့သူ ရှိလို့ပါ"

ဘွား ခဏတော့ တွေသွားသည်။

"ကောင်းပြီ၊ ဒါဆို ငါ့မြေး သူ့ကို ဘွားဆီခေါ်ခဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com

ညနေပိုင်းမှာ သူ မအိမ်ဝေးကို အပြင်ခေါ်ထုတ်လာရင်း စကားပြောဖြစ်ကြသည်။ ဘွားရှေ့မှာပြောလို့မဖြစ်တဲ့ စကားတွေပေါ့။

"ကိုမိုး တစ်နေရာရာ သွားမယ်ဆိုရင် ရွေတိုဂုဘုရားကိုပဲ သွားရအောင်လားဟင်။ ရန်ကုန်မြေကို ခြေချချချင်း ဘုရားဖူးချင်လို့ပါ"

"အင်း ... ရတယ်လေ"

သူမက ပန်းဆီရောင်စပို့ရှပ်လေးနဲ့ ပန်းဆီခံပါတိတ် လုံချည်လေး ဝတ်ထားသည်။ ဘုရားသွားမှာမို့လား မသိ။ သူမ ဆံပင်တွေကို ဖားလျားမချဘဲ သိုးမွေးကွင်းဖြင့် ဖွဖွစည်းထားသည်။

ဘုရားရောက်တော့လည်း ပန်း၊ ရေချမ်းကပ်ကာ ဘုရားကို သေသေချာချာ ဖူးမြော်ကြည်ညိုနေသည်၊

ပြီးတော့မှ ...

"ကိုမိုး ပြောစရာရှိတာ ပြောလေ"

စနေထောင့်က တန်ဆောင်းမှာထိုင်ရင်း ...

"မအိမ်ဝေးနဲ့ ကိုယ့်ကို ဘွားက သဘောတူထားတယ်နော်"

"ဝေးပဲ ခေါ်ပါ ကိုမိုးရယ်။ ဝေးတောင် ကိုမိုးလို့ ရင်းရင်းနှီးနှီး ခေါ်နေပြီပဲ"

"ကောင်းပြီ ဝေး။ ကိုယ် မေးတာ ဖြေပါဦး"

"ဟုတ်တယ်၊ ဘွားက ဝေးနဲ့ ကိုမိုးကို သဘောတူတယ်၊ ဘွားက ဝေးရဲ့ကျေးဇူးရှင်ပါ၊ ဝေးဘဝ ဒီအခြေအနေရောက်အောင် မြှင့်တင်ပေးခဲ့တာလည်း ဘွားပဲ၊ ဘွားက ဝေးကို ဒုက္ခရောက်အောင်တော့ လုပ်မှာမဟုတ်ဘူး၊ ပြီးတော့ ကိုမိုးဟာ စိတ်သဘောပြည့်တဲ့ ဘွားရဲ့မြေးလေ၊ ဝေးခေါင်းညိတ်သင့်တယ်မို့လား"

သူ ဘာပြောရမှန်းမသိ။

"ဝေးအသက် ဘယ်လောက်ရှိပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဝေး ကျောင်းနေနောက်ကျပါတယ် ကိုမိုး။ ဘွားဆီရောက်မှ ကျောင်းနေရလို့ ဆယ်တန်းအောင်တဲ့ အချိန်မှာ ဝေး အသက် ဆယ့်ရှစ်နှစ် ဖြစ်နေပြီ"

သူမက အသက်ပြည့်ကြောင်း သွယ်ဝိုက်ပြောလိုက်သလိုပဲ။

"အင်း ... ဒါဆို ဝေးက ငယ်သေးတာပဲ။ ကိုယ်နဲ့အသက်တော်တော်ကွာတယ်"

"ဟုတ်ကဲ့ ကိုမိုး၊ ကိုမိုးရဲ့အသက်အရွယ်အရ ကိုမိုးမှာ ချစ်သူ၊ ရည်စွယ်ထားသူ ရှိကောင်းရှိနိုင်တာ ဝေး နားလည်ထားပါတယ်။ ဝေးဘက်က ဝေးအတွက် သင့်တော်တယ်ထင်လို့ လက်ခံထားသလို ကိုမိုးဘက်ကလည်း ဝေးလို ဆွေမဲ့မျိုးမဲ့ မိဘမဲ့တစ်ယောက်အတွက် နေရာကျန်ပါ့မလားဆိုတာ ကြိုတွေးထားပါတယ်"

"ကိုယ် အဲဒီသဘောနဲ့ ငြင်းနေတာတော့ မဟုတ်ဘူး ဝေး။ ကိုယ့်မှာ သိပ်ချစ်ရတဲ့သူ ရှိနေလို့ပါ"

ထိုစကားကို ဝေး ဘာမှမတုံ့ပြန်ပါ။

"ဝေးလည်း တစ်နေ့နေ့မှာ အချစ်နဲ့မတွေ့နိုင်ဘူးလို့ ပြောလို့မရဘူးမို့လား။ အိမ်ထောင်ရေးဆိုတာက အချစ်ပါမှလည်း အဆင်ပြေမှာလေ"

"ဝေးဘက်ကတော့ ကိုမိုးကို နားလည်ပေးနိုင်ပါတယ်"

ဒါက ဘာကို ရည်ညွှန်းတာပါလိမ့်။ သူ့ကိုနားလည်ပေးနိုင်တာလား။ ဒါမှမဟုတ် သူနဲ့တည်ဆောက်မယ့် အိမ်ထောင်ရေးကို နားလည်မှုနဲ့ တည်ဆောက်မယ်လို့ ဆိုလိုတာလား။ သူမစကားကို ဝေခွဲ,ရရင်းက သူမဟာ သာမန်ထက်ပိုပြီး ထက်မြက်တဲ့ မိန်းကလေးဖြစ်ကြောင်းတော့ သတိထားမိသွားသည်။

သူ့ကဲကတစ်မျိုးပါလား။ သူ့ဘဝမှာ ဆုံလိုက်ရတဲ့ မိန်းမနှစ်ယောက်စလုံး ထက်ထက်မြက်မြက်တွေချည်းပါလား။ ဈေးတွက် တွက်မယ်ဆိုရင် ဘယ်ယောကျ်ားမဆို ဒီလိုထက်မြက်တဲ့ မိန်းမမျိုးကိုပဲ လိုချင်မှာပါ။

ဝေးက သူ့ကို တစ်ချက်အကဲခတ်ရင်း ...

"ကိုမိုးရဲ့အမျိုးသမီးကို ဘွားဆီ ခေါ်သွားလိုက်ပေါ့။ ဘွားလက်ခံပါစေလို့ ဝေးလည်း ဆုတောင်းပေးမယ်"

"ဆောရီးနော် ဝေး"

www.burmeseclassic.com

www.burmeseclassic.com

"ဘာအတွက် တောင်းပန်မှုန်း မသိပေမယ့် ကိစ္စမရှိပါဘူး ကိုမိုး။ ဝေးတို့ ပြန်ကြရအောင်"

အပြန်လမ်းမှာ မိုးလ စိတ်တွေပိုပြီး လေးလံလာ၏။ ဘွားဆီ ခေါ်သွားရအောင် ညာက သူ့ကို အဖြေမပေးသေးဘူးလေ။

"မင်း ငတုံး, ငအ, ငရော်ပဲ မိုးလရဲ့"

ဒီပါက သူ့စကားအဆုံး သူ့ကို ပက်ပက်စက်စက် ဖဲ့သည်။ ဒီပါ ဒီလောက်တော့ ထောပနာပြုမယ်ဆိုတာ သူ သိပြီးသားပါ။

"ဘယ့်နယ်ကွာ။ good တာတောင် မဟုတ်ဘူး၊ Best နေတဲ့အဆင့်ကို သူက အုံးစားနေသေးသတဲ့"

"ဟ ... ငါက ညာ့ကိုပဲ ချစ်တာလေကွာ"

"ဒီမှာ မိုးလ၊ အချစ်ဆိုတာ အိမ်ထောင်သည်ဘဝမှာ အဓိကမကျတော့ဘူးကွ။ အဓိက,က နားလည်မှုရှိရင် သာယာတာပဲ။ အေး ... အချစ်ကို ကိုးကွယ်ဖက်တွယ်ပြီး အချစ်တွေမွှန်ပြီး သဝန်တွေတို့၊ ပြဿနာတွေတက်ကြွတဲ့

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ရေးတွေထက်စာရင် နားလည်မှုနဲ့ သာယာနေကြတဲ့ အိမ်ထောင်ရေးတွေ တစ်ပုံကြီးကွ"

"ဒါဆို ရည်းစားဦးကို မြေးဦးရတောင် မမေ့ဘူးဆိုတဲ့စကားကို မင်း ဘယ်သွားထားမလဲ"

"မမေ့တာက လွမ်းနေတာမှ မဟုတ်တာကွ။ မင်းနဲ့သိတဲ့ လူတစ်ယောက်ကွာ၊ ဥပမာ ... သူငယ်ချင်းတစ်ယောက်ဆိုရင်ရော မြေးဦးရတဲ့အထိ မင်း မေ့မလား၊ သူငယ်ချင်းမောင်ဖြူဟဲ့၊ မောင်ညိုဟဲ့ပေါ့။ ဥပမာကွာ ... မင်း ငါ့ကို မေ့မလား။ ငါလည်း မြေးဦးရရင်တောင် မိုးလရေဆိုပြီး သတိတရ လွမ်းကြွေးဦးမှာ။ ဒီမှာ ဟေ့ကောင်၊ မင်းသားနဲ့မယားနဲ့ ဖြစ်လာရင် ညာ့ကို မမေ့သေးတာလောက်ပဲ ရှိတော့မှာ၊ တသသ သတိရနိုင်မှာ မဟုတ်ဘူး၊ ပိုဆိုးတာက ညာနဲ့ မင်းက ချစ်သူတွေမှ မဟုတ်ကြတာ"

"ဒါပေမဲ့ ငါက ညာ့ဆီက အဖြေတောင်းထားပြီးပြီကွ"

"အေးလေ ... အဲဒီတော့ သူ့အဖြေကို စောင့်ပေါ့ကွာ။ သူ့အဖြေအရ ကြည့်ကျက်လှုပ်ရှားလိုက်ပေါ့"

"သားကလည်း ရှိသေးတယ်ကွ။ တကယ်လို့သာ ငါကဝေးကို ယူလိုက်ရင် သားနဲ့သိပ်ပြီး နီးစပ်မှာ မဟုတ်တော့ဘူး"

"အေး ... မင်းနဲ့ဝေး ယူလိုက်ပြီး မင်းသားသမီးတွေရလာရင်လည်း ဇွဲဇွဲလေးအပေါ် အရင်ကလောက် သံယောဇဉ်ထားနိုင်တော့မှာ မဟုတ်ပါဘူး။ ကဲ ... မိုးလ၊ မင်း ဘာဆင်ခြေထပ်တက်ဦးမလဲ"

မိုးလ ဘာမှထပ်မပြောနိုင်တော့။ သူ ပြောသမျှကို ဒီပါက ချေဖျက်ပစ်နေတာကိုး။ ဒီပါက မိုးလပခုံးကို ဖျစ်ညှစ်ပြီး ...

"စွန့်စားလိုက်စမ်းပါ မိုးလရာ။ နှလုံးသားဆိုတာ သူချစ်ချင်တာကို ချစ်ဖို့ပဲသိတာ။ ဘဝမှာ ကြုံရမယ့် အခက်အခဲတွေကိုကျတော့ ဘာမှဖြေရှင်းပေးမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဒီရက်ပိုင်းအတွင်း ညှာကို ဖုန်းဆက်ရင် ညှာမအား တာကများနေသည်။ Project နှစ်ခု တစ်ပြိုင်တည်း လုပ်နေရသတဲ့။

ညှာ မအားသော်လည်း သူက သွားမတွေ့နိုင်ပြန်။ ဝေးရဲ့ကျောင်းအပ်ဖို့ကိစ္စ လိုက်လုပ်ပေးနေရသည်လေ။

ဝေး သွားတတ်လာတတ်အောင် လိုက်ပို့ပေးရတာ တွေလည်း ရှိသေးသည်။

ဝေး ကျောင်းတက်ရင်ဝတ်ဖို့ အဝတ်အစားဝယ်တာ ကအစ သူ လိုက်ပေးရသည်။

ဘွားနဲ့ဝေးက ဘယ်မှမသွားတတ် ဆိုတော့ သူ့ကိုပဲ အစစ အားကိုးကြရသည်။

ဘွားက ဝေး ကျောင်းမဖွင့်ခင် ရန်ကုန်မြို့တွင်း ဘုရားစုံပူးချင်သည်ဆို၍ လိုက်ပို့ရတာက နှစ်ရက် သုံးရက်။

ရန်ကုန်မှာ ဘုရားစုံပူးဖို့ဆိုတာ သုံးရက်လောက် ကောင်းကောင်း အချိန်ယူရသည်လေ။

ဘွားနဲ့ ဝေးရဲ့ကိစ္စတွေကတစ်ဖက် ဆိုင်ကတစ်ဖက် ဖြင့် သူ ညှာ့ဆီ မရောက်နိုင်ခဲ့။

သားဆီ မရောက်တာတောင် ကြာပြီ။ ဒီကြားထဲ သားနှင့်ကြီးကြီးတောင် သူ့ဆိုင် ရောက်လာသေးတယ်။

သားက သူ့ကိုတမ်းတနေ၍ ကြီးကြီးက လာပို့ပေး တာပါ။

ခုဆို ဝေးတောင် တော်တော်သွားတတ်လာတတ် နေပြီ။ ဝေးနဲ့ တွဲသွားတွဲလာရင်းမှ ဝေးရဲ့အခြေအနေကို အကဲခတ် ရသည်။

ဝေးက စိတ်သဘော မဆိုးရှာပါ။ မိန်းမတစ်ယောက် မှာ ရှိသင့်ရှိထိုက်သည့် အရည်အချင်းအားလုံးလည်း ပြည့်စုံသည်။ သို့သော် သူ့စိတ်ကိုက ညှာမှညှာ ဖြစ်နေတော့။

တစ်ရက်မှာတော့ သူနဲ့ဝေး ယုဇနပလာဇာမှာ ဈေး ဝယ်နေတုန်း ညှာနှင့် တည့်တည့်တိုးသည်။

www.burmeseclassic.com

www.burmeseclassic.com

"မိုးလ"

"ဟာ ... ညာ"

"ရှင်က တစ်နေ့ တစ်နေ့ ဘုရားဖူးလိုက် ရှော့ပင်ထွက်လိုက်နဲ့ တော်တော် Busy နေတာကိုး"

"နယ်ကစည်သည်တွေ ရောက်နေလို့ပါ ညာရဲ့။ ညာ ... ဒါ မအိမ်ဝေးတဲ့၊ ဝေး ... သူက ညာတဲ့၊ မြဲသက်ညာ ... တဲ့"

ထိုနေရာမှာတော့ ဝေးက နှုတ်သွက်ပါသည်။

"ဟုတ်ကဲ့ မညာ။ ဝေးက နယ်ကလာတာဆိုတော့ ဒီမှာ အသိလုံးဝမရှိဘူး။ ဝေးကို နောက်တွေ့ရင်လည်း ခေါ်ပါနော်"

"အင်း ... ဝေးက အလည်ပဲလား"

"မဟုတ်ဘူး ... မညာ၊ ဝေးက ကျောင်းလာတက်တာပါ"

"သြော် ... အကူအညီလိုရင် ပြောလေ။ ပြောသာပြောရတာ တို့ကိုယ်တိုင်ကို သိပ်မအားဘူး"

"ရပါတယ် မညာ၊ ပြောတာနဲ့တင် ကျေးဇူးတင်နေပါပြီ။ ခုတောင် ကိုမိုး ကျေးဇူးကြောင့် တော်တော် သွားလာတတ်နေပါပြီ။ မညာနဲ့ ကိုမိုး စကားပြောရစ်ဦးနော်။ ကိုမိုး ... ဝေး ဟိုဘက်မှာ ဖိနပ်စင်လေး သွားကြည့်လိုက်ဦးမယ်"

"ညာလည်း သွားတော့မှာ။ ဒီက ပရိသောဂဆိုင်ကို ပစ္စည်းလေးတချို့ လာအပ်တာ။ မိုးလ ... ညနေ ရှင်အားရင် ခဏလာခဲ့ဦး"

ပြောပြီး ညာက အရင်ထွက်သွားသည်။ မိုးလကတော့ ညာနဲ့ဝေး ကြားမှာ မလိုအပ်ပါဘဲ မနေတတ် မထိုင်တတ်နှင့်။ ရုက်သလိုလို အားနာသလိုလို ဖြစ်နေခဲ့ရသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူဟာ ဒီမိန်းကလေးနှစ်ယောက်တည်းက တစ်ယောက်ယောက်နှင့် လက်ထပ်ဖြစ်မှာ သေချာသည်လေ။

ထို့ကြောင့် ကျန်ရစ်ခဲ့မည့် တစ်ယောက်အတွက် ကြိုပြီး အားနာနေမိတာလားတော့ မသိ။

အရိပ်အကင်းပါးသော ဝေးက ...

www.burmeseclassic.com

www.burmeseclassic.com

ထိုညနေမှာ သူမဆီသို့ မသွားနိုင်ဘဲ မလာဖြစ်ကြောင်းပဲ ဖုန်းဆက်လိုက်ရသည်။ အကြောင်းမှာ မမျှော်လင့်ဘဲ ရုတ်တရက်ကြီး ဘွား သွေးတိုးလာ၍ ဘွားကို ဆေးခန်းပို့ရခြင်းကြောင့်ပင်။

သူနှင့်ဝေး တစ်နေကုန် ရှောပင်ထွက်နေခိုက် အိမ်မှာ တစ်ယောက်တည်းကျန်ခဲ့သည့် ဘွားဟာ သူမကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲကို အားပါးတရ စားပစ်တာပင်။

ဝေးက တဖျစ်တောက်တောက် မြည်တွန်တောက်တီးနေသည်။

"အုန်းနို့ခေါက်ဆွဲကို ဘွားက အရမ်းကြိုက်တာ၊ ဒါပေမဲ့ ဘွားမှာ သွေးတိုးရှိလို့ ဘွားစားချင်ရင် ဝေးက နို့စိမ်းခေါက်

"ကိုမို့ ... မညာက ကိုမို့ရဲ့ချစ်သူလား။ မဆိုးပါဘူး။ ဝေးလည်း အဲလို ထက်ထက်မြက်မြက်ရှိတဲ့ အမျိုးသမီးမျိုးကို သဘောကျတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဆွဲပဲ ချက်ပေးနေကြ၊ အခု ဝေးမရှိခင် အလစ်ခိုးစားတာ၊ ရောဂါကြောင့် လူမိပြီ"

"ဝေးဝေးရယ် တစ်ပန်းကန်တည်းပါအေ"

ဘွားက သူ့အပြစ်နှင့်သူ လေပြည်ထိုးနေသည်။ ဝေး မျက်နှာက စူပုပ်ပုပ်။

"ဘွားနဲ့မတည့်လို့ ပြောတာပါ ဘွားရယ်၊ ဘွား စားချင်ရင် နို့စိမ်းနဲ့ ချက်ပေးမှာပေါ့"

"ကျုပ်က အုန်းနို့ပဲစားချင်တာ၊ နို့စိမ်းနဲ့က အာသာမမြေတာ"

"ဘွားရေ အာသာပြေအောင်စားရရင် ဆုံးမှာကိုမဟုတ်ဘူး၊ လျှာတစ်ချောင်းရဲ့ တောင်းဆိုမှုကို ခန္ဓာကိုယ်က လက်မခံဘူး ဘွားရဲ့၊ ပြီးရင် ကိုယ်ပဲ ပြန်ခံရတာ၊ စားရတာနဲ့ မကာမိဘူး"

မအိမ်ဝေးရဲ့ ဗျစ်တောက် ဗျစ်တောက်ကို ဘွားက ကျေနပ်ပြုံးကြီးဖြင့် ...

"ဒါတောင် ဝေးဝေး ဆရာဝန်မဖြစ်သေးလို့ဟဲ့၊ ဆရာဝန်ဖြစ်ရင် ငါ ဘာမှစားရမှာ မဟုတ်ဘူး"

"ဘွားကလည်း"

ဘွားက သူ့ဘက်လှည့်ကာ ...

"ဟဲ့ ... ငါ့မြေး မင်းကလေးမကို ခေါ်ခဲ့ဦးလေ၊ ဘွား စကားလေးပြောကြည့်ချင်လို့၊ မင်းကိစ္စပြီးစီးရင် ဘွားလည်း ပြန်ရမယ်၊ ဟိုမှာ ယာတွေ ကိုင်းတွေ သစ်ခြကိစ္စတွေက ရှိသေးတယ်"

"အာ ... ဘွားပြန်မှာလား၊ ဘွားပြန်ရင် ကျွန်တော်နဲ့ ဝေးနှစ်ယောက်တည်းနေလို့ ဘယ်သင့်တော်မလဲ ဘွားရဲ့"

"ဘွား သိပါတယ်၊ အဲဒါကြောင့် မပြန်သေးတာပေါ့၊ မင်းတို့ကိစ္စကို သင့်တော်အောင် စီစဉ်ပေးခဲ့ပြီးမှ ပြန်ရမှာ၊ မင်းကလေးမကိုသာ မြန်မြန်ခေါ်ခဲ့"

"ဟုတ်ကဲ့ ဘွား"

ဘွားကိုသာ ညိတ်ပြလိုက်ရတာ ခေါင်းတောဲအလေးသား။ အခုချိန်ထိ ညှာဘက်က မီးစိမ်းသေးတာမဟုတ်။

ဘာပဲဖြစ်ဖြစ် ညှာ့ကိုသွားတွေ့ပြီး အဖြူအမည်းသဲကွဲအောင်တော့ လုပ်ဦးမှပါလေ။

✣ ❤ ✣

www.burmeseclassic.com

www.burmeseclassic.com

ကြီးကြီး ဘုရားပန်းလဲနေတုန်း ညှာက သူမအခန်းဝ မှပေါ်လာကာ ...

"မိုးလ ကျွန်မ ရေချိုးလိုက်ဦးမယ်၊ ရှင် ဧဏာစောင့်ဦး"

"ရတယ် ညှာ၊ အေးဆေးလုပ်ပါ"

ကြီးကြီးက ဘုရားပန်းလဲပြီး ပြန်ထွက်လာတော့ သားပါ နိုးလာသည်။ သားက သူ့ကိုသိပ်ရာ ကြီးကြီးအခန်းထဲမှ တောက်တက် တောက်တက်နှင့် လျှောက်ထွက်လာသည်။

အိပ်ရာထရင် မငိုတတ်တာ သားရဲ့ချစ်စရာအကျင့် တစ်ခုပါ။

"ဖေဖေ့"

"ဝေ့ ... ငါ့သားကြီး နိုးပြီလား"

သားက သူ့ပေါင်ပေါ် လာတက်ထိုင်ပြီး သူ့ပါးကို နမ်းသည်။ သူက သားကြိုက်တဲ့ ချောကလက်အဖြူလုံးလေးတွေ ရယ်၊ သားအတွက်ဝယ်လာသော မာတ်ခံကားလေးရယ်ကို ပေး တော့ သား သဘောကျနေသည်။

"ဟော ... ငါ့မြေးလေး နိုးပြီ ဟ၊ လာ ဘွားကြီး မျက်နှာ သစ်ပြီး ခါးခါးလူးပေးမယ်"

မိုးလင်းတာနဲ့ သူ ညှာဆိုသွားဖို့ စီစဉ်ထားသည်။ ဟုတ်သည်။ မိုးလင်းတာနဲ့ သွားမှ ညှာနဲ့တွေ့ရမှာလေ။ မဟုတ်ရင် ညှာက သူ့အလုပ်ရှိရာ ကိုးနာရီမထိုးခင် သွားမှာကိုး။

သားအတွက် ဝယ်ထားတာလေးတွေကိုပါ ယူပြီး ညှာရှိရာ ထွက်လာခဲ့သည်။

လမ်းမှာ အထမ်းနှင့်ရောင်းသော ဘုရားပန်းသည်ကို တွေ့တာနှင့် ဂန္ဓမာအဖြူရောင်တစ်စည်း ဝယ်လိုက်၏။

သူရောက်တော့ ညှာ အိပ်ရာကနိုးစ။ သားတောင် မနိုးသေး။ ကြီးကြီးတစ်ယောက်သာ သနပ်ခါးအဖွေးသားနှင့်။ ကြီးကြီးက ဘုရားပန်းတွေကိုယူရင်း ...

"သာခုကွယ် ... သာခု ... သာခု၊ ဒီနေ့ဈေးသွားရင် ဘုရားပန်းဝယ်ရမယ်လို့ တွေးနေတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ ခဏရေးနော်"

ထို့နောက် သနပ်ခါးအဖွေးသားနှင့် သားကို နွားနို့နှင့်နို့ပေါင်မုန့် ကျွေးသည်။

သား စားသောက်ပြီးမှ ညာ ထွက်လာသည်။

"ရှင် Breakfast စားပြီးပြီလား"

"ကော်ဖီတစ်ခွက် ဖျော်သောက်ခဲ့တယ်"

"အပြင်မှာ တစ်ခုခုစားရအောင်"

"သွားလေ ညာ"

သူနဲ့ညာ အပြင်ထွက်ဖို့ပြင်တော့ သားက ငိုမဲ့မဲ့နှင့် သူ့ပုဆိုးစကို လာဆွဲထားသဖြင့် သူ ရင်နှင့်သွားကာ ...

"သား ... ဖေဖေ သားအတွက် မုန့်မုန့်သွားဝယ်မလို့၊ ပြီးရင်ပြန်လာခဲ့မယ်နော်"

"ဖေဖေ တကယ်ပြန်လာမှာလား"

"တကယ်လာမှာပေါ့ သားရဲ့"

"အဲဒါဆို သီးသီးဝယ်ခဲ့"

"အေး အေး"

"အဲဒါ ပန်းသီးမှာတာလေ၊ သူ့အမေ ပုံပုံတုန်းကလည်း ဒီလိုပဲ၊ ကလေးတည်းက ပန်းသီး အရမ်းကြိုက်တာ"

ကြီးကြီးက ပြောရင်း တစ်ရှူးစထုတ်ကာ မျက်ရည်တို့သည်။

"သား ဖေဖေ ပန်းသီးတွေ အများကြီး ဝယ်ခဲ့မယ်နော်"

သားပါးကို ဘယ်ပြန်ညာပြန်နမ်းပြီး အပြင်ထွက်ခဲ့လိုက်သည်။

သိပ်ဝေးဝေးမဟုတ်ပါ။ ညာတို့လမ်းထိပ်မှာ သပြေရိပ်လက်ဖက်ရည်ဆိုင်ရှိတာမို့ အဲဒီမှာပဲ စကားပြောဖြစ်ကြသည်။

"ညာ ကိုယ့်ကို အဖြေပေးပါတော့ ညာရယ်၊ ကိုယ့်အဘွား ကလည်း ညာ့ကိုတွေ့ချင်လို့တဲ့"

"ရှင့်အဘွားက"

"ဒီလို ညာရယ်၊ ဘွားက ကိုယ့်ကို မိန်းမယူစေချင်နေပြီ၊ ကိုယ်မှာ ရည်စွယ်ထားသူရှိရင် ခေါ်ခဲ့၊ မရှိရင် သူ ရှာပေးမယ်တဲ့"

"အဲဒီရှာပေးထားတဲ့သူက မအိမ်ဝေးမို့လား"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ညာ"

"ယူလိုက်ပေါ့၊ ငယ်ငယ်ချောချောလေးပဲ"

"ကိုယ်က ညာ့ကိုပဲ ချစ်တာကို"

ညာ့မျက်နှာလေး ရဲတွတ်သွားတာ ချစ်စရာပင်။ ညာ့နှာမှာရှိချိန်တွင် ဝေးကို သူ လုံးဝလက်မထပ်နိုင်တာသေချာသွားသည်။

"ရှင့်ကို ကျွန်မ မေးတားတာ ရှင် မဖြေရသေးဘူးလေ"

"သားကို ကိုယ်မွေးစားခဲ့တဲ့ အဓိကအကြောင်းရင်းက ..."

သူ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။ သူ ပြောပြနေတုန်း ညာ့မျက်နှာက ပေါက်ထွက်ကာနီး မီးတောင်ပမာ။ ဒေါသတွေက အခိုးလျှံလျှံဝေနေသလိုပင်။

"ဩော် ... လက်စသတ်တော့ ပုံပုံ ယောကျ်ားနောက်လိုက်နိုင်အောင် ရှင် တမင်တဲ့ခါးဖွင့်ပေးလိုက်တာကို့"

"ဟာ ... မင်း အဲလိုမပြောနဲ့ ညာ၊ ကိုယ်မသိလို့ ဖွင့်ပေးလိုက်တာလို့ ပြောပြီးပြီ၊ ဘယ်သူကတော့ သိရက်နဲ့ တမင် ဖွင့်ပေးမှာလဲ"

"ဖွင့်ပေးတာပေါ့၊ အဲဒီအချိန်တုန်းက ရှင်နဲ့ ကျွန်မက တန်စောင်းစေးနဲ့ မျက်ချေးဖြစ်နေကြတာကို့၊ ကျွန်မကို မကျေနပ်တဲ့စိတ်နဲ့ ကျွန်မညီမလေးကို အညွှန့်ချိုးပစ်တာ"

"ညာ ... မင်း မဟုတ်တာ မစွပ်စွဲနဲ့နော်"

"ဒီမှာ မိုးလ၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်၊ အဲဒါ ရှင့် အတွက် ကျွန်မရဲ့အဖြေပဲ၊ ရှင် သားကိုရော ကျွန်မတို့မိသားစုကိုပါ ဘယ်တော့မှ လာမပတ်သက်နဲ့၊ ရှင်က မတော်တဆ လုပ်ခဲ့ပေမယ့် သတ်ပုံ သေသွားတာ မတော်တဆမဟုတ်ဘူး၊ ကျွန်မ အဖြေကို ရှင်းရှင်းလင်းလင်း သဘောပေါက်ပါတယ်နော်"

"ပေါက်ပါတယ် ညာ၊ မတော်တဆဆိုတာ ကြိုတင်ကြံစည်လို့မရတာကိုလည်း ညာ သဘောပေါက်စေချင်တယ်၊ ကိုယ် ဘယ်လောက်ပဲ သတ်ပုံအပေါ် မကောင်းကြံစေချင်ဦး၊ ညာ့ကို ဒုက္ခပေးချင်ဦး၊ မှန်သတ်ပုံ နောက်ဖေးလှေကားက တက်လာပြီး တံခါးမဖွင့်ခိုင်းရင် ကိုယ် မင်းတို့အခန်းထဲက မှန်သတ်ပုံကို လာဆွဲထုတ်လို့ မရဘူး၊ နောက်ဆက်တွဲကိုလည်း လှည့်ကြည့်စရာအကြောင်းမရှိဘူး၊ နောက်ဆုံး ကိုယ် ဖွင့်မပြောရင် ညာ့ သိစရာအကြောင်း မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အို ... မသိဘူး ... မသိဘူး၊ ကျွန်မ သိတာက ရှင့်ရဲ့ မတော်တဆက ညီမလေးကို သတ်လိုက်တာပဲ"

"ကောင်းပြီ၊ ညာ စိတ်ချမ်းသာသလိုထင်၊ ကိုယ် တစ်ခု ပဲပြောတော့မယ်၊ ကိုယ် ညာ့ကို ချစ်ခဲ့တာ သတ်ပုံယောက်ျား နောက်မလိုက်ခင် မင်းကို စတွေ့ဖူးကတည်းကပဲ"

"ရှင့်အချစ်တွေကို ရှင့်ဘာသာ ပြန်ဝါးစားပြီး မျိုချထား လိုက်တော့၊ ကျွန်မကတော့ ရှင့်ကို သိပ်မုန်းတယ်"

ထွက်သွားတဲ့ ညာ့နောက်ကျောကိုကြည့်ပြီး သူ တော်တော်ဝမ်းနည်းခဲ့ရတယ်။ တကယ်ပါ။ သူမကို နက်ရှိုင်းစွာ စူးနှင့်စွာ ချစ်မိခဲ့တာပါ။

"မင်းက တုံးရဲ့ ရှော်ရဲ့ မဟုတ်တော့ဘူး မိုးလ၊ မင်းမှာ တုံးဖို့ရှော်ဖို့တောင် ဦးနှောက်မပါလောက်ဘူး၊ ဟုတ်တယ်၊ မင်းမှာ ဦးနှောက်မရှိဘူး၊ ဘယ်နယ်ရော ဘာမှအကျိုးမထူး လာနိုင်တဲ့ ကိစ္စတစ်ခုကို မင်းမို့ ဝန်ခံလိုက်တယ်၊ တကယ်ဆို မင်းမပြောဘဲထားကြည့်၊ ခုချိန်ဆို မင်းနဲ့ညာ အိုခေလောက်ပြီ ဆရာရေ"

"ငါ ဖွင့်ပြောလိုက်တာက သစ္စာတရားပဲကွ၊ အဲဒါ ငါ အမှန်အတိုင်းပြောတာ၊ ငါ မညာဘူးလေ"

"အေး ... မင်းမညာတဲ့အတွက် ဟိုကလည်း မင်းကို အမှန်အတိုင်း ဆုံးဖြတ်သွားပြီလေ"

"အေးကွာ ... သူ ငါ့ကို တော်တော်မုန်းနေတာပဲ"

"မင်း ဝေးကိုသာ ယူလိုက်ပါကွာ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ငါ သားကို သံယောဇဉ်ရှိသေးတယ်"

"ဒူးမနာသားပါကွာ၊ ထားလိုက်ပါတော့"

သူ ဘာဆုံးဖြတ်ရမှာလဲ။ ဝေးကို လက်ထပ်လိုက်ရမှာလား။ အဲလိုတွေးမိရုံနဲ့တင် ရင်ထဲမှာ နာကျင်နေ၏။

တကယ်တော့ ညာဆိုတာ နာမည်နဲ့မလိုက်ဖွာ သူ့အပေါ်ဆို ဘယ်တုန်းကမှ ညာတာခဲ့တာမရှိ။ အကြင်နာရိပ်ယောင်တောင်မတွေ့ရ။ နားလည်မှုဆိုတာ ပိုဝေးပါသည်။ သူမ သူ့ကို တကယ်မုန်းတီးခဲ့တာဖြစ်နိုင်ပါသည်။

ထိုအမုန်းတံတိုင်းကို သူ ကျော်ဖြတ်နိုင်မည်မထင်တော့။ ကျော်ဖြတ်စရာအားအင်လည်း မရှိတော့ပါ။

သို့သော် သူ ဝေးကိုလည်း လက်မထပ်နိုင်ပါ။

သူချစ်တဲ့ ညာနဲ့ မနီးစပ်နိုင်မှ နီးစပ်ရာရင်ခွင်ကို ခိုဝင်ခြင်းဟာလည်း အဓိပ္ပာယ်မရှိပါ။ ဒါဟာ ဝေးအပေါ်လည်း မတရားရာ ကျပါသည်။

ဘွားပြောချင်လည်း ပြောစေတော့။ သူ ဝေးကို လက်မထပ်နိုင်ကြောင်း ဘွားကို ဖွင့်ဟဝန်ခံရမည်။

ဒီပါနှင့် လမ်းခွဲပြီး သူတစ်ယောက်တည်း ဘုရားပေါ်မှာသွားထိုင်နေမိသည်။

သူ အခု အရမ်းစိတ်ညစ်နေသည်။ အသည်းကလည်း ဟက်တက်ခွဲခံလိုက်ရသည်။

အရက်သောက်ရမလား။ အရက်သောက်လိုက်ရင် လက်ရှိ သူ မလိုလားတဲ့ ပစ္စုပ္ပန်က ပြောင်းလဲသွားမှာလား။

မပြောင်းလဲနိုင်တဲ့အရက်ကို သူ မကိုးကွယ်ချင်ပါ။

ဘုရားပေါ်က ဇရပ်ထဲမှာ ဇရပ်တိုင်ကိုမှီပြီး မျက်စိစုံမှိတ်ထားမိသည်။ လက်ရှိလောကကြီးကို ပြောင်းပြန်ဖြစ်အောင် ဖန်ဆင်းပေးနိုင်တဲ့ တန်ခိုးရှင်ရှိရင် သိပ်ကောင်းမှာပဲ။ အဲဒါဆို သူရဲ့ ကွဲအက်နေတဲ့ အသည်းလည်း ပကတိပြန်ဆက်သွားမှာ။

"ကိုမိုး"

"ဟင် ... ဝေး၊ ဝေး ဘယ်လိုရောက်လာတာလဲ"

"ကိုဒီပါ လာပို့သွားတာ"

"ကျွတ် ... ဒီကောင်ကွာ"

"ကိုမိုး ... ကိုမိုးပုံစံက သိပ်ပြိုလဲနေတယ်၊ ဒီအချိန်မှာ တစ်ယောက်တည်းနေရင် ပိုဆိုးသွားမှာပေါ့ ကိုမိုးရယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဝေး"

"ဝေး ကိုမိုးဘော်မှာရှိပေးမယ်၊ But , No problem နော်၊ ကိုမိုးဘာသာ လွတ်လွတ်လပ်လပ်နေ၊ ဝေးကို စကားပြောချင်လည်းဖြစ်တယ်၊ မပြောချင်လည်း ပြဿနာမရှိဘူးနော်၊ as you like !"

"ကိုမိုး ဝေးကို ကိုမိုးကောင်မလေးအကြောင်း ရင်ဖွင့်ရင် တရားပါ့မလား ဝေး"

"ကိုမိုးနဲ့ ဝေးက ဘာပတ်သက်မှုမှ မရှိသေးဘူးလေ၊ တရားပါတယ် ကိုမိုးရယ်၊ ဖွင့်ပြောလိုက်လို့ ကိုမိုး ရင်ထဲမှာ သက်သာရာရမယ်ဆိုရင် ဝေး ကျေနပ်ပါတယ်"

"ကိုယ် သူ့ကို တကယ်ချစ်ခဲ့တယ် ဝေး ... ..."

ဝေးက သူ ပြောပြနေတဲ့ အကြောင်းအရာတွေကို အင်း အဲ မလိုက် မပြောင်းလဲသော မျက်နှာပေးနဲ့ ပဲနား ထောင်နေခဲ့သည်။

သူကလည်း ဝေးကို ပြောပြတာထက် တစ်ယောက်တည်း ယောင်ရမ်းညည်းညူနေသလို ရေရွတ်နေမိတာပါ။

သူ့မျက်နှာမှာတော့ နာကျင်မှုတွေကို တွေ့နေရသည်၊ မျှော်လင့်ချက်တွေ ပျက်သည်းနေတဲ့ လူတစ်ယောက်ရဲ့မျက်နှာဟာ ဘယ်လောက်တောင် ဖရိုဖရဲဖြစ်နေသလဲဆိုတာ အေးက မြင်ရတဲ့သူက ဝိုင်းတော့ ... ..."

www.burmeseclassic.com

www.burmeseclassic.com

တကယ်လို့ သူနဲ့ဝေး ဘွားရဲ့အစီအစဉ်ကို လက်မခံရင်တော့ ဘွားဟာ သူပိုင်သမျှတွေကို လျှုပစ်မည်ဖြစ်ပြီး ဝေးကိုလည်း ကျောင်းဆက်မထားတော့ပါတဲ့။

သူ တော်တော်စိတ်ညစ်သွားသည်။ သူက ဘွားရဲ့ အမွေမရလို့ ဘာမှမဖြစ်ပေမယ့် ဆရာဝန်ဖြစ်ချင်တဲ့ မအိမ်ဝေးက ဒုက္ခရောက်မည်။ ဒါဟာ သက်သက် သူ့ကိုချည်နှောင်တာပဲ။ ထိုသို့သော ရန်းမထွက်နိုင်ခြင်းတွေကို သူ သိပ်မုန်းပါသည်။

ဝေး မျက်နှာကတော့ ကျောက်သားပြင်လို တည်ငြိမ်လွန်းလှသည်။ မပြောင်းမလဲ ရှိနိုင်လွန်းလှသည်။

"ကိုမိုး ဝေးကို လုံးဝငဲ့စရာ မလိုဘူးနော်။ အဓိက,က လူတစ်ယောက်ယောက်ဟာ မယိုင်နဲ့တတ်တဲ့စိတ်ရှိဖို့ လိုတယ် ကိုမိုး။ ဝေးကတော့ ကိုမိုးနဲ့ ယူသည်ဖြစ်စေ မယူသည်စေ ဝေးကိုယ်ဝေး ဆရာဝန်ဖြစ်အောင် ကြိုးစားမှာပဲ။ အဲဒါကြောင့် ကိုမိုး ဝေး ဆိုတာကို ထည့်တွေးစရာ မလိုဘူးနော်"

"ကျေးဇူးပဲ ဝေး"

ဝေးရဲ့အားပေးမှုကြောင့် သူ ဘွားကို လုံးဝအပြတ်ငြင်းလိုက်သည်။

ထိုနေ့က ဝေးကို ရင်ဖွင့်ပြီးတော့ သူ့နှာကျင်မှုက မဆိုသလောက် သက်သာသွားသလိုလို။

သို့သော် သူ ညနေ ဘွားနဲ့ ရင်ဆိုင်ရချိန်မှာ ဘွားဆီက သူ မသိသေးတဲ့ ဇာတ်လမ်းတစ်ပုဒ် ထပ်ကြားရသည်။

ဘွားက သူနဲ့ ဝေးကို လက်ထပ်ပေးပြီးရင် ဘွားပိုင်သမျှ လယ်တွေ ယာတွေ ကိုင်းတွေ သစ်ခြံတွေ ဥယျာဉ်ခြံတွေ အားလုံး ရောင်းချပြီး သူနဲ့ဝေးကို အမွေပေးခဲ့မတဲ့။

ပြီးရင် ဘွား လောကီကိုဖြတ်ပြီး ရာသက်ပန် သာသနာ့အရိပ် ခိုတော့မည်ဆိုပဲ။

ဘွားရဲ့ သံယောဇဉ်က သူနဲ့ မအိမ်ဝေးရယ် သူပိုင်ဆိုင်တဲ့ ဥစ္စာတွေအပေါ် မပြတ်သားနိုင်ဖြစ်နေသဖြင့် ထိုသို့ စီစဉ်ရခြင်းပါတဲ့။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်က စတွက်လို့ ...

တစ်နှစ်ကြာတဲ့အခါ ...

ဘွားက သူမရဲ့စကားအတိုင်း သူမပိုင်ဆိုင်သမျှကို ရောင်းချလျှဒါန်းပြီး သာသနာ့အရိပ်ကို ခိုလှုံသွားခဲ့သည်။

ဒါဆို ကျွန်မတို့ဇာတ်လိုက် ဘယ်လိုဆုံးဖြတ်သွားလဲ သိရောပေါ့နော်။

"သတ္တိကောင်းလှချည်လား မြေး။ ဘွားပေးမယ့်အမွေက မြေး ကုမ္ပဏီတစ်ခု ကောင်းကောင်းထောင်လို့ရတဲ့ ပမာဏနော်။ နယ်က အဘွားကြီးတစ်ယောက်ရဲ့ ပိုင်ဆိုင်မှုကိုမင်း အထင်သေးနေတယ်ထင်တယ်"

ဘွားစကားကြောင့် ပုထုဇဉ်ပီပီ နည်းနည်းတော့ တွန့်သွားသည်။ လောကီကို မစွန့်နိုင်တဲ့သူ မှန်သမျှ ငွေနဲ့ကင်းကွာလို့ ရတာမှ မဟုတ်တာလေ။

လောကီချမ်းသာဆိုတာက ငွေကို အခြေခံနိုင်မှ ရတာမို့လား။

ဘွားက ပြုံးနေသည်။ ဒါက ဘွားရဲ့နောက်ဆုံးကြိုးထင်ပါရဲ့။

ငွေဆိုတဲ့ကြိုးနဲ့ အသေချုပ်ဖို့ ကြိုးစားနေသည်။ သူ ဘာဆုံးဖြတ်ရမလဲ။ သူ ဘာဆုံးဖြတ်လိုက်တယ် ထင်သလဲဟင် ? ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က တကယ်မမေ့နိုင်စရာ နေ့ရက်တစ်ရက် ဖြစ်ခဲ့သတဲ့။ ညာတစ်ယောက် "မတော်တဆဆိုတာ တမင်ကြံ ရွယ်ထားတာထက် ပိုကြောက်ဖို့ကောင်းမှန်း လက်ခံလိုက်တဲ့နေ့" ဆိုရင်လည်း မှာမယ်မထင်ဘူးပေါ့။

ဖြစ်ပုံကဒီလို ...။

သားလေးခွဲမြို့မီး ငါးနှစ်ပြည့်လို့ ကျောင်းသွားအပ် တာပါ။

သားကို ကျောင်းဝတ်စုံလေး ဝတ်ပေးတော့ သားက မြူးထူးခုန်ပေါက်နေတာ။

ညာက သားကို ကျောင်းအပ်ပြီးရင် အလုပ်ထဲတန်း သွားမှာမို့ တူဝရီးနှစ်ယောက်စားဖို့ ကြီးကြီးပြင်ပေးနေတဲ့ ထမင်း ချိုင့်ခြင်းကို သွားယူနေတုန်း ...

အဲဒီအချိန်ကစလို့ သုံးနှစ်ကြာတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com

"ညာညာ ... သား ကားပေါ်ကဆောင့်မယ်နော်"

ညာတို့နေတာက ပထမထပ်မှာမို့ သားအောက်ကို ဆင်းရမှာ။ ပြီးရင် ကားကလည်း သော့ခတ်ထားတာ၊ သားဘယ်လိုမှ ကားပေါ်တက်လို့ ရသေးဘူးလေ။

"သား မသွားနဲ့ဦး၊ ညာညာနဲ့တူတူ သွားမယ်"

သို့သော် သားဆီက ပြန်ဖြေသံ မကြားရသဖြင့် ကြိုးကြိုးလက်ထဲကချိုင့်ကိုယူကာ ခြင်းထဲထည့်ပြီး အပြေးဆင်းလာတော့ သားက လှေကားထစ်ကွေ့ချိုးကို ရောက်နေပြီ။

မိုးမှာထားသဖြင့် ထိုလှေကားတစ်လျှောက် မိုးရေတွေ ယိုထားသလား။ မိုးပဲပက်ထားတာလားမသိ စိုရွဲနေသည်။

"သားသား"

သားက သူ့ကိုလှည့်ကြည့်ပြီးပြကာ ပြန်လှည့်ပြေးအဆင်း။ သူမကလည်း သားနားရောက်ကာ လှမ်းအဆွဲ။

ဒါပေမဲ့ လှမ်းဆွဲမိတာက ထမင်းချိုင့်ခြင်းကိုင်ထားသောလက်နဲ့။

သားကိုမဆွဲမိဘဲ ခြင်းနဲ့ဆောင့်တွန်းလိုက်သလိုဖြစ်သွားကာ ...

သားကျသွားတာက အုတ်လှေကားထစ် ရှစ်ထစ်တည်းပါ။ သို့သော် သားလို ငါးနှစ်သားလေးက အောက်မှာ ဇက်လိမ်ကျိုးပြီး အသက်မရှိတော့။

"သား"

ထိုအသံဟာ လျှာဖျားကလာတာလား။ ဝမ်းခေါင်းထဲက တုန်လှုပ်သံလား။ နှလုံးသားထဲက သွေးပွက်သံလား။

သားကို ရင်ခွင်ထဲပွေ့။ မျက်ရည်ဖြိုင်ဖြိုင်ကျ။ မြင်ယောင်မိတာက သတ်ပုံနဲ့ မိုးလတို့ရဲ့ မျက်နှာတွေ။

ကြိုးကြိုးဆိုတာ ငိုဖို့တောင်မေ့ကာ ကြောင်စီစီဖြစ်နေသည်။

ဒါဟာ ညာ့ဘဝမှာ တတိယဆုံးရှုံးမှုပဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်က စတွက်လို့ နောက်ခြောက်နှစ်ကြာတဲ့ အခါ ...

ဝေး တစ်ယောက် ဆရာဝန်ဖြစ်သွားတယ်။ ဘွားက ဝေးကိုတော့ ပညာသင်စရိတ် ကျိတ်ပေးခဲ့သတဲ့လေ။

မိုးလ မသိအောင်ပေါ့။

"ဝေး ... ဒါ ညည်းကို ကျုပ် အမွေပေးတာ မဟုတ်ဘူး၊ ညည်းပညာရေးအတွက် လှူတာ။ ညည်းတို့ကိုတော့ သံယောဇဉ်ပြတ်သွားပါပြီအေ"

ထိုစကားတစ်ခွန်းနဲ့အတူ ဘွားလည်း ဝေးဘဝထဲက ရာသက်ပန် ထွက်သွားခဲ့တယ်။

ဒါပေမဲ့ ဘွားက ဒုတိယမြောက် ထွက်ခွာသွားသူပါ။

ပထမဆုံး ထွက်ခွာသွားခဲ့တာက ? ။

ဟုတ်တယ်။ ဝေးဘဝထဲက ပထမဆုံး ထွက်သွားသူက ဝေးရဲ့နှလုံးသားပေါ့ကွယ်။

အဲဒီတုန်းက ... အဲဒီအချိန်တုန်းကပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com

"ဘာ"

"ဟုတ်တယ် ဘွား။ သား ဘာကိုမှ မမက်မောပါဘူး။ ဘွား စိတ်လွတ်ကိုယ်လွတ် လှူပစ်လိုက်ပါ။ သားကိုအမွေ ပေးတာထက်စာရင် လှူလိုက်တာက ဘွားအတွက် ပိုပြီး အကျိုးရှိပါတယ်"

"ကောင်းပြီ ငါ့မြေး။ မင်း တစ်ခုသိထားဖို့က မင်းအဘွား က သွေးမနည်းဘူး ဆိုတာပဲ။ ငါ မနက်ဖြန်ပဲ နယ်ကို ပြန်တော့မယ်။ မင်း ဝေးဝေးကိုတော့ အမျိုးသမီးဆောင် ကောင်းကောင်းတစ်ခု ရှာပေးလိုက်ဦး"

"ဟုတ်ကဲ့ပါ ဘွား"

ဘွား ပြန်သွားပြီး နောက်နေ့မှာပဲ ဝေးကို အဆောင် ရှာပေးပြီး ပြောင်းပေးလိုက်သည်။

www.burmeseclassic.com

အဲဒီအချိန်ကို ပြန်သွားခြင်း

www.burmeseclassic.com

ဝေး ကျောင်းက အပ်ပြီးသားမို့ သူ ကူညီဖို့မလို တော့။

သူ ဝေးကို အဆောင်လိုက်ပို့ပေးတဲ့ ညနေက ...

"ဝေး ... ကိုယ် ဘာကူညီရဦးမလဲ"

"ရပါပြီ ကိုမိုး။ အဆင်ပြေပါပြီ။ ဒီကြားထဲမှာ ကိုမိုးကို ဒုက္ခပေးခဲ့တာတွေအတွက် ဝေး စိတ်မကောင်းပါဘူး"

"ရပါတယ် ဝေးရဲ့။ ပြဿနာမရှိပါဘူး။ ကိုယ်က ခရီးထွက်ချင်ထွက်မှာမို့ တစ်ခုခု လိုအပ်တာရှိရင် ဒီပါ့ကိုအကူအညီ တောင်းလို့ရတယ်။ ကိုယ် ဒီပါ့ကိုမှာခဲ့တယ်နော်"

"ဟုတ်ကဲ့ ကိုမိုး"

"ဒါဆို ကိုယ်ပြန်ပြီ ညီမလေး"

ဝေး ရင်ထဲမှာ ဆို့နင့်သွားသည်။ ညီမလေးတဲ့လား ကိုမိုးရယ်။ ခေါင်းညိတ်ပြလိုက်ပြီးမှ ...

"ကိုမိုး"

မိုးလ လှည့်ကြည့်တော့ ...

"ဘယ်သွားမှာလဲဟင်"

မိုးလက ပြုံးပြီး ခေါင်းခါပြသည်။ ထို့နောက်မှာတော့ တရွေ့ရွေ့ ဝေးကွာသွားသော ကျောပြင်ဆီသို့။

မြင်ကွင်းက ပျောက်လုဆဲဆဲဖြစ်သွားမှ ...

"ကိုမိုး"

မိုးလ လှည့်ကြည့်တော့ ...

"ဘယ်သွားမှာလဲဟင်"

မိုးလက ပြုံးပြီးခေါင်းခါပြသည်။ ထို့နောက်မှာတော့ တရွေ့ရွေ့ ဝေးကွာသွားသော ကျောပြင်ဆီသို့။

မြင်ကွင်းက ပျောက်လုဆဲဆဲ ဖြစ်သွားမှ ...

"ကိုမိုး"

မိုးလက ပြန်လှည့်မကြည့်တော့။ မကြားတာတော့ မဖြစ်နိုင်ပါ။ မကြားချင်ယောင်ဆောင်သွားတာပဲ ဖြစ်မှာပါ။ ဝေး နှုတ်ဖျားက စကားလုံးတချို့ မပီမသ ညည်းတွားလိုက်သလိုလို။

"Love is colour blind ! "

ဟုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ တကယ် ကာလာဘလိုင်းပါပဲ။ အရိပ်သုံးပါးလည်း နားမလည်ဘူး။

ကိုမိုး မကြားနိုင်ပေမယ့် နောက်တစ်ခေါက် ထပ်ပြောချင်တယ် ကိုမိုးရယ်။

"Love is colour blind"

"အချစ်ဆိုတာ တချို့သောအရောင်တွေကို မခွဲခြားနိုင်ဘူးတဲ့ ကိုမိုးရယ်"

အဲဒီအကြောင်း ကိုမိုးကို ကျွန်မ မပြောသင့်ဘူးမို့လား။ ကျွန်မနဲ့ ကိုမိုးကြားမှာ အချစ်ဆိုတဲ့ခေါင်းစဉ်မှ မရှိတာ။



အဲဒီကတည်းက ကိုမိုးကို ကျွန်မ မတွေ့ရဘူး။ ကိုမိုးဟာ သူ ဘယ်သွားမယ် ဆိုတာကို ကိုဒီပါ့ကိုတောင် မပြောခဲ့ဘူးတဲ့။

ပထမနှစ် တစ်နှစ်လုံး ကိုဒီပါနဲ့ မမည်တို့ သူမဆီ မကြာခဏ ရောက်လာကြပါတယ်။

ပထမနှစ် ကုန်ကာနီးမှာ ဘွားက သူ့ပစ္စည်းတွေ အကုန်ရောင်းချပြီး နယ်မှာပဲ ဒေါ်သီလထေရီ အမည်ဖြင့် စာသင်တိုက်လှူပစ်လိုက်တယ်။ ဒေါ်သီလထေရီရိပ်သာလည်း ဖွင့်တယ်။

ဘွားရဲ့သီလရှင်ဘွဲ့က ဒေါ်သီလထေရီလေ။ ဘွားအလှူ ရေစက်ချပွဲကို ဝေး သွားဖြစ်ပါတယ်။

ကိုမိုး ကိုယ်စားလည်း သာဓုပိုခေါ်ခဲ့တယ်။

ဘွားကို ကန်တော့တော့ ...

www.burmeseclassic.com

www.burmeseclassic.com

မမည္ဘာရဲ့တူလေး ဆုံးတဲ့အေၾကာင္း သတင္းစာထဲမွာ ပါလာတော့ ဝေး ကိုဒီပါတို့လင္မယားနဲ့အတူ နာရေးကို လိုက္ပို့လိုက္ပါသေးတယ္။

မမည္ဘာက ကိုမိုးကို မေးတယ္။ ဝေး မေဖြနိုင္ဘူး။ သိမ့မသိတာလေ။ ကိုဒီပါလည္း မေဖြနိုင္ဘူး။

ကေလးအတြက္ ပူေဆြးေနတဲ့ေၾကားက မမည္ဘာ ကိုမိုးကိုမေးတာ ဘာေၾကာင့္လဲ ? ။

ကေလးဆုံးသြားတာေၾကာင့္လား ? ။

ကိုမိုးဟာ ကေလးနဲ့ တစ္စိတ္တစ္ေဒသ ပတ္သက္ေနတာေၾကာင့္လား ? ။

ဘာမွန္းေတာ့ မသိေပမယ့္ မမည္ဘာ ကိုမိုးကို စိတ္ဝင္စားတာဟာ ဝေးအတြက္ေတာ့ ကံမေကာင္းခြင့္းတစ္ပါးပါ။

"ဒကာမေလး လောကီအေရးမွာ တစ္ခါတေလက်ျရင္ ကိုယ္ေပးခ်င္တိုင္း ေပးလို့မရတာေတြရွိတယ္။ ေးခြင့္း ယူခြင့္းေတြကို စိတ္ရွိတိုင္း လုပ္ခြင့္မရခဲ့ရင္ မပူေလာင္ဘဲ ဒုကၡလို့သာ ရူလိုက္ပါ။ အဲဒါ ဒကာမေလးအတြက္ေးတဲ့ဆုပဲ"

"တင္ပါ့ဘုရား"

"အေး ... ဘာပဲလုပ္လုပ္ ေကာင္းေကာင္းေးၿပီး ေကာင္းေကာင္းလုပ္။ လောကီေရာ လောကုတ္တရာပါ၊ ေကာင္းလိမ့္မယ္။ ကဲ ... သြားေတာ့၊ ဆရာကြီး တရားမ့တ်ဖို့ အခ်ိန္က်ၿပီ"

www.burmeseclassic.com

www.burmeseclassic.com

"ဝေး ... တို့နဲ့ လာနေပါလား"

"ရှင်"

"ဒီလိုပါ ဝေးရယ်။ သားလေး ဆုံးသွားပြီးတော့ ကြီးကြီး ကလည်း လူဝတ်ကြောင်ဘဝကို စွန့်ချင်ပြီတဲ့။ တို့ ဘယ် လိုကားရမလဲ။ တို့ မတားသင့်ဘူးလို့ ထင်တယ်လေ။ တို့ လည်း ကလေးမှ မဟုတ်တာလေ။ အုပ်ထိန်းသူရှိမှရမယ့် အရွယ်လဲည်း မဟုတ်ဘူး။ တို့ ကြီးကြီးကို ကြီးကြီးဆန္ဒ အတိုင်း ဖြည့်ဆည်းပေးလိုက်ပြီ။ အခု တို့တစ်ယောက် တည်းလေ။ အဲဒါကြောင့် တစ်ယောက်တည်းသမားဘဝ ကို ခံစားလို့ရလာတယ်"

ဝေးက ဘာမှမထောက်ဘဲ နေလိုက်သည်။

တကယ်ဆို ဝေးက ကိုမိုးရဲ့ပြည်တော်ပြန်ခရီးကို စောင့်မျှော်နေတဲ့သူလေ။

တကယ် ပြန်လာမယ်ဆိုရင် လာစရာက နှစ်နေရာ ပဲရှိတာလေ။ အဲဒီနှစ်နေရာက မမည္ဘာနဲ့ ဝေးပဲလေ။

အစကတည်းက ဝေးကို မလိုချင်လို့ ရှောင်သွားတဲ့ သူဟာ ဝေးဆီကို ပြန်လာဖို့ဆိုတာ အိပ်မက်ပါ။

ဒါပေမဲ့ အဲဒီအိပ်မက်မှာ ညာရဲ့လက်မခံခြင်းကို ရှေ့ပြေးနိမိတ်အဖြစ် ယူဆရရင် ဝေးအတွက် မျှော်လင့်ချက်ဆို တာ မရှိနိုင်ဘူးလား ? ။

www.burmeseclassic.com

www.burmeseclassic.com

"ဝေးလည်း တစ်ယောက်တည်းမို့လား။ အဆောင်မှာနေရမယ့်အတူ တို့နဲ့လာနေလိုက်တော့၊ တို့ရော ဝေးပါအဖော်ရတာပေါ့ကွာ"

"ကျေးဇူးတင်ပါတယ် မမည်ရာ။ ဒါပေမဲ့ ဝေးက အဆောင်မှာကျတော့ ဆေးကျောင်းအတူတက်တဲ့ သူငယ်ချင်းရှိတော့ စာကိစ္စ ကျူရှင်ကိစ္စတွေ ပိုအဆင်ပြေတယ်လေ။ အဲဒါကြောင့်ပါ ...

မမည်ရာကို ကျေးဇူးတင်ပါတယ်"

"အင်းလေ ... ဝေးဘက်က အဆင်ပြေသလိုပေါ့၊ ဩော် ... ဝေး မိုးလဲသတင်း ကြားရင်တော့ တို့ကိုပြောပါဦး။ တို့မိုးလကို ပြောစရာရှိတယ်"

"ဟုတ်ကဲ့ပါ မမည်ရာ"

"တို့စိတ်က အရမ်းခက်ထန်တာ။ တို့ မိုးလအပေါ်မှာ အထင်လွဲမိတယ်။ အဲဒီကိစ္စကို အမှန်မြင်ပြီး ရှင်းပြတောင်းပန်ချင်ကာမှ မိုးလကို ဘယ်လိုက်ရှာရမှန်း မသိဘူး"

ဘာတွေရှင်းပြချင်ပြီး ဘာတွေတောင်းပန်ချင်နေပါလိမ့်နော်။ ကိုမိုး ဆိုတာက မမည်ရာကို အသက်လိုချစ်တဲ့သူ။ တောင်းပန်စရာတောင် မလိုပါဘူး။ ရှင်းပြရဲ့နဲ့တင် ခွင့်လွှတ်ကျေအေးသွားမှာပါ။

"ဝေး ... ဘာတွေ စဉ်းစားနေတာလဲ"

"ဝေး စဉ်းစားနေတာက ကိုမိုးက မမည်ရာ တောင်းပန်ရမယ့်သူ မဟုတ်ပါဘူးလို့ပါ။ ကိုမိုးအတွက် မမည်ရာဆိုတာ ဘယ်တော့မှ အပြစ်မယူတတ်မယ့်သူပါ"

"ဝေးရော"

"ရှင်"

"ဩော် ... ဝေးကိုရော၊ ဝေးကရောလို့"

"ဝေးနဲ့ ကိုမိုးက မောင်နှမတွေပါ မမည်ရာ။ အဲဒါထာဝရဖြစ်မှာပါ"

"အင်းပါ၊ မမည်ရာ သိပါတယ်"

ညာက ဝေး မသိအောင် ပြုံးလိုက်ပြီး အနိုင်ဝိုင်းပစ်လိုက်သည်။ မိန်းမချင်းမို့ ဝေးစိတ်ကို ညာ သိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီပါရဲ့သားဦးလေးမွေးတော့ ဝေးရော ညာပါ ဆုံဖြစ်ကြပြန်သည်။

"ကွန်ဂယက်ကျူလေးရှင်း ဒီပါ"

"ကျေးဇူး ညာ"

SSC Women Centre ရဲ့သီးသန့်ခန်းတွေက ဧည့်ခန်းလေးပါ ပါတာမို့ ဧည့်သည်တွေကို ဧည့်ခံရတာ အဆင်ပြေပါသည်။

"ကိုဒီပါကြီး လူဖြစ်ပြီပေါ့"

"အေးပေါ့ ဝေးရ ... ဟား ဟား"

ညို့မိခင်က ကော်ဖီနှင့် လာဧည့်ခံသည်။

"ဒီပါ ... မိုးလ နိုင်ငံခြား ထွက်သွားတယ် ထင်တယ်နော်၊ သား ဆုံးတော့ ငါ သတင်းစာထဲ ထည့်ကြေညာခဲ့တာပဲ၊ သူ ဒီမှာမရှိလို့သာ မလာတာနေမှာ"

ညာသိနေလို့လည်း ဝေးဘက်ကို ကြိုတင်ကာကွယ်ထားတာပါ။ မိုးလဘက်ကိုတော့ ကာကွယ်စရာ မလိုဘူးလေ။ မိုးလ နှလုံးသားကို ညာတစ်ယောက်တည်း မူပိုင်ရထားပြီးသားလေ။ ညာ အဲလိုပဲ ယုံကြည်ထားတာ။

www.burmeseclassic.com

www.burmeseclassic.com

"အေး ... ဖြစ်နိုင်တယ်။ ဒီမှာရှိရက်နဲ့တော့ မဆက်သွယ်ဘဲ မနေလောက်ဘူး"

"ဝေးရော ... ဘယ်လိုထင်လဲ"

"ဝေး မထင်တတ်ပါဘူး မမည်ာ။ နိုင်ငံခြားသွားတာ ဖြစ်နိုင်ချေရှိပါတယ်"

"ဒီပါ သားလေးမွေးတာကို ဂုဏ်ယူဝမ်းမြောက်ကြောင်း သတင်းစာထဲ ထည့်လိုက်မယ်နော်"

"ကျေးဇူး ညာ"

ဝေးကတော့ အိပ်ပျော်နေသောကလေးလေးကို သွားကြည့်ပြီး အသည်းယားလှသည်။

အဲလိုနဲ့ ဝေးတစ်ယောက် ကျောင်းပြီးလို့ ဆရာဝန်ဖြစ်သွားခဲ့တယ်။

ဝိုစတင်က ဒိုက်ဦးမြို့နယ်ဆေးရုံကိုတဲ့။ ရန်ကုန်နဲ့သိပ်မဝေးတဲ့ ပဲခူးတိုင်းထဲက ဒိုက်ဦးမြို့လေးဟာ မူလ ရန်ကုန်-မန္တလေးကားလမ်းပေါ်မှာ တည်ရှိပါတယ်။ မြို့လေးက မကျဉ်းမကျယ်လေးပေမယ့် မြို့နယ်ဧရိယာကတော့ အတန်အသင့်ကျယ်ပါတယ်။

တစ်ထပ်ဆောင် မြို့နယ်ဆေးရုံလေးမှာ ဆေးရုံအုပ်ကြီးအပါအဝင်မှ လက်ထောက်ဆရာဝန်နှစ်ယောက်နှင့် စုစုပေါင်း ဆရာဝန်သုံးယောက်ပဲရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

သူနာပြုဆရာမက စုစုပေါင်း ခြောက်ယောက်။ အကူဝန်ထမ်းနှစ်ယောက်။ ဆေးရုံကားမောင်းတဲ့ ဒရိုင်ဘာတစ်ယောက်။

မြို့နယ်အကျယ်အဝန်းနှင့်စာလျှင် ဆေးရုံရှိ ဝန်ထမ်းအင်အားက နည်းနေသလိုပါပဲ။

ဆေးရုံအုပ်ကြီးနှင့် ဝေးတို့ လက်ထောက်ဆရာဝန်နှစ်ယောက်မှာ နားရတယ်လို့ မရှိပါဘူး။

ဆေးရုံဝင်းထဲမှာတင် နေစရာပေးထားလို့သာ အဆင်ပြေနေတာပါ။

ဘာပဲဖြစ်ဖြစ် ဝေးကတော့ ပျော်ပါတယ်။ ဒါ ဝေးလိုချင်တဲ့ ဘဝပဲလေ။ မိဘမဲ့ဘဝနှင့်ပင် ဆရာဝန်ဖြစ်အောင် ကြိုးစားနိုင်ခဲ့တဲ့အတွက် ဝေး ဂုဏ်ယူတယ်။

ဝေး ဆရာဝန်ဖြစ်တော့ ဘွားကို သွားကန်တော့သေးတယ်။ ဘွားရဲ့ဒေါသိလထေရီစာသင်တိုက်နဲ့ ရိပ်သာတောင် တော်တော်ကြီး စည်ပင်နေပြီ။

ဝေးကို ဘွားက ဆုတွေပေးပါတယ်။

"ဝေးဝေး ... လူနာတစ်ယောက်ရဲ့ အသက်ဟာ ဆရာဝန်တစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်တယ်။ လူနာနဲ့ဆရာဝန်မှာ လူနာထက် ဆရာဝန်က ပိုပြီး ဘုန်းကံရှိနေရင် အဲဒီလူနာကို ကယ်နိုင်မှာပဲ။ အဲလို ဘုန်းရှိ ကံရှိဖို့က မကောင်းမှုရှောင် ကောင်းမှုဆောင်ပြီး ဖြူအောင်စိတ်ကိုမွေးမှ ရမယ်လို့ တို့ဘုရားဟောခဲ့တယ်။ ဝေးဝေး ဆရာဝန်ကောင်းတစ်ယောက် ဖြစ်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

"မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကို မွေးတဲ့"

ဘွားရဲ့စကားကို ဦးထိပ်ပန်ဆင်ပြီး ပြန်လာခဲ့တယ်။

ဘွားကတော့ လောကီကို တကယ် သံယောဇဉ်ပြတ်ပုံပဲ။ ကိုမိုးအကြောင်း တစ်ခွန်းမှ မဟဘူး။

အဲလိုနဲ့ ဝေး ဒိုက်ဦးဆေးရုံမှာ တာဝန်ကျတာ နှစ်လပြည့်တဲ့နေ့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ဝေး မနက်စာကို ကော်ဖီတစ်ခွက်နဲ့ တင်းတိမ်နေတုန်း ပေါက်တပင်ရွာက ကျန်းမာရေးမှူး ရောက်လာတာပါ။

"ဒေါက်တာ အရေးပေါ်လူနာလာလို့။ ဆရာဝန်ကြီးရော ဒေါက်တာဇော်လတ်ပါ မအားကြဘူး"

"ဝေး လိုက်ခဲ့ပါမယ်၊ လူနာက ဘာဖြစ်တာလဲ"

"တိုက်ဖ္လိုက်လက္ခဏာပဲ ဒေါက်တာဝေး။ ကျွန်တော် လိုအပ်ထာတွေတော့ လုပ်လာပါတယ်"

"ဩော် ... ပေါက်တပင်ရွာကပေါ့"

"မဟုတ်ဘူး ဒေါက်တာ၊ အောင်တော်မူကျောင်းက ဦးဇင်းတစ်ပါးပါ"

"ဩော်"

"ဆရာမ ... ဆရာမ ... အဲလေ ယောင်လို့ ... ဒေါက်တာဝေး"

တကယ်ဆို ဒီမနက်က ဝေးရဲ့နားချိန်ပါ။ သို့သော် အရေးပေါ်ရင် ပေါ်သလို မနားခဲ့ရတာ ကြာပါပြီ။

✣ ❤ ✣

www.burmeseclassic.com

www.burmeseclassic.com

ဆဲသရာဆိုတာ တစ်ပတ်လည်မြဲပါပဲ။ ကိုမိုးနဲ့ခုလို ပြန်ဆုံရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး။

အန်လိုက်တာ။ဘာမှစားလို့မရ။ အရည်လေးသောက်မိတာတောင် ပြန်အန်နေသည်။

ဦးဇင်းကို ကိုယ်တိုင်တခုတ်တရ ပြုစုနေတာကိုမြင်တော့ လုပ်ဖော်ကိုင်ဖက်တွေက အံ့သြနေကြသည်။

ကိုမိုး တဖြစ်လဲ ဦးဇင်း ဦးမင်္ဂလာကိုယ်တိုင်က...

"ဒကာမလေးလည်း ဦးဇင်းအတွက် ဒုက္ခများရှာပြီ"

"မများပါဘူး ဦးဇင်းရယ်"

ထိုအချိန်က ဆေးရုံမှာ ဝမ်းရောဂါလူနာတွေ များနေကာ ဝမ်းရောဂါကလည်း ကူးစက်ရောဂါတစ်မျိုးမို့ ဦးဇင်းကို ကူးမှာစိုးရိမ်ကာ ဝေး ဗျာများနေမိသည်။

အောင်တော်မူဆိုတာက တောရကျောင်းလေးပါ။ ရိပ်သာတရားစခန်းလေးပါ ဖွင့်ထားတာမို့ သာသနာစည်ပင်ရာ တောရကျောင်းလေးဆိုရင်လည်း မမှားပါဘူး။

ဝေးတောင် အောင်တော်မူဘုရားကို တစ်ခေါက်သွားဖူးပြီးပြီ။ ထိုအောင်တော်မူဘုရားနှင့် အောင်တော်မူတောရ ရိပ်သာလေးဟာ ဆင်ကူးရွာထိပ်ဘက်မှာ ရှိတာပါ။

ဆေးရုံထဲရောက်လို့ ခုတင်ပေါ်က ဦးဇင်းကိုကြည့်မိတော့ ...

"ဟင် .... ကိုမိုး"

www.burmeseclassic.com

www.burmeseclassic.com

အောင်တော်မူကျောင်း ဆရာတော်က ဦးဇင်းကို လာကြည့်ပြီး ...

"မင်္ဂလာ ... သက်သက်သာသာ မရှိရင် လူဝတ်လဲပြီး ဆေးကုမလား"

"တင်ပါ့ဘုရား၊ တပည့်တော်ကို လူဝတ်လဲခွင့် ပြုပါဦး ဘုရား"

"အိမ်း ... မင်္ဂလာ လူဝတ်လဲလိုက်။ သာသနာ့ဘောင် ပြန်ဝင်လိုက် ဖြစ်နေတာ သုံးခါရှိပြီ။ ဒီတစ်ခါတော့ သေသေချာချာ သံယောဇဉ်ပြတ်မှပဲ သာသနာ့ဘောင်ဝင်တော့"

ဆရာတော်ဆီမှာ လူဝတ်ပြန်လဲပြီး ...

"ကိုမိုးရယ် မပြောမဆိုနဲ့ ပျောက်သွားလိုက်တာ"

"ဝေး ... ညည်းနဲ့ငါ ရေစက်မကုန်သေးဘူးထင်တယ်၊ ပြန်ဆုံရပြန်ပြီ"

"ကိုမိုး ရန်ကုန်ပြန်မလား၊ ဒီမှာက ဝမ်းရောဂါသမားတွေ လည်း အရမ်များနေတယ်၊ ကိုမိုးကို အချိန်မရွေးကူးစက် နိုင်တယ်၊ ကိုမိုး ပြန်မယ်ဆိုရင် ဝေး ကိုဒီပါ့ကို လာခေါ်

ခိုင်းလိုက်မယ်။ ဝေး ကိုယ်တိုင် လိုက်ပို့ချင်ပါတယ်။ ဒါပေမဲ့ ဒီမှာ လူနာတွေ အရမ်းများနေလို့"

"အေးပါဟာ၊ ငါသဘောပေါက်ပါတယ်။ ဒီပါ့ကို ခေါ်လိုက်ပါဟာ"

ဝေး မမည္ဘာနဲ့ ပတ်သက်တာတွေကိုတော့ မပြောချင်သေးဘူး။ ကိုမိုးက နေမကောင်းဘူးလေ။ အထူးသဖြင့် သူ သိပ်သံယောဇဉ်ရှိတဲ့ သားလေး ဆုံးသွားတာကို မပြောချင်ဘူး။

ကိုဒီပါ့ကို ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်တယ်။ ကိုဒီပါက နေ့တွင်းချင်းပဲ ရောက်လာခဲ့တယ်။ ရန်ကုန်နဲ့ဒိုက်ဦး က နှစ်နာရီခန့်သာ ကားမောင်းရတာကိုး။

"မိုးလရာ ခြေရာဖျောက်သွားလိုက်တာကွာ"

ကိုဒီပါနောက် လိုက်သွားကာနီးမှာ ...

"ဝေး ... ညီမလေး ကျေးဇူးနော်"

"မလိုပါဘူး ကိုမိုးရယ်"

ဝေးဘဝဟာ လက်ပြန္တတ်ဆက် ကျန်ခဲ့ရပြန်တာ။

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ရောက်တော့ မိုးလ ဆေးရုံတက်သေးသည်။ မိုးလ ဆေးရုံမှာရှိနေတုန်း ဒီပါက မိုးလအခန်းကို သန့်ရှင်းရေးသွားလုပ်ထားပေးရသည်။

မိုးလ နေကောင်းပြီး ဆေးရုံကဆင်းမှ သူ့အခန်းဆီ ခေါ်သွားရတာ။

"က ... လင်းစမ်းပါဦး၊ မင်းအကြောင်းတွေကို"

"ငါ ညစ်ညစ်နဲ့ ဘုန်းကြီးသွားဝတ်နေတာကွ"

"ကောင်းရော၊ ငါတို့က မင်း နိုင်ငံခြားထွက်သွားတယ် ထင်နေကြတာကွ"

"မဟုတ်ပါဘူး၊ ငါ ဆိုင်ခန်းဝှားထားတာကို ပြန်အပ်၊ ပစ္စည်းတွေသိမ်းပြီး ခရီးထွက်သွားတာကွာ။ အဲဒါ လမ်းမှာ

ဦးဇင်းကြီးတစ်ပါး သိပ်နေမကောင်းတာနဲ့ သူ့ကိုပြုစုပေးပြီး သူ့ကျောင်းကို ဝင်ပို့ပေးရင်း ငါပါ အဲဒီကျောင်းမှာ ဦးဇင်းဝတ်ဖြစ်သွားတာ။ ဒါပေမဲ့ စိတ်မခိုင်ပါဘူးကွာ။ ဒီကြားထဲမှာ သုံးခါတောင် ပြန်ထွက်ဖြစ်သေးတာ"

"ထွက်ပြီး ဘာလုပ်တာလဲ"

"အဲဒီကျောင်းမှာပဲ ယောဂီပြန်ဝတ်ဖြစ်တာပဲ"

"မင်း ညာနဲ့ ဝေးကြောင့် ဝတ်သွားတာလား"

"ဝေးနဲ့ မဆိုင်ပါဘူးကွာ။ ဝေးကို ငါ ညီမလေးလိုပဲ သဘောထားတာ။ ညာကြောင့် ဝတ်ဖြစ်တာ"

"မင်းကို ငါ စိတ်မကောင်းစရာ ပြောရဦးမယ်၊ သား ဆုံးသွားပြီ"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com

"ညှာ"

"ဟင် ... မိုးလ"

မိုးလပုံစံ ညှဉ်းသိုးသိုး ဖြစ်နေပါသည်။

"မိုးလ နေမကောင်းဘူးလား၊ ခေါင်းတုံးကြီးနဲ့ ဘယ်လို ပုံစံကြီး ဖြစ်နေတာလဲ မိုးလရယ် ... ဟင်"

"ဟုတ်တယ်၊ ကိုယ် နေမကောင်းလို့ ဆေးရုံတက်ရသေးတယ်"

"လာ ... လာ ... အိမ်ထဲဝင် မိုးလ။ ဘာဖြစ်တာလဲ"

"တိုက်ဖွိုက်"

"အင်း ... မိုးလ တော်တော်ပိန်သွားတယ်"

မိုးလက နံရံမှာချိတ်ထားသော သားဓာတ်ပုံကိုကြည့်ပြီး ....

"ညှာ ... သားလေး"

"ဟုတ်တယ် မိုးလရယ်၊ ညှာ့ကို အပြစ်တင်ပါ မိုးလရယ်"

"မတော်တဆပဲ ညှာရှာ။ ဘယ်တတ်နိုင်ပါ့မလဲ"

"မိုးလက ညှာကို နားလည်ပေးတယ်နော်။ ညှာကတော့ ..."

"ထားလိုက်ပါ၊ စိတ်မကောင်းစရာတွေ ပြန်မတွေးနဲ့တော့။ ကြီးကြီးလည်း သိလျှင် ဝတ်သွားပြီဆို"

"ဟုတ်တယ်"

"ညှာ တစ်ယောက်တည်းပေါ့၊ အဆင်ပြေရဲ့လား ညှာ"

ညှာ့ကို မေးနေရင်မှ ဝေးကို အဲလိုမမေးခဲ့မိတာ သတိရသည်။

ညှာကမှ အိမ်နဲ့ အလုပ်အကိုင်နဲ့ အခြေရှိအနေရှိပါ။ ဝေး တစ်ယောက် ဘဝကို ဘယ်လိုဖြတ်သန်းနေပါလိမ့်။

"တစ်ယောက်တည်း နေရတာက မိုးလကို မျှော်နေရတာထက် စာရင်တော့ အဆင်ပြေပါတယ်"

"ကိုယ့်ကို မျှော်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com

"သားဆုံးသွားတဲ့ကိစ္စကို မိုးလ ဘယ်လိုအပြစ်ပေးမလဲလို့လေ"

"သားရဲ့ကံက ဒီလောက်ပဲ ပါလာလို့ ကိုဟ်တို့နဲ့ ဒီမျှပဲ ရေစက်ဆုံရတယ်လို့ သဘောထားလိုက်ပါ ညှာ။ ကိုယ်လည်း သိသိချင်း အရမ်းကြေကွဲရပါတယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ"

"ဒီကြားထဲမှာ မိုးလ ဘယ်မှာ ဘာတွေလုပ်နေလဲ"

မိုးလက သူ့အကြောင်းဟေ ရှင်းပြဖြစ်သည်။

"ဩော် ... ဒါဆို မိုးလက ဝေးနဲ့တွေ့ပြီးပြီပေါ့"

"အင်း ... သူနဲ့တွေ့ပြီး သူပဲ ဒီပါ့ကို လှမ်းခေါ်ပေးတာ"

"ဝေးကို မိုးလနဲ့ အဆက်အသွယ်ရတာနဲ့ ညှာ့ကို အကြောင်းကြားပါလို့ ပြောထားတာကို"

"သူလည်း မအားဘူး။ ဝမ်းရောဂါသည်တွေ အများကြီးနဲ့ အလုပ်ရှုပ်နေတာ။ ဒီပါ့ကိုပဲ ဖုန်းဆက်ခေါ်ပေးတာ။ ကိုယ် နေမကောင်းတော့ စကားတောင် ကောင်းကောင်းမပြောခဲ့ရပါဘူး"

"ထားလိုက်ပါတော့။ အခု မိုးလ ဘာလုပ်မှာလဲ။ ဦးဇင်းသွားပြန်ဝတ်ဦးမှာလား"

မိုးလက ညှာ့ကိုစိုက်ကြည့်ပြီး ...

"ညှာနဲ့ပတ်သက်ပြီး ကိုယ့်ဆန္ဒက အရင်တိုင်းပဲ ညှာ။ ကိုယ် ညှာ့ကို မျှော်လင့်နေတုန်းပဲ။ ညှာ့အဖြေကို ကိုယ်သိချင်တယ်"

"ညှာ လက်မခံဘူး ဆိုရင်ရော"

"ကိုယ်ပိုင်ဆိုင်သမျှ ရောင်းချပြီး သာသနာ့ဘောင် အပြီးဝင်မိလိမ့်မယ်"

"ဒါဆို ညှာ လက်ခံမိရင် ညှာက အဖျက်သမား ဖြစ်သွားမှာပေါ့"

"ကိုယ်ကမှ သံသရာကို မပြတ်နိုင်သေးတာ ညှာရယ်။ တကယ်ဆို ညှာ ကိုယ့်ကို လက်ထပ်ပြီး သားလေးတစ်ယောက် ပြန်လျော်ပေးသင့်တာ"

"ဟာ ... မိုးလနော်"

မိုးလက ညှာ့နားသွားရပ်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com

ညှာဆီက အဖြေရဖို့ကို တော်တော်စိတ်ရှည်ရှည် ထားပြီး စောင့်ရပါသည်။ အပျိုဖျန်းလေး မဟုတ်တော့တဲ့ အပျိုကြီး ညှာတစ်ယောက် အဖြေပေးဖို့ကို ရုက်ကာ ဟိုနေ့လွဲ ဒီနေ့ ရှောင် လုပ်နေတာကြောင့် မိုးလခမျာ မျှော်တလင့်လင့်ဖြင့် တစ်လခန့် ကြာသွားသည်။

ဝေး ရန်ကုန်ပြန်လာတော့ မိုးလဆီ ဆက်သွယ်သဖြင့် သွားတွေ့ရသေးသည်။

ဝေးက သူအရင်နေခဲ့တဲ့ အဆောင်မှာတည်းတာမို့ ထိုအဆောင်ကိုပဲ သွားရသည်။

"ကိုမိုး ... ဘွားကို သွားတွေ့လိုက်ဦးလေ"

"ညှာကို ကိုယ် အရမ်းချစ်တယ်ကွာ။ ညှာကို စွဲလမ်းစိတ်နဲ့ ကိုယ် ဇာတ်ဇာ လူပြန်ထွက်မိတယ်။ အဲဒါက ပိုဆိုးတယ် ညှာရဲ့"

ညှာက ခေါင်းငုံ့လို့။ ညှာ့မေးဖျားကို ဆွဲမော့ကာ...

"ဘယ်လိုလဲ ညှာ"

www.burmeseclassic.com

www.burmeseclassic.com

သာယာခြင်း မရှိခဲ့သော်လည်း ဝေးကတော့ ရင်ခုန်သံတွေ ချိုမြိန်ခဲ့သတဲ့။

သွားကြည့်မိတဲ့ ရုပ်ရှင်ကားနာမည်က "နတ်ဖက်တဲ့စုံတွဲများ"တဲ့။

ဝေးနဲ့ ကိုမိုးလည်း နတ်ဖက်တဲ့စုံတွဲဖြစ်ရင် သိပ်ကောင်းမှာပဲ။ သို့သော် ...

"ဝေ ... ငါ့ညီမက ဆရာဝန်မဖြစ်လာမှ ပိုပြီးကျက်သရေရှိလာတယ်။ ပိုလှလာတယ်"

"ဝေး နေ့လယ်စာ ကျွေးမှာပါနော်"

"တကယ်ပါဟာ၊ စားကောင်းအောင် ပြောတာမဟုတ်ပါဘူး"

"ကျေးဇူးတင်ပါတယ် ကိုမိုးရယ်၊ ဒါပေမဲ့ ဝေးလှတာက မမည့်ကိုတော့ မမီဘူးမို့လား"

"ညည်းက ငယ်ဂုဏ်လည်းရှိတော့ ညှာထက် ပိုလှပါတယ်ဟာ။ တကယ်ပြောတာ"

"ဒါပေမဲ့ လှပပျို့မြစ်မှုက အချစ်နဲ့တော့ မဆိုင်ဘူးမို့လား ကိုမိုး"

"အေး ... သွားမှာပါ၊ ဝေး အဆင်ပြေရဲ့လား ညီမလေး"

"ပြေပါတယ် ကိုမိုးရယ်၊ နှောင်တွယ်စရာမယ့်နောက်ကြောင်းပိုင်ဆိုင်မှုရှိတာမှ မဟုတ်တာ။ ဝေးလို ခြေသလုံးအိမ်တိုင်သမားက တာဝန်ကျရာမှာ ပျော်တတ်ပါတယ်"

"မဟုတ်တာဟာ"

"ဟုတ်တယ် ကိုမိုးရဲ့၊ ဝေးမှာ ဘာရှိလဲ။ ဘာမှမရှိဘူးလေ။ မိသားစု မရှိဘူး။ အိမ်မရှိ ယာမရှိ။ သံယောဇဉ်တွယ်စရာ ဘာဆိုဘာမှ မရှိဘူးလေ။ ဆေးရုံတွေက ဝေးရဲ့အိမ်ပဲ ... အဟင်း။ ကိုမိုးရော အဆင်ပြေသွားပြီလား"

"ဒီလိုပါပဲဟာ။ ညာက ရှက်နေတာလား မသိဘူး"

"ကဲပါ ... တစ်နေ့တော့ အဆင်ပြေသွားမှာပေါ့။ ကိုမိုး ဒီနေ့တော့ ဝေးရဲ့နေ့နော်၊ ကိုမိုးကို ညှဉ်းရမယ်၊ ဒီနေ့ ဝေးကို ဘုရားလည်း လိုက်ဖို့ရမယ်။ ရုပ်ရှင်လည်းပြရမယ်။ နေ့လယ်စာကတော့ ဝေးက ကျွေးမယ်လေ၊ ဘယ်လိုလဲ"

"ကောင်းလိုက်တဲ့ အစီအစဉ်ပေါ့ ဝေးရယ်"

မိုးလကတော့ ဝေးကို ညီမလေးတစ်ယောက်လို သဘောထားတာမို့ ဝေးနဲ့ သွားလာရခြင်းအပေါ် မရိုးသားသည့်

www.burmeseclassic.com

www.burmeseclassic.com

"ဟမ်"

"ဟုတ်တယ်လေ၊ ဝေးက မမည္ဘာထက် ဝိုလ့ချင်လ့မယ်၊ ဒါပေမဲ့ ကိုမိုးကတော့ မမည္ဘာကိုပဲ ချစ်တာမို့လား"

"အင်း ... အဲဒါက ဘယ်လိုပြောရမလဲ"

"ဝေးက ကံမကောင်းသူပါ ကိုမိုးရယ်"

"အဲလိုလည်း မဟုတ်ပါဘူး ဝေးရယ်၊ ခုဆို ညည်းဖြစ်ချင်တဲ့ ဆရာဝန်မ ဖြစ်ပြီပဲ။ တစ်ချိန်ကဆို ညည်းလေး ဆရာဝန်ဖြစ်ရရင် ပြီးရော။ ဆေးကျောင်းတက်ခွင့်ရဖို့အတွက် ငါနဲ့ လက်ထပ်ရမယ် ဆိုရင်တောင် ရူးရူးမူးမူး ခေါင်းညိတ်ရှာတာ။ ခုဆို ညည်းဖြစ်ချင်တဲ့ ဆရာဝန်မဘဝကို လွတ်လွတ်လပ်လပ် ဖြစ်ခွင့်ရပြီပဲ။ အဲဒါ ညည်း ကံကောင်းတာ မဟုတ်ဘူးလား"

"ဝေး လူတစ်ယောက်ကို မချစ်ခဲ့ဘူး ဆိုရင်တော့ ဝေး ကံကောင်းတာပေါ့"

"ဘာရယ် ဝေး"

"ကဲ ... နေ့လယ်စာ သွားစားရအောင် ကိုမို့"

ဝေးက စကားဖြတ်ပစ်လိုက်တာကို မိုးလ လိုက်မမီဖြစ်သွားသည်။ ဝေးကိုလည်း ဝေး ဘာဆိုလိုတာလဲ မေးချင်သည်။ မေးလည်း မမေးရဲ။ ဝေးဖွက်တဲ့ ပဟေဠိကို အဖြေမည္ဘိရဲတာဟာ ...။

www.burmeseclassic.com

www.burmeseclassic.com

ဒီပါက ပြောနေပြီ။ ဝေးကလည်း သူ့ကိုစောင့်နေ ပုံပဲတဲ့။ သူ ဘာလုပ်ရမလဲ။ ဝေးကို သူ သနားသည်။ ညှာ့ကို လည်း သူ ချစ်သည်။

ဝေးကို ပစ်မထားရက်သလို ဖြစ်နေသည်။ ညှာ့ကို လည်း သူ မစွန့်လွှတ်နိုင်ပါ။

တကယ်တော့ ဝေးရော ညှာပါ ဥတစ်လုံး တစ် ကောင်ကြွက်ကလေးတွေပါ။ သို့သော် ညှာ့မှာက အိမ်နဲ့ ယာနဲ့ အခြေအနေနဲ့။ ဝေးက ဝိုင်ဆိုင်မှ ခြေသလုံးအိမ်တိုင်။

သူ့နှလုံးသားချိန်ခွင်က ဝေးဘက်ကို ညွှတ်သွားလိုက်၊ ညှာ့ဘက်ကို အလေးသာလိုက် ဖြစ်နေသည်။

သူ့ခြေထောက်တွေကလည်း အစွန်းနှစ်ဖက်ဆီသို့ ဘယ်တစ်လှမ်း ညာတစ်ခါ ဖြစ်နေပြီ။

သူ ဘာလုပ်ရမည်နည်း။

တစ်ခါတစ်ရံ အချစ်နဲ့ သနားခြင်းဟာ လွန်ဆွဲနေ တတ်သည်။

သို့သော် ...

အဲဒီ သို့သော်နဲ့ပဲ သူ ဆုံးဖြတ်ရလိမ့်မယ်။ တစ်ခုံ တစ်ယောက်ကိုတော့ စိတ်ထဲကနေပဲ တီးတိုးတောင်းပန်မိသည်။

ခွင့်လွှတ်ပါတော့ (.....)ရယ်။

www.burmeseclassic.com

www.burmeseclassic.com

ညာနဲ့သူဟာ ညာ့အိမ်မှာ ဘယ်တော့မှ မဆုံဖြစ်။ ညာရဲ့သိက္ခာတရားကို လေးစားသောအားဖြင့် သူ ညာ့အိမ်သို့မသွား။ ညာက တစ်ယောက်တည်း နေတာမို့လား။

ညာနဲ့တွေ့ချင်ရင် အပြင်မှာ။ ညာ့ရုံးမှာပဲ တွေ့ဖြစ်သည်၊

"ကဲ ... မိုးလ ဖြေလေ။ ညာမေးနေတာကို ဖြေလေ"

"ဟုတ်တယ်လေ ညာရယ်၊ ဝေး ရောက်လာလို့ ဝေးဆီသွားတွေ့ဖြစ်ပါတယ်ဆို"

"ညာတွေ့တာက သွားတွေ့ရုံတင်မှ မကတာ"

"ဩော် ... ညာရယ်၊ သူ ရောက်တုန်း သွားချင်တာလေး တွေ သွားပို့တာပါ"

"မိုးလ သူ့ကို သာယာနေတာတော့ မဟုတ်ပါဘူးနော်"

"ကိုယ် သူ့ကို ညီမလေးတစ်ယောက်လို ချစ်တာပါ ညာ။ ကိုယ် သူ့ကို သာယာရင် ညာ့ဆီက အဖြေတောင်းစရာ မလိုသလို ကိုယ် ထွက်သွားစရာလည်း မလိုဘူးလေ ညာ။ ကိုယ် သူ့ကို သနားတာတော့ ရှိတယ်။ သူ့ခမျာ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်နေရုံမကဘူး၊ အိုးမဲ့အိမ်မဲ့ခြေသလုံးအိမ်တိုင်လေးပါ ညာ၊ ကိုယ်သာ သူ့ကို သာယာခဲ့ရင် အရင်တည်းက သူ့ကိုပဲ ယူမှာပေါ့ ညာရယ်"

ထိုစကားကိုတော့ မြဲသက်ညာ သဘောခွေ့သွားသည်။ သို့သော် ဝေးနဲ့တွဲတာကို သူမ မရှုစိမ့်ပါ။ ရှုစိမ့်စရာ အကြောင်းလည်း မရှိဘူးလေ။ ဝေးရဲ့သဘောထားကို မိန်းမချင်းမို့ ရိပ်မိနေပြီလေ။

ယောကျ်ားတစ်ယောက်ရဲ့စိတ် ဆိုတာကလည်း ကျောက်စိုင်ကျောက်သားမှ မဟုတ်တာလေ။

သနားချစ် မချစ်သွားနိုင်ဘူးလို့ ပြောလို့မရဘူး။

"မိုးလရယ် ... သူ့မှာ အိုးမရှိ အိမ်မရှိတာ တစ်ခုပဲ ပိုတာပါ။ ညာဆိုလည်း တစ်ကောင်ကြွက် တစ်မျက်နှာပါနော်။ သူ တစ်နေ့ အိမ်ထောင်ပြုတဲ့အခါ အဆင်ပြေသွားမှာပါ မိုးလရယ်"

www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံး ညှာ့ကိုခေါ်ပြီး ဘွားဆီ သွားတွေ့ဖြစ်သည်။ ဘွားကတော့ တော်တော်ကြီးကို မေတ္တာဓာတ်တွေ လွှမ်းနေသော မျက်နှာဖြင့် ...။

ဘွားကို လှူဖွယ်ပစ္စည်းတွေဖြင့် ကန်တော့ကြသည်။

"လူတစ်ယောက်နဲ့တစ်ယောက် ပေါင်းစပ်ကြတာဟာ ဘဝ ဘဝတွေက အထုံရေစက်တွေကြောင့်ပဲကွယ်၊ အဲဒီပေါင်းစပ်မှုကို ဘယ်သူမှ လမ်းပြောင်းလမ်းလွဲ လုပ်လို့မရဘူး။ လောကီမှာ ကျင်လည်နေသရွေ့ မကောင်းမှုလုပ်ရမှာကို ရှက်ကြပါ။ မကောင်းမှု လုပ်မိလို့ ဖြစ်ပေါ်လာမယ့် ဆိုးကျိုးတွေကို ကြောက်ကြပါလို့လည်း မှာချင်တယ်"

"ဟုတ်ကဲ့ပါ ဘွား"

"ညှာပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ်က သူ့ကို ငြင်းခဲ့တာမို့လား။ အဲဒါကြောင့် သနားနေမိတာပါ။ ကဲ ... ညှာ၊ ကိုယ့်ကို အဖြေပေးတော့"

"ပေးရတော့မှာလား"

"ညှာ ... မညှဉ်းဆဲပါနဲ့တော့ကွာ။ Please"

"မိုးလဲရဲ့အချစ်ကို ယုံလိုက်တော့မယ်နော်"

"100 % ပါကွာ"

"ဒါဆိုရင် ညှာတို့ လက်ထပ်ဖို့ စီစဉ်လိုက်တော့လေ"

"ဟာ ... ညှာ၊ ဝမ်းသာလိုက်တာကွာ"

မိုးလ မျက်နှာကြီးမှာ ဝမ်းသာကြည်နူးခြင်း အလင်းတွေ ဖြာဝေလို့ပါလား။

www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် ... သိပ် စိတ်ပျက်စရာကောင်းတဲ့ ကိစ္စပဲ ညာ၊ အဲဒီဗေဒင်တွေ ယတြာတွေဆိုတာကို ကိုယ်ဘယ်လိုမှကို မနှစ်သက်နိုင်တာလေ"

"တော်ပြီ မိုးလ၊ ဘာမဟုတ်တဲ့ကိစ္စမှာတောင် မိုးလက လျှော့မပေးချင်ဘူး။ မိုးလနဲ့ လက်ထပ်ဖို့ ညာ ပြန်စဉ်းစားရတော့မယ်"

"ညာ ဒီကိစ္စဟာ ဒီလိုအကျပ်ကိုင်စရာ လိုလို့လားကွာ။ ညာကလည်း နားလည်မပေးနိုင်ဘူးလား။ ကိုယ်တို့ဟာ နားလည်မှုနဲ့ တည်ဆောက်မှာ မဟုတ်ဘူးလား။ ဘာလို့ ကလေးဆန်ချင်တာလဲ"

"အို ... တော်ပြီ ... တော်ပြီ။ မင်္ဂလာကိစ္စကို အကန့်အသတ် မရှိ ရွေ့တယ်"

"ပြဿနာတစ်ခုဆိုတာ ပြေလည်အောင် ညှိရမှာ ညာရဲ့"

"ဘာမှ မကြားချင်ဘူး"

မိုးလမှာ သက်ပြင်းချရုံမှတစ်ပါး။

❖ ❤ ❖

"အေး ... ဟိရိသြတ္တပ္ပတရားနဲ့ ပြည့်စုံကြပါစေကွယ်၊ ကဲ ... သွားကြတော့။ မင်းတို့ မင်္ဂလာပွဲကို ဆရာကြီး မတက်ဖြစ်ကော့ဘူး"

ဘွားဆီက ပြန်လာပြီး ...

"မိုးလ ... ညာတို့ ဗေဒင်ဝင်မေးကြရင် မကောင်းဘူးလား။ မင်္ဂလာရက်လည်း ရွေးရအောင်လေ"

"မလိုပါဘူး ညာရယ်။ ကိုယ်က မကောင်းတာလုပ်မှာမှ မဟုတ်တာ။ မင်္ဂလာဆောင်တယ်ဆိုတာ မင်္ဂလာရှိတာပဲ။ ကိုယ့်ဘာသာ ရက်ရာဇာတစ်ရက်ရက်ရွေးပြီး လုပ်လိုက်ရင် လည်း ရတာပဲ"

"မိုးလကလည်း တွက်ကြည့်တာ မမှားပါဘူး"

"ကိုယ် အယုံအကြည်မရှိဘူး ညာ"

"မိုးလ ... ညာ့ဆန္ဒကို မလိုက်လျောဘူးလား"

"ညာကရော ကိုယ်မနှစ်သက်တာကို ဘာလို့ အတင်းလုပ်ချင်နေတာလဲ"

"အို ... ဘာပဲဖြစ်ဖြစ် မိုးလ ညာ့ဆန္ဒကို လိုက်လျောသင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"ကိုမိုး၊ ... ခက်တာပဲ"

"ကိုမိုး ... မညာကို ချစ်တယ်မို့လား။ မညာကို မစွန့်လွှတ်နိုင်ဘူးမို့လား။ ဒါဆိုရင် မညာနဲ့ တွဲပါလာမယ့် အရာတွေ အားလုံးကို ကိုမိုး လက်ခံရမှာပေါ့"

ဝေး စကားက သူ့ကို အလင်းရောင်ထဲ ဆွဲခေါ်သွားသည်။ သူ ဘာလုပ်ရမယ်ဆိုတာကို နားလည်သွားသည်။

"ဝေး ... ညီမလေး၊ ကျေးဇူးပဲဟာ"

"မလိုပါဘူး ကိုမိုးရယ်၊ ကိုမိုးနဲ့ မညာ အဆင်ပြေရင် ဝေး ကျေနပ်ပါတယ်"

ဝေးရဲ့မျက်ဝန်းထဲမှာ အရိပ်တချို့ ပျံနေသလိုလို။

"ကိုမိုးက အနှတာပေါ့။ ဘာဖြစ်လဲ မညာ လုပ်ချင်ရင် လုပ်ပစေပေါ့။ ကိုမိုး မလိုက်သွားနဲ့ပေါ့။ ရတာပဲကို"

"တစ်ခါ လိုက်လျောလိုက်ရင် နောက်ဆို သူ အမြဲ အဲလို လုပ်မှာ ဝေးရဲ့။ ကိုယ်ကလည်း အဲဒီကိစ္စကို တော်တော် မနှစ်မြို့တာ။ လူတစ်ယောက်ရဲ့ ကံကြမ္မာကို အဲဒီဗေဒင် ဆရာက သိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားကွာ"

"ဩော် ... မိန်းကလေးအများစုကတော့ ဗေဒင်တွက်ရတာကို ဝါသနာပါတတ်တယ်လေ ကိုမိုးရယ်။ မိန်းကလေးဆိုတာမျိုးက စိတ်ပျော့တယ်၊ ယုံလွယ်တယ်၊ အစွဲအလမ်းကလည်း ကြီးတတ်သေးတယ်လေ။ အဲဒီတော့ ဗေဒင်တွက်တာ ယတြာချေတာတွေကို ယုံယုံကြည်ကြည် လုပ်တတ်ကြတာ"

www.burmeseclassic.com

www.burmeseclassic.com

မိုးလင်းစ မနက်ခင်းတစ်ခုမှာ ချစ်တဲ့သူကို ပြန်ချော့ရတာဟာ အရသာတစ်ခုပါပဲ။

"ညာ ... ကိုယ်တို့ ဒီနေ့ ဗေဒင်သွားမေးမယ်လေ၊ ကိုယ် ဘယ်အချိန် လာခေါ်ရမလဲ"

တစ်ဖက်က ညှာခမျာ ဖုန်းကိုင်ထားရင်း အံ့သြသွားရသည်။ သူမနဲ့မတွေ့တဲ့ တစ်ရက်အတွင်း မိုးလ ဘာတွေပြောင်းလဲသွားပါလိမ့်။

နေ့လယ်ဘက် ရုံးကို မိုးလ လာခေါ်တော့ ...

"ရှင် ဘာလို့ ရုတ်တရက် သဘောထားတွေ ပြောင်းသွားရတာလဲ"

"ညာ့ကို ချစ်လို့ပေါ့"

မိုးလရဲ့အဖြေက ညှာအတွက် သိပ်ကိုပီတိဖြစ်စရာပါ။ သူမကိုချစ်လို့ သူမဆန္ဒကို လိုက်လျောတာတဲ့လေ။

ထိုနေ့က တကယ်ပဲ သူမတို့ ဗေဒင်သွားတွက်ဖြစ်ကြသည်။

ဗေဒင်ဆရာရွေးပေးတဲ့ရက်ကို ဟိုတယ်တွေမှာ လိုက်စုံစမ်းပြီး ဒိတ်ယူရသည်။ သူမစိတ်တွေ တကယ်ချမ်းမြေ့ရပါသည်။

မိုးလက အရာရာ သူမသဘော သူမဆန္ဒအတိုင်း ဦးစားပေးခဲ့သည်။

ညာဆိုတာကလည်း ကိုယ့်စိတ်ကြိုက် ဖြစ်ရမှဆိုတဲ့ အတ္တသမားလေ။ ထိုမင်္ဂလာကိစ္စတွေ စီစဉ်နေစဉ်မှာ ...

"မိုးလ ... ဒါလေး လုပ်လိုက်မယ်။ ဒီလိုလေးပဲ လုပ်ကြတာပေါ့။ ညာ ဒါကြိုက်တယ် ဒါပဲရွေးလိုက်မယ်"

စသဖြင့် မိုးလဆန္ဒကို မမေးဘဲ သူမစိတ်ကြိုက်တွေချည်းသာ စီစဉ်ပစ်သည်။ မေးဖို့ကို သတိတောင်မရ။ သူမ ဖြစ်ချင်တာတွေပဲ သိသူပါ။

မိုးလကလည်း ဘာအဆိုမှ တင်သွင်းခြင်းမပြု။

ဒီတော့ ပွဲစီစဉ်ချိန် တစ်လျှောက်လုံးမှာ သူမနှင့် မိုးလတို့ ဘာပြဿနာမှမတက်ဘဲ ငြိမ်းချမ်းနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် တစ်စတစ်စနှင့် မိုးလရဲ့အေးစက်မှုကို ညာ သတိထားမိလာသည်။

မီးဆိုသည်မှာ ရေခဲတုံးကို အရည်ဖျော်ပစ်နိုင်စွမ်း ရှိသလို ရေခဲရဲ့အေးစက်မှုဟာလည်း မီးဆီသို့ အနည်းနှင့်အများ တော့ သက်ရောက်စမြဲ မဟုတ်ပါလား။

အဲဒီနေ့က ...

"မိုးလ ... မိုးလ သူငယ်ချင်းတွေကို ဖိတ်ပြီးပြီလား"

"ပြီးပြီ ညာ"

"ဒီပါနဲ့ ဝေးကိုရော"

"သူတို့က တကူးတက ဖိတ်စရာမလိုပါဘူး၊ လူရင်းတွေပဲ"

"ဒီပါကတော့ ဟုတ်ပါတယ်။ ဝေးနဲ့ မိုးလရဲ့ခင်မင်တဲ့ သက်တမ်းကတော့ သိပ်မကြာပါဘူး"

"လူတစ်ယောက်နဲ့တစ်ယောက် ပတ်သက်ကြတာကို အချိန်နဲ့တိုင်းလို့ မရဘူးလေ ညာရယ်။ ကိုယ်နဲ့ ဝေးအကြောင်း ညာလည်း သိနေတာပဲ။ ဝေးက ညီမတစ်ယောက်လို ဖြစ်နေတာပါ။ ကဲပါ ... ညာက ဖိတ်သင့်တယ် ထင်ရင်လည်း ကိုယ်တို့အတူတူ သွားဖိတ်မယ်လေ"

"ဒိုက်ဦးဆေးရုံ အထိလား"

"ဒီပါကို အတူသွားဖိတ်မယ်။ ဝေးကိုတော့ ဖုန်းနဲ့ပဲ ဖိတ်ရမှာပေါ့။ ညာနဲ့ကိုယ် အတူဖုန်းဆက်ပြီး ဖိတ်လိုက်မယ်လေ"

"အင်းလေ ... ပြီးတာပဲ"

"ညာရယ် ... ညာက ကိုယ်နဲ့ဝေးကို သဝန်တိုနေတယ်ဆိုတာ ကိုယ် သိပါတယ်။ ဒါပေမဲ့ ကိုယ်က ညာ့ကိုပဲ ချစ်တာ။ အဲဒါကို ဝေးလည်း သိပါတယ် ညာရဲ့။ ကိုယ်တို့ အခုလို ပြေလည်တာတောင် ဝေးကြောင့်"

"ဘာ ... ဘာ ... ဘာရယ်"

"ဩော် ... ကိုယ်နဲ့ညာ ဗေဒင်တွက်ဖို့ကိစ္စနဲ့ ပြဿနာဖြစ်ကြတယ်မို့လား။ အဲဒီမှာ ဝေးကပြောတယ်။ မညာကို ချစ်တယ် မစွန့်လွှတ်နိုင်ဘူးဆိုရင် မညာနဲ့ ဒွန်တွဲပါလာမယ့် အရာတွေကိုပါ လက်ခံနိုင်ရမယ်တဲ့။ ကိုယ်လည်း သူပြောလို့ ပြန်တွေးမိတာ။ တော်သေးတယ်၊ မဟုတ်ရင် ကိုယ်တို့ချင်း နားလည်မှုလွဲပြီး ဝေးသွားနိုင်တယ်"

"ဒါဆို သူ ဖျောင်းဖျလို့ ရှင်က ညာ့နား ပြန်ရောက်လာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"အဲလိုလည်း မဟုတ်ဘူးလေ ညာ"

"တော် ... မိုးလ၊ အဲဒီ အိမ်ဝေးဆိုတဲ့ မိန်းမကို ညာသိပ်မုန်းတယ်။ အဲဒီလုပ်ရပ်ဟာ ညာ့ကို ဗီလိန်နေရာ တွန်းပို့ပြီး သူက နေရာကောင်း ယူသွားတာပဲ"

"မဟုတ်ဘူး ညာ၊ မင်း မှားနေပြီ"

"ဟုတ်တယ်၊ အခု ရှင့်ရင်ထဲမှာ သူကကောင်းပြီး ကျွန်မက နားလည်မှုမရှိဘူးလို့ ရှင် ခံစားနေရတယ်မို့လား၊ ဒါပဲလေ"

"မဟုတ်ဘူး၊ မင်းက နားလည်မှုမရှိတာ မဟုတ်ဘူး။ အတ္တတွေ သိပ်ကြီးနေတာ။ အဲဒီအတ္တကလည်း ငါနဲ့မှ မဟုတ်ဘူး။ တစ်သက်လုံး ဘယ်သူ့ပေါ်မဆို ကြီးလာခဲ့တာ။ မင်း ငါ့ကို ချစ်လား ညာ၊ ငါ့ကိုထားပါ။ သတ်ပုံကိုချစ်လား၊ သားလေးကို ချစ်လား။ ဒါပေမဲ့ မင်း ငါတို့တွေကို ချစ်တယ်ဆိုရင်တောင် အဲဒီအချစ်တွေက မင်းအတ္တကိုချစ်တဲ့အချစ်ကို မမီဘူး"

"မိုးလ"

ညာရဲ့မျက်နှာဟာ ပေါက်ကွဲကာနီး မျက်နှာပြင်တစ်ခုလို ကျွတ်ကျွတ်ရဲနေပြီ။

"တော်တော့ ... ရှင် တော်လိုက်တော့၊ အိမ်ဝေးကို ပြောတာနဲ့ ရှင် အဲလောက်နာမသွားနဲ့။ ပြီးတော့ မရှိတော့တဲ့ ကျွန်မသွေးသားတွေကိုလည်း ဆွဲမထည့်နဲ့။ ဟုတ်တယ်၊ ကျွန်မ အတ္တကြီးချင်ကြီးမယ်၊ ဒါပေမဲ့ ရှင်တို့နဲ့ပတ်သက်ပြီး ကျွန်မကြီးရတဲ့ အတ္တတွေက ကျွန်မဖို့မပါဘူး၊ ကျွန်မအတွက် မဟုတ်ဘူး ...

သတ်ပုံနဲ့ပတ်သက်ပြီး အတ္တကြီးရတာဟာ သတ်ပုံကောင်းစားဖို့ ...

သားနဲ့ပတ်သက်ပြီး အတ္တကြီးခဲ့တာလည်း သားအတွက်ပဲ ...

www.burmeseclassic.com

www.burmeseclassic.com

နေရဲ့ အလင်းရောင်ကို မဖြစ်မနေ လိုအပ်တာမှန်တယ်၊ ဒါပေမဲ့ နေက ကမ္ဘာတစ်ခုလုံးကို တစ်ပြိုင်နက် မလင်းပေးနိုင်သလို အလင်းခံ ကမ္ဘာတစ်ခြမ်းဟာလည်း ပူလောင်မှုကို ခံစားရတယ်"

"မခံနိုင်ရင် ရှင် သွားတော့လေ"

"ဖိတ်စာတွေ ဝေပြီးမှ ဒီစကား ပြောသင့်သလား ညာ"

"ဘယ်အခြေအနေဖြစ်ဖြစ် ကျွန်မ ဂရုမစိုက်ဘူး"

"ယုံပါတယ်၊ ဘယ်တော့မဆို မင်းက မင်းအတွက်ပဲ စဉ်းစားခဲ့တာ။ မင်းရဲ့စိတ်ခံစားချက်ကိုပဲ ဦးစားပေးခဲ့တာ။ မင်း ခံစားချက်ကို ကုသဖို့ ဘယ်သူရဲ့ဘဝကိုမဆို မင်း ချနင်းရဲတာ သိပါတယ်။ တစ်ခုပဲ ပြောတော့မယ် ညာ။ တစ်ခါလောက် နားလည်ပေးကြည့်စမ်းပါ"

ရှင်နဲ့ပတ်သက်လို့ရော ကျွန်မ ဘာတွေ ရှင်နှစ်နာအောင် လုပ်မိသလဲ ...

ရှင် လက်ညှိုးထိုးပြစမ်းပါ၊ ကျွန်မရဲ့အစီအစဉ်တွေထဲမှာ မကောင်းတာ ညံ့တာ ဘာများပါသလဲ ...

ကျွန်မအတွက်မှာ ကျွန်မ ရှင်တို့နှစ်နာအောင် ရည်ရွယ်သလား"

"ဟုတ်ပါတယ်၊ ညာရဲ့အတွက်မှာ စေတနာတွေ ပါပါတယ်။ ဒါပေမဲ့ ညာ နေနဲ့လကို မျက်နှာမူထားတာက ကမ္ဘာတစ်ခြမ်းစီပါ ညာ။ ကမ္ဘာတစ်ခြမ်းမှာ နေကြောင့် လင်းနေချိန်မှာ ကမ္ဘာတစ်ခြမ်းကတော့ မှောင်နေမှာပဲ ညာ။ အဲဒီအမှောင်ကို မမီမကမ်း အလင်းရောင်ပေးနေတာက လမင်းပါ ...

နေက်ပေးတဲ့ အလင်းရောင်ဟာ လုံလောက်ပေမယ့် တော်တော်လေး ပူလောင်တယ်။ လ,ကပေးတဲ့ အလင်းရောင်က မလုံလောက်ပေမယ့် သိပ်အေးမြတယ် ...

ညာနဲ့ သားရဲ့ကြားမှာ ကိုယ်တတ်နိုင်သလောက် လမင်း ဝင်လုပ်ပေးခဲ့သလို ညာနဲ့ကိုယ့်ကြားမှာလည်း ဝေးက လမင်း ဝင်လုပ်ပေးခဲ့တာပါ ...

www.burmeseclassic.com

www.burmeseclassic.com

"မင်း ... မှန်တယ် မိုးလ။ မင်း ဆုံးဖြတ်ခဲ့သမျှတွေထဲမှာ ဒီတစ်ခါ အမှန်ဆုံးပဲ။ မင်းရဲ့ညာက ဘယ်တော့မှ သူများဘက်ကို တွေးပေးတာ မဟုတ်ဘူး။ တစ်သက်လုံး အတူနေရင် မင်း စိတ်ဆင်းရဲရလိမ့်မယ်"

"ခုလည်း ငါ ဆုံးဖြတ်တာ မဟုတ်ပါဘူးကွာ။ သူ့ဘာသာ သတင်းစာထဲ ထည့်လိုက်တာ။ ဟူး ... ခက်တယ်ကွာ"

"မင်္ဂလာပွဲကို ကပ်ပြီးဖျက်ရဲတဲ့ သတ္တိကိုတော့ ချီးကျူးရမယ်"

"ဖျက်လောက်စရာ ပြဿနာလည်း မဟုတ်ဖါဘူးကွာ။ ညာက နားလည်ရခက်တယ်"

"နားလည်ရခက်တဲ့ မိန်းမကို တစ်သက်လုံးပေါင်းဖို့ မလွယ်ဘူး မိုးလ"

မိုးလ မျက်နှာက မှုန်မှိုင်းနေသည်၊ ညာ့ကို သူ ချစ်ခဲ့သည်။ ဒါပေမဲ့ ညာ့အကြောင်း မသိ။ ညာ့စိတ်ကို နားမလည်။

ညာ့ကို လက်ထပ်ခွင့်တောင်းပြီး ညာက သူ့အချစ်ကို လက်ခံကာ မင်္ဂလာကိစ္စတွေ စီစဉ်ကြတော့မှ ညာ့ကို အနီးကပ် လေ့လာမိတာပင်။

ညာသည် သူပိုင်သော သစ်ပင်တစ်ပင်ကို မြေဩဇာတွေသာ နှင်းကန်ဖို့ပြီး ရေလောင်းဖို့ သတိမရတဲ့သူပါ။ ထို့ထက် ပိုဆိုးတာက သူများရေလာလောင်းပေးတာကို လက်မခံချင်သူ။

www.burmeseclassic.com

www.burmeseclassic.com

ဦး ရန်ကုန်သွားဖို့ ဝင်းရတနာကားပေါ် ရောက်နေပြီ။ မနက်ဖြန် ကိုမိုးနဲ့ မညာတို့ရဲ့ မင်္ဂလာပွဲကို ဝေး တက်ရောက်ချီးမြှင့်ဖို့ပါ။

ရှိစုမဲ့စု ပိုက်ဆံလေးနဲ့ ဝယ်ထားသော လက်ဖွဲ့က လေးလည်း ပါလာသည်။

ကားပေါ်ဖတ်ဖို့ ယူလာတဲ့ သတင်းစာလေးကို ခြင်းထဲက ထုတ်လိုက်သည်။

ဝေးရဲ့ အကျင့်ဆိုးတစ်ခုက သတင်းစာဖတ်ရင် နောက်ဘက်က စဖတ်တာပင်။

"ဟင်"

လက်ထပ်ပွဲဖျက်သိမ်းကြောင်း သတင်းပါလား။ မညာဘက်က ထည့်ထားတာ။

ဘုရား ... ဘုရား ... ဘာတွေများ ဖြစ်ကုန်ကြတာလဲ။

ဝေးက သူတို့မင်္ဂလာပွဲတက်ဖို့တောင် ရန်ကုန်ထွက်လာပြီ။

သတင်းစာကတော့ မနေ့ကသတင်းစာပါ။ ဝေးက ဒီနေ့ ရန်ကုန်သွားမှာမို့ မနေ့ကသတင်းစာကို မဖတ်နိုင်အောင် အလုပ်ရှုပ်နေခဲ့တာကြောင့် ဒီသတင်းကို မသိတာ။

သွားလက်စနဲ့ မထူးတော့ပါဘူးလေ။ ဘာပြဿနာဖြစ်လဲ သိရအောင်။ ပြီးတော့ ဖြေရှင်းပေးလို့ ရရင်လည်း ဖြေရှင်းပေးရအောင် ရန်ကုန်ကို ဆက်ထွက်ခဲ့လိုက်သည်။ ကားကပဲ ပဲခူးနား ရောက်နေပြီလေ။

အောင်မင်္ဂလာကားဝင်းထဲ ရောက်တာနှင့် ကိုမိုးဖုန်းကို လှမ်းဆက်လိုက်သည်။ ဆက်၍မရ။ ဖုန်းပိတ်ထားသည်။ အိမ်ဖုန်းကိုလည်း ခေါ်မရ။

www.burmeseclassic.com

www.burmeseclassic.com

ကိုမိုးကို ခေါ်မရတာနှင့် မညာကို ခေါ်လိုက်သည်။ မညာရဲ့ဖုန်းကတော့ တစ်ခါပဲ ခေါ်လိုက်ရသည်။

"ဟဲလို"

"မညာ ... ဝေးပါ"

"ဩော်"

ဘစ်ဖက်က ညာ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲချင်သွားသည်။ ဝေးက အပြင် PCO ကခေါ်ပုံရသည်။ ညာမသိသော ဖုန်းနံပါတ်မို့ အလုပ်ကိစ္စဖြစ်နေမှာစိုးလို့ ကိုင်လိုက်မိတာ။ ဝေးဖုန်းမှန်းသိရင် မကိုင်ပါဘူး။

"ဟဲလို ... ဟဲလို ... မညာ"

"အင်း ... ပြောလေ"

"ဝေး သတင်းစာမှာ ဖတ်လိုက်ရလို့၊ ဘယ်လိုဖြစ်တာလဲ မညာရယ်"

"တို့ ကြော်ငြာတဲ့ထဲမှာ ခုစမ်းမေးမြန်းခြင်း သည်းခံပါလို့ မဖတ်ရဘူလား ဝေး"

"ရှင်"

"အခု တို့ အလုပ်ရှုပ်နေတယ်လေ။ အဲဒီကိစ္စအတွက် အချိန်မပေးနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး"

"ဩော် ... ဟုတ်ကဲ့ပါ မညာ"

ပေါက်ကွဲအားက တော်တော်ပြင်းထန်နေပုံပဲ။

www.burmeseclassic.com

www.burmeseclassic.com

ကိုဒို့ဆီကို ဖုန်းဆက်လိုက်တော့ ကိုဒီက သူ့ဆီကို လာဖို့ ခေါ်သည်။ ကိုဒို့ဆီမှာ ကိုမိုးကိုပါ တွေ့ရသည်။

"ဘယ်လိုဖြစ်တာလဲ ကိုမိုးရယ်၊ ဝေးက အခု ကိုမိုးတို့ မင်္ဂလာပွဲကိုတက်ဖို့ ရန်ကုန် ဆင်းလာတာ"

"ဒီလိုပါပဲဟာ၊ ငါလည်း ပြန်မပြောချင်ဘူး။ တစ်ခုပဲပြောတော့မယ်။ ငါနဲ့ သူကြားမှာဖြစ်ခဲ့တဲ့ ကိစ္စက မင်္ဂလာပွဲ ဖျက်ရလောက်တဲ့ကိစ္စ မဟုတ်ဘူး ဆိုတာပဲ။ သူက နားလည်မှုမရှိဘူး။ ငါ ဂိတ်ဆုံးအထိ သည်းခံခဲ့ပြီးပြီ၊ မရဘူးဟာ။ ခုလည်း သူ့ဘာသာဖျက်တာ"

"ကိုမိုးရယ် ... ဝေး မည္ဘာကို သွားပြောကြည့်ပေးရမလားဟင်"

"မရပါဘူးဟာ။ နေပါစေတော့။ ခုလည်း သူ့ဘက်က စဖျက်တာ။ ငါ့မှာ အပြစ်မရှိဘူး"

"ကိုမိုး ခံစားရမှာပေါ့"

"ဝေးဝေး ညည်းက မိုးလ ခံစားရမှာကို ဘာလို့ စိုးရိမ်နေတာလဲ"

"ဒီပါ"

"ကိုဒီရယ် ... ကိုမိုး ဆိုတာက ဝေးရဲ့ အစ်ကိုပဲလေ။ ဝေးက ဘယ်သူ့ကိုမဆို အဆင်ပြေစေချင်တာပါ"

"ဝေး"

"ရှင်"

"ဒီပါ့ကို သက်သေထားပြီး ကိုယ် ဝေးကို ပြောစရာရှိတယ်"

ဝေး ရင်ခုန်သွားသည်။ ဘာကြောင့် ဝေး ရင်ခုန်ရတာပါလိမ့်။

ကိုမိုး ချိုလိုက်သည့် စကားနိဒါန်းက တစ်ခုခုကို ဦးတည်နေသလိုလို။

www.burmeseclassic.com

www.burmeseclassic.com

ဒီပါကလည်း မိုးလကို ကြည့်နေသည်။

"ကိုယ် ဝေးကို လက်ထပ်ပါရစေ"

"ရှင်"

"မိုးလ"

"ကိုယ် ဒီအချိန်မှာ ဒီစကားပြောလို့ ဝေး အံ့သြချင်အံ့သြမယ်။ မပြောသင့်ဘူးလို့ ထင်ချင်လည်း ထင်လိမ့်မယ်။ ဒါပေမဲ့ ကိုယ် ဝေးကို လက်ထပ်ချင်တယ်။ ဝေး ခွင့်ပြုလက်ခံမယ်ဆိုရင် အမြန်ဆုံး စီစဉ်ချင်တယ်"

"ကိုမိုး ... အေးအေးဆေးဆေး စဉ်းစားပါ ကိုမိုးရယ်။ ဆုံးဖြတ်ချက်ကို အလောတကြီးချရင် မှားတတ်တယ်"

"ကိုယ် စဉ်းစားပြီးမှ ပြောတာပါ ဝေး။ ကိုယ်နဲ့ ညှာဟာ အယူအဆမတူတဲ့ အစွန်းနှစ်ဖက်မှာ ရပ်နေကြတာပါ။ သူက ကိုယ့်ဆီလှမ်းလာလို့ မရသလို ကိုယ်လည်း သူ့ဆီကူးသွားလို့ မရဘူး၊ ကိုယ်တို့ကြားမှာ သူ့ရဲ့အတ္တတွေက ခြောက်ကမ်းပါးတစ်ခုလို ကာဆီးထားလို့ပဲ ဝေး"

"ဒါပေမဲ့ ကိုမိုး မညှာကို ချစ်တယ်မို့လား"

"ကိုယ် ဝန်ခံတယ် ဝေး။ ခုထိ ကိုယ် သူ့ကိုချစ်နေတုန်းပဲ။ ဒါပေမဲ့ ခုချိန်မှာ ချစ်တာထက် သူ့ကိုကြောက်တာက ပိုတယ်။ ကိုယ် ဆက်မချစ်ရဲအောင် ကြောက်တယ်။ ကိုယ် ဝေးကို အခုမချစ်နိုင်သေးပေမယ့်၊ ကိုယ် ဝေးကို ချစ်ရဲမှာပါ။ ချစ်လာနိုင်အောင် ကိုယ်ကြိုးစားပါရစေ ဝေး။ ဝေး ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ"

ဝေးက မျက်ရည်အဝဲသားနှင့်။ ဒီပါက ဝမ်းသာအားရပင် ...

"ငါ သဘောတူတယ်ကွ။ ဝေးနဲ့ မိုးလ ... မင်းတို့နှစ်ယောက်ထက် ပိုလိုက်ဖက်တဲ့သူ မရှိနိုင်ဘူး။ ပြီးတော့ ဝေးအပေါ် မိုးလလောက် နားလည်ပေးနိုင်တဲ့သူ မရှိနိုင်သလို မိုးလအပေါ် နားအလည်ပေးနိုင်ဆုံးကလည်း ဝေးပဲ"

မိုးလက မျှော်လင့်ခြင်းဖြင့် ဝေးကို ကြည့်နေသည်။ ဝေးက ...

"ဝေး ... မညှာပေါ် တရားရဲ့လားဟင်"

မိုးလ မျက်နှာပေါ်မှာ အပြုံးတွေ လက်သွားစ၏။ ဝေးရဲ့ကြည်နူးမျက်ရည်တွေက မိုးလရဲ့ ရင်ဘတ်ကို စိုစွတ်စေသည်။

www.burmeseclassic.com

www.burmeseclassic.com

အတ္တဖြင့် ချစ်ခြင်း = ကြောက်ရွံ့ခြင်းဖြင့် ချစ်ခြင်း

အထက်ပါ ညီမျှခြင်းတစ်ဖက်တစ်ချက်ဆီမှ ချစ်ခြင်းကို ဘုံအားဖြင့် ဖယ်ထုတ်လိုက်သောအခါ ...

အတ္တ = ကြောက်ရွံ့ခြင်း

ညီမျှခြင်းရဲ့တစ်ဖက်စီမှာ အတ္တတွေ ကြောက်ရွံ့ခြင်းတွေ ရှိနေကြသတဲ့။

ထိုအတ္တနှင့် ထိုကြောက်ရွံ့ခြင်းသည် ထပ်တူမကျနိုင်သောအခါ ...

အတ္တ ≠ ကြောက်ရွံ့ခြင်း

မြဿက်ညာ ≠ မိုးလ

ဒီပါက အပြုံးဖြင့် မျက်ရည်လွှဲသွားလေရဲ့။

"အချစ်ဆိုသည်မှာ အတ္တဖြင့် သိပ်ပိုက်၍ မရသောအရာဖြစ်ကြောင်း"

www.burmeseclassic.com

www.burmeseclassic.com

မွေးမြူလန်းဆန်း ဘဝပန်းကို

ထာဝရ ပန်ဆင်နိုင်ကြပါစေ

ရွှန်းရုပ်ဝိုး

ဝေပန်ဓာ၊ ဘကြံပေးဓာနှင့် မြတ်ဆက်ဓာများပေးပို့ကြပါကျွင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဒေယျဝတီလမ်း(ဖဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com